# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ နယုန်လဆန်း (၃) ရက် ၊ တနင်္ဂနွေနေ့ ၊ (21-5-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၀၂၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။


၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# သဘာဝဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေး စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲ ကျင်းပပြုလုပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ စေတနာရှင်၊ အလှူရှင်များက သဘာဝဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

**နေပြည်တော် မေ ၂၀**

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း **(Severe Cyclonic Storm)** "မိုခါ"**(MOCHA)** ဝင်ရောက်မှုကြောင့် သဘာဝဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေး အလှူငွေများပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးခင်မောင်ရီ၊ ဦးမင်းနောင်နှင့်ဦးမျိုးသန့်၊ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊

**စာမျက်နှာ ၁၆ ကော်လံ ၁ ☞**




ရတနာပုံ
၂၀၂၃ ခုနှစ် မေ ၂၁ ရက်
အယ်ဒီတာ့အာဘော်

# ပညာဆီမီး အလင်းညှိချိန်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဦးတည်ချက် (၁၂)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေးဟူသည့် လူမှုရေးဦးတည်ချက်တစ်ရပ်ကို ထည့်သွင်းချမှတ်အကောင်အထည်ဖော်လျက်ရှိပြီး နိုင်ငံတော်၏လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးအတွက် အထူးအလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပြည်သူတစ်ယောက်ချင်း၏အရည်အချင်းမြင့်မားနေရန် ပညာတတ်မြောက်ခြင်းသည် အခြေခံကျပါသည်။ **"လူပုဂ္ဂိုလ်တစ်ဦး၊ အောင်မြင်တိုးတက်ဖို့ဆိုတာ အသိပညာ၊ အတတ်ပညာ ကြွယ်ဝမှုပေါ်မှာတည်ပါတယ်။ ဒါဟာ လူတိုင်းအတွက် "ပညာ" တတ်မြောက်မှုလိုအပ်တယ်ဆိုတာဖော်ပြတာပါ။ ဒါကြောင့် ကျောင်းနေအရွယ်တိုင်း၊ အတန်းပညာမြင့်မားရေးကို အမျိုးသားရေးစိတ်ဓာတ်နဲ့ဆောင်ရွက်ကြခြင်းဖြင့် တိုင်းပြည်သာယာဝပြောမှု အကျိုးရလဒ်ကိုရရှိစေပါလိမ့်မယ်"** ဟူ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၁၃၈၅ ခုနှစ် မြန်မာနှစ်သစ်ကူးနှုတ်ခွန်းဆက်မင်္ဂလာစကားတွင် ပညာ၏အရေးကြီးမှုကို ထည့်သွင်းပြောကြားခဲ့သည်။

အသိပညာဖွံ့ဖြိုးရန် အတန်းပညာက အခြေခံကျသည်။ အနာဂတ်၏ ခေါင်းဆောင်များဖြစ်လာကြမည့် မျိုးဆက်သစ်လူငယ်များ၏ပညာရည်မြင့်မားရေးကိုဆောင်ရွက်ရာတွင် အခြေခံပညာရေးသည် များစွာအဓိကကျပါသည်။ အခြေခံပညာသင်ကြားကြမည့် ကျောင်းသားလူငယ်များ ပညာရင်နို့အပြည့်အဝသောက်စို့နိုင်ရန် နိုင်ငံတော်က ပညာသင်အရွယ်တိုင်း KG + 9 အဆင့်အနည်းဆုံးပြီးစီးသူဖြစ်ရန် စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံ၏ ပညာရေးကဏ္ဍတိုးတက်အောင် ဆောင်ရွက်ရာတွင် ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍသည်လည်း လွန်စွာအရေးကြီးပါသည်။ ဆရာ၊ ဆရာမများသည် စာသင်ကြားပေးခြင်းအပြင် လက်တွေ့ဘဝတွင်အသုံးကျမည့် အတွေးအမြင်၊ လူမှုကျင့်ဝတ်၊ စည်းကမ်း၊ စိတ်ဓာတ် အစရှိသည့် ကျောင်းသား၊ကျောင်းသူတို့၏ စိတ်ဓာတ်ရေးရာကိုပါ ပြုပြင်သင်ကြားပေးရပါမည်။ နိုင်ငံတစ်နိုင်ငံတိုးတက်မြင့်မားရေးအတွက် ပညာရေးစနစ်ကောင်းမွန်ရန်အထူးလိုအပ်သည်ဖြစ်ရာ နိုင်ငံ၏ အနာဂတ်ခေါင်းဆောင် မျိုးဆက်သစ်ကျောင်းသားလူငယ်များ၏ ပညာရေးအခြေခံကောင်းအောင် ပုံဖော်ထုဆစ်ကြမည့် ဆရာကောင်းများနှင့်ထိတွေ့သော ကျောင်းသားလူငယ်များသည် ဗလငါးတန်နှင့်ပြည့်စုံသောနိုင်ငံ့မျိုးဆက်သစ်လူငယ်ကလေးများဖြစ်လာမည်မှာ မလွဲကေန်ဖြစ်ပါသည်။

ပညာပြည့်ဝ နှလုံးလှသော လူတော်လူကောင်းကလေးများအတွက် ပျော်မဆုံး မော်မဆုံးဂုဏ်ယူမဆုံးဖြစ်နေရသူမှာ မိဘများပင်ဖြစ်ပါသည်။ ထို့ကြောင့် မိဘများအပိုင်းက မိမိတို့၏ရင်သွေးရတနာများကို ပညာဆီမီး အလင်းညှိချိန်ဖြစ်သည့် ကျောင်းအပ်နှံရေးသီတင်းပတ်တွင် ကျောင်းအပ်နှံ၍ ကျောင်းသို့ရောက်အောင် ပို့ဆောင်ကြရပါမည်။

ယနေ့အချိန်တွင် ပညာမဲ့လူရမ်းကားအကြမ်းဖက်သမားများက နိုင်ငံ၏ပညာရေးကိုနည်းအမျိုးမျိုးဖြင့် ဖျက်ဆီး၊ တားဆီး၊ ခြိမ်းခြောက်၍ မိုက်မဲယုတ်ကမ်းလျက်ရှိပါသည်။ နိုင်ငံတိုးတက်မြင့်မားလာစေရန် ပညာရေးသည် အဓိကကျလှသဖြင့် မိမိနိုင်ငံ၊ မိမိတိုင်းပြည်ကို ပညာနှင့်တည်ဆောက်ကြရပါမည်။ တိုင်းပြည်အတွက် သားကောင်းရတနာများပေါ်ထွက်စေရန်၊ ကျောင်းသား၊ ကျောင်းသူတိုင်း ပညာသင်ယူခွင့်မဆုံးရှုံးစေရန် မိဘ၊ ဆရာများသာမက တာဝန်ရှိသူအားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး မေ ၂၀**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေဠုဝန်ကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၂၃၉၉၂၁ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"မန္တလေးတောင်တော်ကို ကား၊ ဆိုင်ကယ်တွေနဲ့တစ်မျိုး၊ စောင်းတန်းတွေကတစ်ဖုံ တက်ရောက်ဖူးမြော်သူတွေ များပြားပါတယ်။ အနယ်နယ်အရပ်ရပ်က လာရောက်ဖူးမြော်တာကို တွေ့ရပါတယ်။ ရဟန်းသံဃာတွေနဲ့ သက်ကြီးရွယ်အိုတွေအတွက် ဓာတ်လှေကား၊ စက်လှေကားတွေ စီစဉ်ထားပါတယ်။ စားသောက်ဆိုင်တွေနဲ့ အမှတ်တရပစ္စည်းအရောင်းဆိုင်တွေလဲ ဖွင့်လှစ်ရောင်းချနေပါတယ်။ လာရောက် ဖူးမြော်သူတွေကလဲ အိမ်ပြန်လက်ဆောင်အဖြစ်ဝယ်ယူကြတာကြောင့် စည်ကားနေပါတယ်။ အမှတ်တရဓာတ်ပုံတွေ ရိုက်ကြတာကိုလဲတွေ့ရပါတယ်"ဟု မန္တလေးတောင်တော် ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၆၇၃ ဦး လာရောက် ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ ညနေထိ ဘုရားဖူး ၂၃၇၆၃၃ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများ အနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းကပြောပြသည်။

ထို့အတူ ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၁၆၁၅ ဦး လာရောက်ဖူးမြော်ကြောင်း ဝေဠုဝန်ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။ (၁၈၅)

# ဧရာဝတီမြစ်အတွင်း မတ္တရာမြို့နယ် မြေစွန်းကျေးရွာအနီးတွင် ဧရာဝတီလင်းပိုင်များ ပြောင်းရွှေ့နေထိုင်ကျက်စားလျက်ရှိ

**မန္တလေး မေ ၂၀**

ဧရာဝတီမြစ်အတွင်း မတ္တရာမြို့နယ် မြေစွန်းကျေးရွာအနီးတွင် မေ ၁၉ ရက်မှစ၍ ဧရာဝတီလင်းပိုင်များ ပြောင်းရွှေ့နေထိုင်ကျက်စားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ယခုလက်ရှိ ဧရာဝတီမြစ်ရေများချိန်ကာလတွင် ဧရာဝတီလင်းပိုင်များ နေရာပြောင်း၍ အုပ်စုလိုက် နေထိုင်ကျက်စားလျက်ရှိကြောင်း၊ ယခင်က ဧရာဝတီလင်းပိုင်များအနေဖြင့် ဝက်လက်မြို့နယ် အင်ဒေါင်းကျေးရွာအနီးတွင် အုပ်စုလိုက်နေထိုင်ကျက်စားလျက်ရှိရာ ယခုလက်ရှိ မြစ်ရေများချိန်ကာလ မေ ၁၉ ရက်မှစ၍ မတ္တရာမြို့နယ် မြေစွန်းကျေးရွာအနီးတွင် ပြောင်းရွှေ့နေထိုင် ကျက်စားလျက်ရှိကြောင်း သိရသည်။

"ဧရာဝတီမြစ်ရေက တဖြည်းဖြည်း တက်လာတာကြောင့် မြစ်အတွင်း လင်းပိုင်ထိန်းသိမ်းရေးဇရိယာဖြစ်တဲ့ မန္တလေးကနေ ကျောက်မြောင်းကြားမှာ နေထိုင်ကျက်စားနေတဲ့ ဧရာဝတီလင်းပိုင်တွေအနေနဲ့ အစာပေါများတဲ့ မတ္တရာမြို့နယ်အတွင်းက မြေစွန်းကျေးရွာအနီးမှာ အုပ်စုလိုက် ပြောင်းရွှေ့နေထိုင်ကျက်စားနေကြတာကို ဒေသခံရေလုပ်သားတွေ မေ ၁၉ ရက်က တွေ့မြင်ခဲ့ပါတယ်"ဟု ဦးမောင်မောင်လေးက ပြောပြသည်။

မတ္တရာမြို့နယ် မြေစွန်းကျေးရွာအနီးတွင် ဧရာဝတီလင်းပိုင် ၁၇ ကောင်ကျော်နေထိုင်ကျက်စားလျက်ရှိကြောင်း၊ ဧရာဝတီလင်းပိုင်များကို ကြည့်ရှုချင်သည့် ခရီးသွားဧည့်သည်များအနေဖြင့် မတ္တရာမြို့နယ် မြေစွန်းကျေးရွာတွင် သွားရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

မန္တလေးမှ ကချင်ပြည်နယ် ဗန်းမော်ထိ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၀ ရက်မှ ၂၀ ရက်ထိ ဧရာဝတီလင်းပိုင်သုတေသနစစ်တမ်းကောက်ရာတွင် စုစုပေါင်း ၇၉ ကောင်ကို သုတေသနပြုနိုင်ခဲ့ကြောင်း ဦးမောင်မောင်လေးက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေးဈေးကွက်တွင် ပဲလွမ်းပြာအရောင်းအဝယ်ကောင်းမွန်လာ၍ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၀၀၀၀ ထိပေါက်ဈေးရှိလာ

**မန္တလေး မေ ၂၀**

မန္တလေးဈေးကွက်တွင် ပဲလွမ်းပြာအရောင်းအဝယ်ကောင်းမွန်လာ၍ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၀၀၀၀ ထိပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံမှထွက်ရှိသည့် ပဲလွမ်းပြာကို ယခုလက်ရှိတွင် တရုတ်နိုင်ငံဘက်က ပြန်လည်ဝယ်ယူမှုများရှိလာကြောင်း၊ ယခင်က ပဲလွမ်းပြာများ မန္တလေးဈေးကွက်အတွင်း၌ အရောင်းအဝယ်အေးနေခဲ့ပြီး ယခုလက်ရှိတွင် ပြည်တွင်း၌ ပဲလွမ်းပြာ အရောင်းအဝယ် ပြန်လည်ကောင်းမွန်လာသဖြင့် ဈေးကောင်းရရှိနေကြောင်း သိရသည်။

"အခုလက်ရှိမှာ ပဲလွမ်းပြာတွေကို ပြည်ပကော ပြည်တွင်းကပါ ဝယ်ယူမှု ပြန်များလာပြီး အရောင်းအဝယ်က အရင်ကထက်ပိုပြီး ကောင်းလာတာကြောင့် ဈေးကောင်းပြန်ရလာပါတယ်။ အခုလောလောဆယ် တရုတ်နိုင်ငံဘက်ကလဲ အဝယ်ပြန်များလာတယ်။ အရင်က တရုတ်ဘက်ကလဲ အဝယ်မရှိတာကြောင့် အရောင်းအဝယ်အေးနေခဲ့ပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် မေလပထမပတ်အတွင်းက ပဲလွမ်းပြာဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ယနေ့ပေါက်ဈေးအရ ပဲလွမ်းပြာဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၀၀၀၀ ထိပေါက်ဈေးရှိခဲ့ပြီး ဈေးကောင်းပြန်လည်ရရှိလာကြောင်း သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုင်းတုံခရိုင်၌ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းဖွင့်

**မိုင်းတုံ မေ ၂၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝန်ထမ်းများ စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာတွင် အဆင်ပြေလွယ်ကူစေပြီး စွမ်းဆောင်ရည်မြှင့်မားစေရန် ရည်ရွယ်၍ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းဖွင့်ပွဲကို မေ ၁၉ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရေးဦးစွာ မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်က သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းက သင်ကြားပို့ချပေးသည့် ငွေစာရင်းပုံစံများ ရေးသွင်းနည်း၊ စီမံကိန်းဆိုင်ရာ ငွေစာရင်းဖြည့်သွင်းနည်း သင်ခန်းစာများကို သေချာလေ့လာသင်ယူပြီး ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများနှင့် လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိအောင် ပြန်လည်အသုံးချဆောင်ရွက်ရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြဆရာများက သင်တန်းတွင် ပို့ချမည့် သင်ခန်းစာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများနှင့် စီမံကိန်းလက်စွဲစာအုပ်များကို သင်တန်းသား၊ သင်တန်းသူများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါသင်တန်းသို့ မိုင်းတုံခရိုင်၊ မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သင်တန်းသား၊ သင်တန်းသူ ၁၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြများက ဘဏ္ဍာရေးဆိုင်ရာ အခြေခံအချက်များ၊ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများ၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်းစည်းကမ်းများ၊ ငွေစာရင်းပုံစံရေးသွင်းနည်းများနှင့် ပတ်သက်သည့် သင်ခန်းစာများကို မေ ၁၉ ရက်မှ ၂၃ ရက်ထိ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်က ပြောပြ၍ သိရသည်။

**မောင်ရိုင်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စိတ္တဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ဧည်သူ(၉၉) မိသားစုက ၂၅ နှစ်မြောက် ငွေရတုနှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ဆွမ်းအလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းက လက်ခံရယူစဉ်။

# လပွတ္တာမြို့နယ်မှ ရန်ကုန်မြို့သို့ တစ်ရက်လျှင် မွေးမြူရေးငါးတန် ပိဿာချိန် ၅၀၀၀ ထိ တင်ပို့ရောင်းချနေရ



**လပွတ္တာ မေ ၂၀**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်မြို့သို့ တစ်ရက်လျှင် မွေးမြူရေးငါးတန် ပိဿာချိန် ၅၀၀၀ ထိ တင်ပို့ရောင်းချနေရကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်ချောစုက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင်များသည် ဒေသမှ ငါးတန်များကိုဝယ်ယူပြီး စနစ်တကျသန့်စင်ကာ သေတ္တာများဖြင့်ထည့်၍ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးတန်များကို ယခုနှစ် မေ ၁ ရက်မှ ယနေ့ထိ တစ်ရက်လျှင် ငါးတန်ပိဿာချိန် ၅၀၀၀ ထိ တင်ပို့ရောင်းချနေရကြောင်း သိရသည်။

"အရင်က ပုသိမ်ဈေးကွက်ကိုပဲ ကုန်ချိန်များများတင်ပို့ရောင်းချခဲ့ရတာ။ လက်ရှိ ရန်ကုန်ဘက်က ရောင်းချတာရှိပေမဲ့ နေ့တိုင်းတင်ပို့ရောင်းချတာနည်းပါတယ်။ အခု ရန်ကုန်ဘက်ကနေ အဝယ်လိုက်နေတာကြောင့် ရန်ကုန်ဘက်ကို ကုန်ချိန်အများအပြား တင်ပို့ရောင်းချနေရတယ်။ လတ်ဆတ်မှုရှိတဲ့ငါးကို ရန်ကုန်ဘက်ကို တင်ပို့ရောင်းချပါတယ်။ ဒါကြောင့် နေ့စဉ် ငါးတန်ပိဿာချိန် ၅၀၀၀ ထိတင်ပို့ရောင်းချနေရတာပါ။ ဒီလို တင်ပို့ရောင်းချနေရတာကြောင့် ရေလုပ်သားတွေလဲ အလုပ်အကိုင်ရရှိလာပါတယ်။ လာမဲ့ ဇွန်လလောက်မှာ အခုထက် ကုန်ချိန်တွေ ပိုမိုတင်ပို့ရလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ လက်ရှိ တင်ပို့နေရတဲ့ ငါးတန်ဈေးကလဲ ငွေကျပ် ၅၀၀ လောက်ထိ ဈေးတက်လာပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်ချောစုက ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ငါးတန်သီးသန့်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၉၃ ဦးရှိပြီး ဒေသမှထွက်ရှိလာသည့် ငါးတန်များကို ပုသိမ်မြို့နှင့် ရန်ကုန်မြို့သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးတန်ပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၇၅၀၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ ပြီးခဲ့သည့်ဧပြီလက ငါးတန်ပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၆၅၀၀၀၀ ထိသာ ဈေးရရှိခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# စဥ့်ကူးမြို့နယ် ခမ်းပါးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဥ့်ကူး မေ ၂၀**

မန္တလေးတိုင်းဒေသကြီး စဥ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ခမ်းပါးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို မေ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဥ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ ခမ်းပါးကျေးရွာ၌ စီမံကိန်းစာရင်းဇယားများ ဖြည့်သွင်းထားရှိမှုအခြေအနေများနှင့် စီမံကိန်းပံ့ပိုးရန်ပုံငွေဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများနှင့် ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ခမ်းပါးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ သတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၉၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၃၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူငါးဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၅၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သိန်း ၄၄၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းက ပြောပြ၍ သိရသည်။

**ချစ်ဦးကို**

# ကြို့ပင်ကောက်မြို့နယ် လက်ပံပင်စုကျေးရွာ၌ ကျေးရွာတွင်းမြေနီလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ကြို့ပင်ကောက် မေ ၂၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးကိစ္စရပ်များအတွက် သွားလာမှုလွယ်ကူစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် လက်ပံပင်စုကျေးရွာ၌ ကျေးရွာတွင်းမြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးလွင်နှင့်ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ လက်ပံပင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်း မြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူများအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ကြို့ပင်ကောက်မြို့နယ် လက်ပံပင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၈၅ သိန်းဖြင့် လမ်းအရှည်ပေ ၂၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းမြေနီလမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက နည်းပညာကူညီကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဧပြီ ၂၉ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကျေးရွာတွင်းမြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကြောင့် လက်ပံပင်စုကျေးရွာရှိ အိမ်ခြေ ၁၉၁ အိမ်၊ လူ ၇၆၁ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအေးလွင်က ပြောပြ၍ သိရသည်။

**ကိုနိုင်**



# လုပ်ငန်းအတွင်း သုံးသပ်တည်ဆောက်ခြင်း

မျိုးသူ(ကုန်သွယ်မြှင့်)

❖ လုပ်ငန်းကိုခိုင်မာစေရေးမှာ မိမိလုပ်ငန်း၏ ဖွဲ့စည်းပုံအခြေအနေသည် အလွန်အရေးပါသည်။ ဖွဲ့စည်းထားသည့်လုပ်ငန်း ခိုင်မာသည်နှင့်အမျှ အောင်မြင်အောင်ဆောင်ရွက်ရန်မခဲယဉ်းတတ်ပါ။ ထို့ကြောင့် လူသားအရင်းအမြစ်များနှင့် လုပ်ငန်းတွင်ပါဝင်သောပစ္စည်းများကို လိုက်လျောညီထွေ ဖွဲ့စည်းတည်ဆောက်ထားရန်လိုအပ်သည်။ ဤနေရာတွင် လူသားအရင်းအမြစ်များဖြစ်သော မန်နေဂျာများ၊ ဝန်ထမ်းများနှင့်လုပ်သားများကို လူမှန်၊ နေရာမှန်ဖြစ်အောင် ဖွဲ့စည်းနိုင်ရန်လိုအပ်သည်။ ဖွဲ့စည်းထားသော လူသားအရင်းအမြစ်များကို လူမှန်၊ နေရာမှန် ရှိ၊ မရှိလည်း ပြန်လည်သုံးသပ်ရန်လိုအပ်သည်။ ❖

လုပ်ငန်းအသစ်တစ်ခု ထူထောင်ထားပြီးနောက် ကုန်ပစ္စည်းထုတ်လုပ်သည်ဖြစ်စေ၊ ရောင်းဝယ်သည်ဖြစ်စေ၊ ဝန်ဆောင်မှုလုပ်သည်ဖြစ်စေ လုပ်ငန်းသည် ခိုင်မာရန်နှင့် အောင်မြင်မှု၊ ဆုံးရှုံးမှုများကို အမြဲစိစစ်နေရန်လိုအပ်သည်။ လုပ်ငန်း၏ အခြေခံများအားလုံး ခိုင်မာရန်၊ အားကောင်းရန်လိုအပ်သည်သာဖြစ်သည်။ လုပ်ငန်း၏ အားသာချက်၊ အားနည်းချက်များကိုလည်း မှန်မှန်ကန်ကန်သုံးသပ်နိုင်ရန်လိုအပ်သည်။ မိမိလုပ်ငန်းကို မိမိဘာသာသုံးသပ်သည့်အခါတွင် အားသာချက်များကို ပိုမိုခန့်မှန်းခြင်းနှင့် အားနည်းချက်များကို လျှော့၍ခန့်မှန်းခြင်းများပြုလုပ်မိတတ်သည်။ ထို့ကြောင့် လုပ်ငန်း၏ အားသာချက်၊ အားနည်းချက်များကိုသုံးသပ်ရန်အတွက် စံချိန်တစ်ခုနှင့် လက်နက်ကိရိယာတစ်ခုရှိထားသင့်သည်ဟုယူဆသည်။ လက်နက်ကိရိယာတစ်ခုအဖြစ် Mckinsey's 7 Ss model ဟူသောအချက်ခုနစ်ချက်ဖြင့် သုံးသပ်ကြည့်နိုင်ပါသည်။

**မဟာဗျူဟာဟူသော Strategy**

မဟာဗျူဟာဆိုသည်မှာ လုပ်ငန်း၏ အနာဂတ်မျှော်မှန်းချက်အောင်မြင်စေရန်အတွက် ချမှတ်သောလုပ်ငန်းစဉ်များဖြစ်သည်။ အနာဂတ်မျှော်မှန်းချက်မှာ ကာလအားဖြင့် အတန်ငယ်ဝေးသောအချိန်သို့ ကြိုတင်မျှော်မှန်းထားခြင်းဖြစ်၍ မဟာဗျူဟာ (Strategy) ရေးဆွဲသည့်အခါတွင် စနစ်တကျနှင့် အချက်အလက်စုံအောင်လေ့လာသုံးသပ်ပြီးမှ ရေးဆွဲရသည်။ ပုံမှန်အားဖြင့် ရေးဆွဲသည့်အခါတွင် ဦးစွာကုမ္ပဏီ၏ အားသာချက်၊ အားနည်းချက်များအပေါ် အခြေခံပြီး အားသာချက်များကို ပိုမိုခိုင်မာကောင်းမွန်အောင် ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ရေးဆွဲချမှတ်ခြင်း၊ အားနည်းချက်များကို အားသာချက်များဖြစ်လာစေရန် ပြုပြင်တည်ဆောက်မည့်နည်းလမ်းများကို ရေးဆွဲချမှတ်ခြင်းပင်ဖြစ်သည်။

ထိုသို့ လုပ်ငန်း၏မဟာဗျူဟာဟူသော စီမံချက်များရေးဆွဲသည့်အခါ လုပ်ငန်းအတွင်းထဲ တစ်ခုတည်းကိုသာကြည့်၍ ရေးဆွဲခြင်းမျိုးမဖြစ်ရဘဲ သက်ဆိုင်ရာအစိုးရ၏ မူဝါဒများ၊ အစိုးရ၏ မဟာဗျူဟာရည်မှန်းချက်များ၊ နိုင်ငံ၏စီးပွားရေးဆိုင်ရာကိစ္စများ၊ ရွှေ့စီမံကိန်းများ၊ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအချက်များ၊ နည်းပညာပြောင်းလဲမှုများ၊ လူမှုရေးဆိုင်ရာအချက်များ၊ ဓလေ့ထုံးတမ်းဆိုင်ရာအချက်များကိုပါ လေ့လာပြီး ထည့်သွင်းတွက်ချက်၍ မဟာဗျူဟာရေးဆွဲနိုင်ရမည်ဖြစ်သည်။ အထူးသဖြင့် မဟာဗျူဟာသည် မိမိလုပ်ငန်း၏ပြိုင်ဘက်များထက် နောက်ကျမသွားစေရေး၊ ယှဉ်ပြိုင်နိုင်ရေးကို အဓိကထည့်သွင်းရေးဆွဲရမည်ဖြစ်သည်။

**ဖွဲ့စည်းပုံဟူသော Structure**

လုပ်ငန်းကိုခိုင်မာစေရေးမှာ မိမိလုပ်ငန်း၏ ဖွဲ့စည်းပုံအခြေအနေသည် အလွန်အရေးပါသည်။ ဖွဲ့စည်းထားသည့်လုပ်ငန်း ခိုင်မာသည်နှင့်အမျှ အောင်မြင်အောင်ဆောင်ရွက်ရန် မခဲယဉ်းတတ်ပါ။ ထို့ကြောင့် လူသားအရင်းအမြစ်များနှင့် လုပ်ငန်းတွင်ပါဝင်သောပစ္စည်းများကို လိုက်လျောညီထွေဖွဲ့စည်းတည်ဆောက်ထားရန် လိုအပ်သည်။ ဤနေရာတွင် လူသားအရင်းအမြစ်များဖြစ်သော မန်နေဂျာများ၊ ဝန်ထမ်းများနှင့် လုပ်သားများကို လူမှန်၊ နေရာမှန်ဖြစ်အောင်ဖွဲ့စည်းနိုင်ရန်လိုအပ်သည်။ ဖွဲ့စည်းထားသောလူသားအရင်းအမြစ်များကို လူမှန်၊ နေရာမှန် ရှိ၊ မရှိလည်းပြန်လည်သုံးသပ်ရန်လိုအပ်သည်။ မည်သို့ဖွဲ့စည်းထားသည်၊ မည်သို့ပြုပြင်မည်၊ မည်သို့တိုးချဲ့မည်၊ ရာထူးတိုးတက်မှုများ၊ လုပ်ခလစာကိစ္စများကို မည်သို့ဆောင်ရွက်မည် စသည်တို့ကို စဉ်းစားသုံးသပ်နေရန်လိုအပ်သည်။ လုပ်ငန်းများကိုအကောင်အထည်ဖော်သူမှာ လူသားများသာဖြစ်သဖြင့် ပိုင်ရှင်၊ အစုရှင်များအပါအဝင် မန်နေဂျာ၊ ဝန်ထမ်းနှင့် လုပ်သားများအားလုံး၏အမြင်များကို ဂရုစိုက်ပြီး ဆောင်ရွက်ပေးနိုင်ရန်လိုအပ်သည်။ လူမှန်၊ နေရာမှန်ရေးသည် များစွာအရေးပါပြီး လုပ်ငန်းအောင်မြင်ရေးသည် အဆိုပါအချက်အပေါ် များစွာတည်မှီနေသည်။ ကျွမ်းကျင်လုပ်သားများနှင့် ဝန်ထမ်းများကို ထိန်းသိမ်းထားနိုင်ခြင်းဖြင့် လုပ်ငန်းကိုအရှိန်အဟုန်မပျက် အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ ကိုယ်ပိုင်လုပ်ငန်းများတွင် ပိုင်ရှင်သည် တိုက်ရိုက်ကြီးကြပ်တတ်သည်။ လုပ်ငန်းကြီးထွားလာသည့်အခါတွင် ပိုင်ရှင်သည် မူလလုပ်ငန်းအား ကိုင်တွယ်ကြီးကြပ်မှုကို အချိန်ပြည့်ဆောင်ရွက်နိုင်ရန်ခက်ခဲလာတတ်သည်။ ထိုအခါတွင် မူလလုပ်ငန်းကိုစိတ်ချရသည့် မန်နေဂျာ သို့မဟုတ် လုပ်ငန်းကြီးကြပ်ရေးမှူးတစ်ဦး ထားရှိကြီးကြပ်ရန် လိုအပ်လာသည်။ မန်နေဂျာများသည် ပိုင်ရှင်နှင့် ဝန်ထမ်းများကြားတွင် ရှိသူဖြစ်၍ သူ၏သဘောထားအမြင်(Point of View) သည် များစွာအရေးပါသဖြင့် ပိုင်ရှင်အတွက် လုပ်ငန်းအောင်မြင်မှုကို များစွာအထောက်အကူပြုသည်။ ထို့ကြောင့် ပိုင်ရှင်အနေဖြင့် လုပ်ငန်းအတွင်း ဖွဲ့စည်းမှုများကိုစနစ်တကျသုံးသပ်ပြီး အကောင်အထည်ဖော်နိုင်ရန်လိုအပ်သည်။

**လုပ်ငန်းစနစ်ဟူသော System**

လုပ်ငန်း၏ နေ့စဉ်ဆောင်ရွက်ရမည့် အလုပ်များနှင့်လုပ်ထုံးလုပ်နည်းများကို လုပ်ငန်းစနစ်ဟုခေါ်ဝေါ်တတ်သည်။ မဟာဗျူဟာတစ်ခုချမှတ်ပြီးနောက် အဆိုပါမဟာဗျူဟာကို အစိတ်အပိုင်းငယ်များ ထပ်မံကန့်သတ်ပြီး တစ်ခုချင်းအတွက် စီမံချက်များချမှတ်ရသည်။ ဥပမာအားဖြင့် ငါးနှစ်စာမဟာဗျူဟာချမှတ်ပြီးနောက် တစ်နှစ်ချင်းစီအတွက် စီမံချက်များချမှတ်ရသည်။ အဆိုပါတစ်နှစ်စာစီမံချက်များအတွက် ရည်မှန်းချက်များ၊ အကောင်အထည်ဖော်မည့်လုပ်ငန်းများကို လအလိုက် ပြန်လည်စဉ်းစားစီစဉ်ထားရသည်။ အနွေးထည်ရောင်းချသူတစ်ဦးသည် ဆောင်းတွင်းမတိုင်မီတွင် အနွေးထည်များကို စုဆောင်းသိုလှောင်ထားနိုင်ရန်လိုအပ်သည်။ ဆောင်းမစမီတွင် အချိန်ကိုက် လက်ထဲသို့ထားနိုင်ရန်လိုအပ်သည်။

သို့ရာတွင် တစ်ခါတစ်ရံ စော၍ဆောင်းဝင်တတ်ခြင်း၊ နောက်ကျ၍ ဆောင်းဝင်တတ်ခြင်းများကိုပါ ထည့်သွင်းတွက်ချက်ထားရန်လိုအပ်သည်။ ထိုကဲ့သို့ လုပ်ငန်းအသေးစိတ်အစီအမံများကို လုပ်ငန်းစနစ်ဟုခေါ်ဝေါ်တတ်ပြီး နှစ်စဉ်၊ လစဉ်၊ အပတ်စဉ်၊ နေ့စဉ် ဆောင်ရွက်မည့်လုပ်ငန်းများ၊ တိုးချဲ့မည့်ကိစ္စများ၊ လျှော့ချမည့်လုပ်ငန်းများကို ကြိုတင်ပြင်ဆင်ထားရန် လိုအပ်သည်။ လုပ်နေကျလုပ်ငန်းများအတွက် လုပ်ငန်းလုပ်ထုံးလုပ်နည်းများ(Standard Operation Procedure-SOP)ချမှတ်ပြီး အကောင်အထည်ဖော်ရန် လိုအပ်သည်။ နေ့စဉ်အကောင်အထည်ဖော်ရမည့်စနစ်များကို အသေးစိတ်ကြိုတင်ပြင်ဆင်ထားရန် လိုအပ်သည်။ ဥပမာ-စက်တစ်လုံးကို မည်သည့်အချိန်တွင် ခေတ္တရပ်နားပြင်ဆင်မည်၊ နေ့စဉ်မည်သည့်အချိန်မှ မည်သည့်အချိန်ထိ လည်ပတ်မည်၊ တစ်ပတ်လျှင် စက်ပျက်ချိန်မည်ရွေ့မည်မျှထက်မပိုရန် မည်သို့ပြင်ဆင်ထိန်းသိမ်းမည် စသည့်အချက်များကိုဆောင်ရွက်ခြင်းသည် စနစ်တကျစီမံကွပ်ကဲခြင်းပင်ဖြစ်သည်။ ဝန်ထမ်းနှင့်လုပ်သားများ၏ အလုပ်ချိန်၊ တက်ချိန်၊ နားချိန်၊ ထမင်းစားချိန်၊ အဆိုင်းပြောင်းချိန်၊ ခွင့်ယူခြင်း၊ အလုပ်ခွင်တွင်ထိခိုက်ပါက လျော်ကြေးပေးခြင်း၊ အချိန်ပိုကြေးပေးခြင်း စသည့်အချက်များအားလုံးကို စည်းမျဉ်းစည်းကမ်းရေးဆွဲချမှတ်ထားရန်လည်းလိုသည်။ ကိုယ်ပိုင်လုပ်ငန်းများတွင် ကြုံတွေ့နေရသည့်အချက်တစ်ချက်မှာ လုပ်သားများကြိုတင်ငွေထုတ်ခြင်းလည်း ပါဝင်သည်။ စည်းမျဉ်းစည်းကမ်းတစ်ခု သတ်မှတ်ထားရန်လိုအပ်မည်ဖြစ်သည်။

**ကိုယ်ပိုင်ပုံစံဟူသော Style**

စီးပွားရေးလုပ်ငန်းတိုင်းပင် ကိုယ်ပိုင်ပုံစံရှိကြသည်။ များသောအားဖြင့် မိမိတို့လုပ်ငန်း၏ Style ကို ကြွေးကြော်သံ၊ ဆောင်ပုဒ်တို့ဖြင့် ဖော်ပြတတ်သည်။ ဥပမာ-စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကိုအခြေခံဟူသောဆောင်ပုဒ်၊ ပြည့်ဝ၊ မှန်ကန်ရာသက်ပန်ဟူသော ကြွေးကြော်သံ၊ တိကျ၊ မှန်ကန်၊ မြန်ဆန်ရမည်ဟူသော ဆောင်ပုဒ်။ လုပ်ငန်း၏ Style ခေါ် ကိုယ်ပိုင်ပုံစံသည် ခေါင်းဆောင်မှုအပိုင်း၊ စီမံခန့်ခွဲမှုအပိုင်းများတွင် ပိုမိုလိုအပ်လာသည်။ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုအပိုင်းများသည် လုပ်ငန်းကို ဦးဆောင်ရသည့် ခေါင်းကြီးပိုင်းများဖြစ်သည်နှင့်အညီ မျှော်မှန်းချက်၊ ဦးတည်ချက်သို့ရောက်အောင် မဟာဗျူဟာများကိုအကောင်အထည်ဖော်ရာတွင် မိမိတို့၏ ကိုယ်ပိုင်ပုံစံကို ခိုင်ခိုင်မြဲမြဲဆုပ်ကိုင်ပြီး အကောင်အထည်ဖော်ရန်လိုအပ်သည်။

အထက်တွင်ဖော်ပြထားသော Slogan များသည် ကိုယ်ပိုင်ပုံစံ Style ကိုဖော်ပြနေသည်ဖြစ်၍ တိကျရမည်၊ မှန်ကန်ရမည်ဟူသော ကိုယ်ပိုင်ပုံစံတွင် အလုပ်ကို အချိန်တိတိကျကျလုပ်ခြင်း၊ ဖောက်သည်အား ချိန်းထားသောအချိန်ကို တိတိကျကျလုပ်ပေးခြင်း၊ အရည်အသွေးပိုင်းတွင်မှန်ကန်ခြင်း စသည့်အချက်များကို အမြဲသတိပြုလိုက်နာ အကောင်အထည်ဖော်ရမည်ဖြစ်သည်။ အခြားသောလုပ်ငန်းတူများဖြင့် ယှဉ်ပြိုင်ရာတွင် မိမိ၏ကိုယ်ပိုင်ပုံစံ မပျက်ယွင်းရန်ဆောင်ရွက်ရပါမည်။ အကျိုးအမြတ်တစ်ခုတည်းကိုမကြည့်ဘဲ အဆိုပါအရည်အသွေးပိုင်းဆိုင်ရာ ကိုယ်ပိုင်ပုံစံများကို လိုက်နာခြင်းဖြင့် ယှဉ်ပြိုင်အနိုင်ယူနိုင်ရမည်။ သို့မှသာ ရေရှည်တွင် နာမည်ကောင်းတစ်ခုဖြင့်လုပ်ငန်းတိုးတက်အောင်မြင်မည်ဖြစ်သည်။ လုပ်ငန်းအတွင်း ဝန်ထမ်းများကို စီမံကွပ်ကဲရာတွင်လည်း ကိုယ်ပိုင်ပုံစံဖြင့် အကောင်အထည်ဖော်နိုင်ရမည်ဖြစ်ပြီး အမျိုးမျိုးပြောင်းလဲခြင်း၊ ဘက်လိုက်ဆုံးဖြတ်ခြင်းများကို ရှောင်ကြဉ်နိုင်ရမည်ဖြစ်သည်။

**ကျွမ်းကျင်မှုဟူသော Skill**


လုပ်ငန်းတိုင်းတွင် ကျွမ်းကျင်မှုရှိသည့် လူသားအရင်းအမြစ်များရှိရန်၊ ပြည့်စုံရန် လိုအပ်သည်။ လုပ်ငန်းအပေါ် ကျွမ်းကျင်မှုရှိသူ များပြားသည်နှင့်အမျှ လုပ်ငန်းအကောင်အထည်ဖော်ရာတွင် အမှားအယွင်းနည်းပါးပြီး အကျိုးအမြတ်ပိုစေသည်။ အောင်မြင်စေသည်။ ထို့ကြောင့် အဆင့်တိုင်း၊ နေရာတိုင်းတွင် ကျွမ်းကျင်သူရှိနေရန်လိုအပ်သည်။ ပုံပြင်တစ်ခုတွင် ဆင်ထိန်းပါသောဆင်တစ်ကောင်နှင့် ဆီကို အိုးနှင့်ခေါင်းရွက်ရောင်းသည့်ဆီသည်မတို့ လမ်းကျဉ်းကျဉ်းတွင် ဆုံကြသည့်အခါ ဆင်ထိန်းက လမ်းလယ်တွင် ဆီအိုးရွက်ထားသောဆီသည်မကို ဆင်နှင့်မထိအောင် ကျွမ်းကျင်စွာထိန်းသိမ်းပြီးရှောင်တိမ်းကာ သူ့ကျွမ်းကျင်မှုကြောင့်သာ ဆီသည်မကို ဆင်မနင်းမိတာဟု ဆိုသည့်အခါ ဆီသည်မက အိုးကိုရွက်လျက်နှင့် ဆီပုလင်းထဲသို့ ခွက်နှင့်မဖိတ်မစဉ်အောင် ထည့်ပြခဲ့သည်ဟု ဆိုသည်။ အဆိုပါပုံပြင်တွင် ကျွမ်းကျင်ရာလိမ္မာကြောင်းဖော်ပြထားပြီး ကိုယ့်လုပ်ငန်းကိုလုပ်ကိုင်ရာတွင် ကျွမ်းကျင်မှုများစွာလိုအပ်သည်ကို ဖော်ပြနေသည်။ လုပ်ငန်းတိုင်းတွင် ဆရာမပြလျှင် ငါးပိဖုတ်တောင်နည်းမကျဟူသောစကားမှာလည်း ကျွမ်းကျင်မှုလိုအပ်ချက်ကိုဖော်ပြနေသည်။ စီးပွားရေးလုပ်ငန်းများတွင်လည်း ငွေရေးကြေးရေးကဏ္ဍတွင် ကျွမ်းကျင်သူ၊ အလုပ်ခွင်တွင်ကျွမ်းကျင်သူများကို မွေးထားနိုင်ရန်လိုအပ်သည်။ လေ့ကျင့်ပေးရန်လိုအပ်သည်။ လေ့ကျင့်ခြင်းဖြင့် စနစ်တကျကျွမ်းကျင်လာမည်ဖြစ်သည်။ လုပ်ငန်းခွင်အတွင်း လုပ်ကိုင်ရင်းလေ့ကျင့်ခြင်းက ပိုမိုကောင်းမွန်သောရလဒ်များကို ရစေသည်။ အလေ့အကျင့်ကောင်းများဖြင့် ကျွမ်းကျင်မှုကိုရယူရန် လိုအပ်သည်။

**ဝန်ထမ်းလုပ်သားဟူသော Staff**

ဝန်ထမ်းများ၊ လုပ်သားများကို အင်အားနှင့်ခိုင်းနှိုင်းတတ်သည်။ လုပ်ငန်းတိုင်းတွင် လုပ်သားနှင့် ဝန်ထမ်းများလိုအပ်သည်။ အသေးစားလုပ်ငန်းများတွင်ပင် အထိုက်အလျောက်လိုအပ်ကြသည်။ အဆိုပါလုပ်သားများကို စတင်ခန့်ထားသည်နှင့်တစ်ပြိုင်နက် လူမှန်၊ နေရာမှန်ရွေးချယ်နိုင်ရန်၊ တာဝန်ပေးနိုင်ရန် လိုအပ်သည်။ ငွေစာရင်းကျွမ်းကျင်သူကို ပစ္စည်းစာရင်းကိုင်တွယ်ခိုင်းလျှင်ရနိုင်သော်လည်း ကျွမ်းကျင်မှုနှင့်စိတ်ဝင်စားမှုအလိုက် လုပ်ငန်းအောင်မြင်မှုတွင် ကွာခြားသွားနိုင်သည်။ လုပ်သားများရှိလာသည်နှင့် လုပ်ငန်း၏ ဖွဲ့စည်းပုံ၊ လုပ်ခလစာ၊ တာဝန်သတ်မှတ်ချက်စသည့်အချက်များကိုလည်း သတ်မှတ်လာရမည်ဖြစ်သည်။ လုပ်ငန်းအောင်မြင်မှုတွင် လုပ်သားများနှင့် ဝန်ထမ်းများ၏အခန်းကဏ္ဍသည် အဓိကကျသည်ကို အားလုံးသိရှိပြီးဖြစ်ကြသည်။ အဆိုပါလုပ်သားများသည် လုပ်ငန်းခွင်တွင်လုပ်ကိုင်ရင်း ကျွမ်းကျင်လာသည့်အခါ အခြားလုပ်ငန်းတူများသို့ ပြောင်းရွှေ့သွားတတ်ကြသဖြင့် လုပ်သားများလုပ်ငန်းခွင်တွင်ပျော်ရန်၊ လုပ်သားများကို ထိန်းထားနိုင်ရန်လည်းလိုအပ်သည်။ ထို့ပြင် အရေးကြီးသောအချက်တစ်ချက်မှာ အကျင့်စာရိတ္တကောင်းမွန်ရေးနှင့် ရိုးသားဖြောင့်မတ်ရေးတို့ဖြစ်သည်။ တော်သူများကိုလစာကောင်းစွာပေးပြီး ရှာဖွေရလွယ်ကူသော်လည်း အကျင့်စာရိတ္တကောင်းပြီး ရိုးသားဖြောင့်မတ်သူများကို ရှာဖွေခန့်ထားနိုင်ရန် မလွယ်ကူသည်ကို အထူးသတိပြုရပါမည်။ လူတော်လူကောင်းများကို ခန့်ထားနိုင်ရန် အထူးလိုအပ်သည်။

စာမျက်နှာ ၅ သို့ ➤

## လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ဆိုတာပါ။

## မအူပင်မြို့နယ်တွင် ငါးရှဉ့်တစ်ပိဿာလျှင် ငွေကျပ် ၁၃၅၀၀ ထိ ဈေးကောင်းရရှိနေ



**မအူပင် မေ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ငါးရှဉ့်တစ်ပိဿာလျှင် ငွေကျပ် ၁၃၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း မအူပင်မြို့နယ်ရှိ ငါးရှဉ့်ရောင်းဝယ်ရေးပွဲရုံ လုပ်ငန်းရှင် ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်တွင် ပြီးခဲ့သည့် မတ်လနှင့် ဧပြီလက ငါးရှဉ့်တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ မှ ၈၅၀၀ ထိသာဈေးရှိခဲ့ပြီး မေ ၁ ရက်မှ ယနေ့ထိ ငါးရှဉ့်တစ်ပိဿာလျှင် ငွေကျပ် ၁၃၅၀၀ ထိ ဈေးကောင်းရရှိလာကြောင်း၊ အဆိုပါ ငါးရှဉ့်များဈေးကောင်းရရှိလာခြင်းသည် ပြည်ပဈေးကွက်သို့ ငါးရှဉ့်တင်ပို့သည့် လုပ်ငန်းရှင်များက လုပ်ငန်းများ ပြန်လည်လုပ်ကိုင်တင်ပို့ လာနိုင်ခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"မေလပထမပတ်လောက်ကတည်းက ငါးရှဉ့်တွေဈေးသိသိသာသာကို ကောင်းလာတာ။ အရင်က ရပ်ထားခဲ့တဲ့ ပြည်ပကို ငါးရှဉ့်တင်ပို့တဲ့လုပ်ငန်းတွေပြန်လည်လုပ်ကိုင်လာတာနဲ့ ပြည်ပက ငါးရှဉ့်ကိုဈေးကောင်းပေး ဝယ်လာတာကြောင့် ငါးရှဉ့်ဈေးကောင်းလာတာပါ။ အခု မအူပင်မြို့နယ်က မွေးမြူရေးငါးရှဉ့်တွေကို ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချနေပါတယ်။ အခုလို ငါးရှဉ့်ဈေးကောင်းရလာတော့ ကာလရှည်အခက်အခဲရှိနေတဲ့ ငါးရှဉ့်မွေးမြူရေးလုပ်ငန်းရှင်တွေနဲ့ လုပ်သားတွေ၊ ငါးရှဉ့်ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာတာတွေ့ရပါတယ်"ဟု မအူပင်မြို့မှ ငါးရှဉ့်ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဦးကျော်ကျော်က ပြောပြသည်။

မအူပင်မြို့နယ်တွင် ငါးရှဉ့်မွေးမြူရေးလုပ်ငန်းကို တစ်နှစ်ပတ်လုံး မွေးမြူလုပ်ကိုင်ပြီး သဘာဝအတိုင်းရှာဖွေဖမ်းဆီးသည့် ငါးရှဉ့်များကို ဒေသခံများက ချောင်း၊ အိုင်၊ မြောင်းများ၊ လယ်ကွင်းများမှ အများဆုံးရှာဖွေရရှိကြောင်း၊ အဆိုပါ ဒေသထွက်ငါးရှဉ့်များကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချပြီး ရန်ကုန်မြို့မှတစ်ဆင့် ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ တင်ပို့ရောင်းချနေကြောင်း ဦးကျော်ကျော်က ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၄ မှအဆက်

### တန်ဖိုးရှိခြင်းဟူသော Share Value

Mckinsey's 7 Ss model ဟူသော အချက်ခုနစ်ချက်တွင် ယခု Share Value ဟူသောအချက်ကို နောက်ဆုံးမှတင်ပြခြင်းမှာ တန်ဖိုးဟူသောအချက်ကို သေချာဖော်ပြလို၍ဖြစ်သည်။ တန်ဖိုးကိုဝေမျှခြင်းဆိုသည့်အချက်မှာ လုပ်ငန်း၏အဓိကကျောရိုး ပင်မတန်ဖိုးကိုခေါ်ဆိုခြင်းပင်ဖြစ်သည်။ အထက်တွင်ဖော်ပြခဲ့သောအချက်ခြောက်ချက်ဖြစ်သည့် မဟာဗျူဟာ၊ ဖွဲ့စည်းပုံ၊ လုပ်ငန်းစနစ်၊ ကိုယ်ပိုင်ပုံစံ၊ ကျွမ်းကျင်မှုနှင့် ဝန်ထမ်းလုပ်သားများအားလုံးသည် လုပ်ငန်း၏တန်ဖိုးများပင်ဖြစ်သည်။ အဆိုပါ အချက်ခြောက်ချက်ကို ကောင်းစွာအကောင်အထည်ဖော်နိုင်ခြင်း၊ တစ်ခုနှင့်တစ်ခု လိုက်လျောညီထွေအဆင်ပြေခြင်းများကို ဆောင်ရွက်နိုင်လျှင် လုပ်ငန်း၏တန်ဖိုးတိုးတက်လာပြီး လုပ်ငန်းသည်လည်း အောင်မြင်လာမည်ဖြစ်သည်။ အဆိုပါ အချက်ခြောက်ချက်စလုံးကို ချိတ်ဆက်ပြီး ကောင်းစွာအကောင်အထည်ဖော်နိုင်မှသာ စီးပွားရေးလုပ်ငန်းတစ်ခုအောင်မြင်သည်ဖြစ်သည်။ တိုယိုတာကုမ္ပဏီကြီးသည်လည်း လုပ်ငန်းသစ်၊ လုပ်ငန်းငယ်ဘဝမှ နှစ်ပေါင်းများစွာကြိုးစားပြီး အောင်မြင်မှုရလာသည်ဖြစ်သည်။ ထိုကဲ့သို့ ကုမ္ပဏီကြီးဖြစ်စေ၊ ယခုမှ စတင်ခါစလုပ်ငန်းငယ်တစ်ခုဖြစ်စေ အထက်ပါအချက်ခြောက်ချက်ကို အောင်မြင်စွာချိတ်ဆက်အကောင်အထည်ဖော်နိုင်လျှင် လုပ်ငန်း၏ ပင်မတန်ဖိုးဖြစ်ပေါ်လာပြီးလုပ်ငန်းအောင်မြင်တိုးတက်လာမည်ဖြစ်သည်။ အချက်ခြောက်ချက်စလုံးတွင် မဟာဗျူဟာ၊ ဖွဲ့စည်းပုံနှင့်လုပ်ငန်းစနစ်တို့သည် အမာလိုင်းဖြစ်ပြီး ကိုယ်ပိုင်ပုံစံ၊ ဝန်ထမ်းလုပ်သားနှင့် ကျွမ်းကျင်မှုတို့သည် အပျော့လိုင်းဖြစ်သည်ဟုဆိုသည်။ မည်သို့ပင်ဆိုစေကာမူ အဆိုပါအချက်များကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်လျှင် ရရှိလာမည့်အကျိုးကျေးဇူးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

လုပ်ငန်းအတွင်း ကျယ်ပြန့်သောသဘောထားအမြင်နှင့် အကျိုးသက်ရောက်မှုများရရှိစေခြင်း၊ လုပ်ငန်းစီမံချက်များကို မှန်မှန်အကောင်အထည်ဖော်ခြင်းဖြင့် လုပ်ငန်းခွင်အတွင်းပြောင်းလဲမှုနှင့် ရှေ့တန်းရောက်ရှိလာနိုင်ခြင်း၊ ဦးတည်သည့်ဈေးကွက်အလွှာများနှင့် အဆင်ပြေအောင်ဆောင်ရွက်နိုင်ခြင်း၊ ကွဲပြားခြားနားသော ပြောင်းလဲမှုပုံစံများပြုလုပ်ရသည့်အခါတွင်လျင်မြန်စွာတုံ့ပြန်နိုင်ပြီး အကျိုးရှိခြင်း၊ သို့ဖြစ်၍ လုပ်ငန်းတစ်ခုတွင် အဆိုပါအချက်ခုနစ်ချက်စလုံးကို လိုက်လျောညီထွေစွာအကောင်အထည်ဖော်နိုင်ခြင်း ရှိ၊ မရှိကို အစဉ်သုံးသပ်ပြီး လုပ်ငန်းအကောင်အထည်ဖော်ရန်လိုအပ်သည်။ သို့မှသာ လုပ်ငန်းတိုင်းသည် မိမိတို့မည်သည့်နေရာရောက်နေသည်၊ မည်သည့်ပြောင်းလဲမှုများလိုအပ်သည်၊ မည်သည့်ကိစ္စများစီစဉ်မည်တို့ကို သိရှိပြုပြင်ဆောင်ရွက်ပြီး လုပ်ငန်းငယ်များ၊ လုပ်ငန်းသစ်များကိုပါ အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

## အညာကြည့်ချင်ပွဲတမ်းချင်း

- ချစ်တဲ့သူငယ်လေ. . .
  ရွာမှာကျောင်းတက် ကစားဖက်တို့ရေ။
- တို့များငယ်က ကျောင်းနေစမှာ
  ရွာစဉ်ကျေးလက် ပဲနုတ်ကြက်သွန်ဖော်
  တပို့တွဲကျော် တပေါင်းဖက်ဆို
  ဟိုရွာသည်ရွာ သူ့ထက်ငါအပြိုင်ကြ
  ကြည့်ချင်ပွဲတွေ များပါဘိ။
- အကလည်းကောင်း
  အဆိုအငိုလည်းကောင်း
  ဇာတ်ကောင်းကောင်းများကကြရင်
  ဝေးဝေးနီးနီး ရွာကြီးရွာငယ်
  တို့နယ်တစ်ခွင်လုံး
  အုန်းအုန်းကျွက်ကျွက်
  သုံးရက် က က ငါးရက် က က
  လာကြ ကြည့်ကြ
  ပျော်ခဲ့ကြတာ မြင်ယောင်တယ်။
- ကျွဲလှည်းနွားလှည်း အပြိုင်ကြဲကြ
  ခြေကျင်လည်းပါ
  အပျိုအအို လူစုံပါလို့
  သူငါသည်ပွဲ နွှဲကြတယ်။
- ဆန်ကောဆန်ခါ
  ရိုင် စောင် ဖျာ တစ်မျိုး
  အိုးခွက်ကအစ ဝယ်ကြတယ်။
- အိုးပုတ် ချိုးရုပ် ပလုတ်တုတ်
  နွားရုပ်အစ ဝယ်ကြတယ်။
- အညာမြေထွက် အောက်ပြည်ထွက်
  လက်ဖက် ငါးခြောက် စုံလှတယ်။
- ထယ်သွား ထွန်သွား ပေါက်တူး ဓား
  ထန်းသမားအတွက်မကျန် ဝယ်ကြတယ်။
- အိုးစည် ဗုံ မောင်း တီးလို့ကောင်း
  ရွာကျောင်းအတွက်လည်း ဝယ်ကြတယ်။
- ကရေကရာ မုန့်သြဇာနဲ့
  ကြာဆံခေါက်ဆွဲ
  ပွဲဈေးခင်းအနှံ့
  စားချင်ရာစားဖို့ ခြေဆန့်ရင်း
  အပျင်းပြေစား အဝစား
  မုန့်တွေစားကြ မှတ်မိတယ်။
- အလိုလေ့အိုင်
  ခုနေခါများ
  ပွဲတွေလည်းရှား ငွေလည်းရှားထင့်
  အပျော်တွေလည်းရှား
  အဖော်တွေလည်းရှားသမို့
  တို့များအညာ ငယ်စဉ်ခါကို
  ပြန်ကာဆွတ်တမ်း
  တွေးရင်းတွေးရင်းလွမ်းရ
  ငယ်ဘဝတစ်ဖန်မြင်
  ဟိုအရင် ရှေးသနစ်ကို
  ဆွေးလှစ်ဖြိုင်လေး။ ။

**အကျော်ပင်**

## နိုင်ငံတကာ သတင်းများ

# ကက်ရှ်မီးယားဒေသ၌ ဂျီ-၂၀ ဆွေးနွေးပွဲကျင်းပရန် အိန္ဒိယစီစဉ်ထားမှု တရုတ်အစိုးရကန့်ကွက်




**ပေကျင်း မေ ၂၀**

ဂျီ-၂၀ အုပ်စုနိုင်ငံများ၏ ခရီးသွားလုပ်ငန်း ဆွေးနွေးပွဲများအား ပိုင်ဆိုင်ခွင့်အငြင်းပွားကက်ရှ်မီးယားဒေသ၌ ကျင်းပမည့်အစီအစဉ်ကို တရုတ်နိုင်ငံက မေ ၁၉ ရက်တွင် ကန့်ကွက်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဂျီ-၂၀ ဆွေးနွေးပွဲများအား ပိုင်ဆိုင်ခွင့် အငြင်းပွားဒေသများ၌ ကျင်းပမှုကို တရုတ်နိုင်ငံအနေဖြင့် ပြင်းပြင်းထန်ထန် ကန့်ကွက်မည်ဖြစ်ပြီး ယင်းကဲ့သို့ ဆွေးနွေးပွဲများတွင်လည်းပါဝင်မည်မဟုတ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ယခုနှစ် ဂျီ-၂၀အုပ်စုအလှည့်ကျ ဥက္ကဋ္ဌတာဝန်ရယူထားသည့်အိန္ဒိယနိုင်ငံသည် ဂျီ-၂၀ ဆွေးနွေးပွဲများကို လက်ခံကျင်းပရန်ပြင်ဆင်လျက်ရှိသည်။

အဆိုပါ ဂျီ-၂၀ ဆွေးနွေးပွဲများအနက် ဂျီ-၂၀ အုပ်စုခရီးသွားလာရေးဆိုင်ရာဆွေးနွေးပွဲများကို ဂျမ္မူနှင့် ကက်ရှ်မီးယားဒေသ ဆရီနာဂါမြို့၌ မေ ၂၂ ရက်မှ ၂၄ ရက်ထိ ကျင်းပရန် အိန္ဒိယအစိုးရက စီစဉ်ထားသည်။

ဂျမ္မူနှင့် ကက်ရှ်မီးယားဒေသ၌ အိန္ဒိယ ထိန်းချုပ်မှုအောက်တွင်ရှိသော်လည်း အိမ်နီးချင်းပါကစ္စတန်နိုင်ငံနှင့် ပိုင်ဆိုင်ခွင့်အငြင်းပွားနေသော နယ်မြေတစ်ခုဖြစ်ကြောင်း သိရသည်။

ဂျီ-၂၀ အုပ်စု ထိပ်သီးညီလာခံကိုမူ နယူးဒေလီမြို့၌ ယခုနှစ် စက်တင်ဘာလတွင် ကျင်းပရန် အိန္ဒိယနိုင်ငံက စီစဉ်ထားကြောင်း သိရသည်။

KKO

# သမ္မတဟောင်း အိုဘားမားအပါအဝင် အမေရိကန် နိုင်ငံသား ဦးရေ ၅၀၀ ကို ရုရှားပြည်ဝင်ခွင့်ပိတ်ပင်

**မော်စကို မေ ၂၀**

အမေရိကန်နိုင်ငံက နောက်ဆုံးကြေညာထားသည့် အရေးယူပိတ်ဆို့မှုစည်းမျဉ်းများကို တုံ့ပြန်သည့်အနေဖြင့် သမ္မတဟောင်းအိုဘားမားအပါအဝင် အမေရိကန်နိုင်ငံသား ဦးရေ ၅၀၀ ကို ရုရှားနိုင်ငံက ပြည်ဝင်ခွင့်ပိတ်ပင်မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံသည် ရုရှားနိုင်ငံသားနှင့် ကုမ္ပဏီအဖွဲ့အစည်းပေါင်း ၃၀၀ ကျော်ကို ပစ်မှတ်ထားသည့် အရေးယူပိတ်ဆို့မှုစည်းမျဉ်းများကို မေ ၁၉ ရက်တွင် ကြေညာထားသည်။

ယူကရိန်းပဋိပက္ခကို အကြောင်းပြု၍ ရုရှားနိုင်ငံအပေါ် ထပ်မံချမှတ်မည့် အရေးယူပိတ်ဆို့မှုစည်းမျဉ်းများကို အမေရိကန်အစိုးရက ကြေညာခဲ့ခြင်းဖြစ်သည်။

သို့သော် အမေရိကန်အစိုးရ၏ အရေးယူပိတ်ဆို့မှုများကို တုံ့ပြန်သည့်အနေဖြင့် သမ္မတဟောင်း အိုဘားမားအပါအဝင် အမေရိကန်နိုင်ငံသား ဦးရေ ၅၀၀ တို့ကို ရုရှားပြည်ဝင်ခွင့် ပိတ်မည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာထားသည်။

ထို့ပြင် သူလျှိုမှုဖြင့် ဖမ်းဆီးခံထားရသော ဝေါလ်စထရိဂျာနယ် သတင်းထောက် အီဗန်ဂျာ့ရှ်ကိုဗစ်နှင့် အမေရိကန်ကောင်စစ်ဝန်များအား တွေ့ဆုံခွင့်ပေးရေးကိုလည်း ရုရှားနိုင်ငံက ငြင်းပယ်ထားသည်။

ရုရှားနိုင်ငံအနေဖြင့် ထိုးနှက်မှုမှန်သမျှအပေါ် မလွဲမသွေလက်တုံ့ပြန်မည်ဆိုသည့်အချက်ကို အမေရိကန်နိုင်ငံအနေဖြင့် သင်ခန်းစာယူထားသင့်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ထုတ်ပြန်ချက်၌ ဖော်ပြထားကြောင်း သိရသည်။

KKO

# အာရပ်အဖွဲ့ချုပ်ထိပ်သီးညီလာခံ၌ ဆီးရီးယားသမ္မတကို အာရပ်ခေါင်းဆောင်များ နွေးထွေးစွာကြိုဆို



**ဂျက်ဒါး မေ ၂၀**

ဆီးရီးယားသမ္မတ အာဆတ်သည် မေ ၁၉ ရက်တွင် ကျင်းပခဲ့သည့် အာရပ်အဖွဲ့ချုပ် ထိပ်သီးညီလာခံ၌ အာရပ်ခေါင်းဆောင်များ၏ နွေးထွေးစွာကြိုဆိုမှု ရရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ယခုနှစ် အာရပ်အဖွဲ့ချုပ်ထိပ်သီးညီလာခံကို ဆော်ဒီအာရေဗျနိုင်ငံ ဂျက်ဒါးမြို့၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်လာသော ဆီးရီးယားသမ္မတကို ဆော်ဒီအိမ်ရှေ့မင်းသားမိုဟာမက်ဘင်ဆယ်လ်မန်နှင့်အခြား အာရပ်ခေါင်းဆောင်များက နွေးထွေးစွာကြိုဆိုခဲ့ကြသည်။

အာရပ်အဖွဲ့ချုပ်သည် ဆီးရီးယားပြည်တွင်းစစ်ကို အကြောင်းပြု၍ ၂၀၁၁ ခုနှစ်တွင် ဆီးရီးယားနိုင်ငံကို အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ခဲ့သည်။

သို့သော် ဆီးရီးယားနိုင်ငံကို အာရပ်အဖွဲ့ချုပ်၌ အဖွဲ့ဝင်အဖြစ် ပြန်လည် ထည့်သွင်းရေးအတွက် အာရပ်နိုင်ငံများက ယခုလအတွင်း ဆုံးဖြတ်ခဲ့သည်။

မေ ၁၉ ရက် အာရပ်အဖွဲ့ချုပ် ထိပ်သီးဆွေးနွေးပွဲသည် ၁၀ နှစ်ကျော်ကာလအတွင်း ဆီးရီးယားသမ္မတအာဆတ် ပထမဆုံးတက်ရောက်နိုင်ခဲ့သော အာရပ်အဖွဲ့ချုပ် ထိပ်သီးဆွေးနွေးပွဲ ဖြစ်ကြောင်း သိရသည်။

KKO

# ဘုရင်မအဲလစ်ဇဘက်၏ နိုင်ငံတော်ဈာပနအတွက် ဗြိတိန်အစိုးရဌာနများ ဒေါ်လာ ၂၀၄ သန်းသုံးစွဲခဲ့ရ



**လန်ဒန် မေ ၂၀**

ဘုရင်မအဲလစ်ဇဘက်၏ နိုင်ငံတော်ဈာပန အခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများအတွက် ဗြိတိန်အစိုးရ ဌာနများအနေဖြင့် စတာလင်ပေါင် ၁၆၁ ဒသမ ၇ သန်း(အမေရိကန်ဒေါ်လာ ၂၀၄) သန်းထိ သုံးစွဲခဲ့ရကြောင်း ရိုက်တာသတင်းဌာနက မေ ၁၈ ရက်တွင် ဖော်ပြခဲ့သည်။

ဘုရင်မအဲလစ်ဇဘက်၏ နိုင်ငံတော်ဈာပနအခမ်းအနားအတွက် အစိုးရဌာနများ သုံးစွဲခဲ့ကြရသော ငွေကြေးပမာဏကို ဗြိတိန်ဘဏ္ဍာရေးဝန်ကြီးဌာနက မေ ၁၈ ရက်တွင် အတည်ပြုကြေညာခဲ့သည်။

ဗြိတိန်ဘုရင်မ အဲလစ်ဇဘက်သည် ၂၀၂၂ ခုနှစ် စက်တင်ဘာ ၈ ရက်တွင် နတ်ရွာစံခဲ့ပြီး နတ်ရွာစံပြီးချိန်တွင် အသက် ၉၆ နှစ် ရှိပြီဖြစ်သည်။

ဘုရင်မ နတ်ရွာစံပြီးနောက် ဗြိတိန်အစိုးရသည် ၁၀ ရက်ကြာ အမျိုးသားအောက်မေ့ဖွယ်နေ့ ကြေညာခဲ့ပြီးစက်တင်ဘာ ၁၉ ရက်တွင် နိုင်ငံတော်ဈာပနအခမ်းအနား ကျင်းပခဲ့သည်။

ဘုရင်မ အဲလစ်ဇဘက်၏နိုင်ငံတော်ဈာပနအခမ်းအနားအတွက် ငွေကြေးအများဆုံး သုံးစွဲခဲ့ရသော အစိုးရဌာနမှာ ပြည်ထဲရေးဝန်ကြီးဌာနဖြစ်ပြီး စတာလင်ပေါင် ၇၃ ဒသမ ၇ သန်းထိ သုံးစွဲခဲ့ရကြောင်း သိရသည်။

ဘုရင်မအဲလစ်ဇဘက်၏ နိုင်ငံတော်ဈာပနအခမ်းအနားသို့ ကမ္ဘာတစ်ဝန်းမှ ဂုဏ်သရေရှိ ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ရာ လန်ဒန်မြို့သမိုင်းတစ်လျှောက် ရဲတပ်ဖွဲ့ဝင်အင်အား အများဆုံး အသုံးပြုခဲ့ရသည့် အခမ်းအနား ဖြစ်ခဲ့ကြောင်း သိရသည်။

KKO

# ရူပီး ၂၀၀၀ တန်ငွေစက္ကူများ အိန္ဒိယဗဟိုဘဏ်ပြန်သိမ်းမည်

**ဒေလီ မေ ၂၀**

ပြည်တွင်း၌ လှည့်ပတ်သုံးစွဲနေသော ရူပီးငွေစက္ကူများအနက် တန်ဖိုးအမြင့်ဆုံး ရူပီးငွေစက္ကူများကို အိန္ဒိယဗဟိုဘဏ်က ပြန်သိမ်းမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက မေ ၁၉ ရက်တွင် ဖော်ပြခဲ့သည်။



ပြည်တွင်း၌ လှည့်ပတ်သုံးစွဲနေသော ရူပီးငွေစက္ကူများအနက် ၂၀၀၀တန်ရူပီးငွေစက္ကူများကို ပြန်သိမ်းမည်ဖြစ်ကြောင်း အိန္ဒိယဗဟိုဘဏ်က သတင်းထုတ်ပြန်ထားသည်။

ရူပီး ၂၀၀၀ တန်ငွေစက္ကူများ ပြန်သိမ်းမှုကြောင့် ပြည်သူတို့၏ နေ့စဉ်ဘဝလှည့်ပတ်မှုနှင့် နိုင်ငံ၏ စီးပွားရေးတို့ ထိခိုက်မည်မဟုတ်ကြောင်း အိန္ဒိယအစိုးရဘဏ္ဍာရေးဝန်ကြီးဌာန ထိပ်သီးတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အိန္ဒိယဗဟိုဘဏ်၏အစီအစဉ်အရ ပြည်သူများအနေဖြင့် ရူပီး ၂၀၀၀ တန်ငွေစက္ကူများကို ယခုနှစ် စက်တင်ဘာ ၃၀ ရက်နောက်ဆုံးထား၍ ဘဏ်များ၌ပြန်လည်အပ်နှံ၍ တန်ဖိုးနိမ့် ရူပီးငွေစက္ကူများဖြင့် လဲလှယ်ရမည်ဖြစ်သည်။

လက်ရှိအချိန်တွင် အိန္ဒိယဗဟိုဘဏ်သည် ရူပီး ၂၀၀၀ တန်များကို တရားဝင်ဆက်သုံးစွဲခွင့်ပေးထားဆဲဖြစ်သည်။

ငွေစက္ကူအတုများ ပြဿနာကို ဖြေရှင်းရေးအတွက် အိန္ဒိယအစိုးရသည် ၂၀၁၆ ခုနှစ်တွင် ရူပီး ၅၀၀ နှင့် ၁၀၀၀တန် ငွေစက္ကူဟောင်းများကိုပြန်သိမ်း၍ ရူပီး ၂၀၀၀ တန်နှင့် ၅၀၀ တန် ငွေစက္ကူသစ်များ စတင်ထုတ်ဝေခဲ့ကြောင်း သိရသည်။

KKO

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ပြင်သစ်နိုင်ငံက ယူကရိန်းသို့ တန်ပြန်ထိုးစစ်အတွက် ဒုံးကျည်အသစ်များ ထပ်မံပေးပို့သွားမည်




ယူကရိန်းပိုင်နက်အတွင်း၌ ဗြိတိန်နိုင်ငံမှ ပေးပို့သော Storm Shadow ခရုဇ်ဒုံးကျည်များအသုံးပြု တိုက်ခိုက်လာခဲ့ပြီး ရက်ပိုင်းအကြာတွင် ယူကရိန်းနိုင်ငံသို့ ဒုံးကျည်အသစ်များ ပေးပို့သွားမည်ဖြစ်ကြောင်း ပြင်သစ်သမ္မတ Emmanuel Macron က ကြေညာခဲ့သည်။

ဒုံးကျည်၏ အသေးစိတ်အချက်အလက်များကို ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိသော်လည်း ဒုံးကျည်၏တိုက်ပွဲဝင်နိုင်သော ထိရောက်အကွာအဝေးသည် ယူကရိန်းကို ရုရှားထိုးစစ်များမှ ခုခံကာကွယ်ရန်နှင့် လာမည့်တန်ပြန် ထိုးစစ်အတွက်အထောက်အပံ့ဖြစ်နိုင်လိမ့်မည်ဟု Macron က ပြောကြားခဲ့သည်။

ဒုံးကျည်သည် ရုရှားပိုင်နက်သို့ တိုက်ခိုက်နိုင်လောက်သည်ထိ အကွာအဝေးရှိမည်မဟုတ်ကြောင်း ပြင်သစ်သမ္မတ Emmanuel Macron က ဆက်လက်ပြောကြားခဲ့သည်။

"ရုရှားဆီထိ ရောက်နိုင်မဲ့ လက်နက်တွေကို ကျွန်တော်တို့ ထောက်ပံ့ပေးနေတာ မဟုတ်ပါဘူး။ တစ်ခါတလေတော့ ကျွန်တော်တို့ ကန့်သတ်ချက်တွေ ထားပေးရပါတယ်"ဟု ပြင်သစ် တီဗီချန်နယ် TF1 နှင့် အင်တာဗျူးတစ်ခုတွင် ပြင်သစ်သမ္မတ Emmanuel Macron က အလေးပေး ပြောကြားခဲ့သည်။

ဗြိတိန်နိုင်ငံကဲ့သို့ပင် ပြင်သစ်နိုင်ငံသည် SCALP-EG ဟု လူသိများသော Storm Shadow ဝေဟင်မှ မြေပြင်ပစ် ခရုဇ်ဒုံးကျည်များကို ပေးပို့သွားနိုင်သည်။ SCALP-EG သည် ၁၅၅ မိုင် (၂၄၉ ကီလိုမီတာ) အကွာအဝေးရှိ ပစ်မှတ်ကို တိုက်ခိုက်နိုင်ပြီး ၎င်း၏ ကီလိုဂရမ် ၄၅၀ (၉၉၂ ပေါင်)ရှိ ထိပ်ဖူးသည် မြေအောက်ဘန်ကာများကဲ့သို့ ခိုင်မာတောင့်တင်းသောပစ်မှတ်များကို ထိုးဖောက်ဝင်ရောက် တိုက်ခိုက်နိုင်စွမ်းရှိသည်။ ဒုံးကျည်တွင် ကြားဖြတ်ပစ်ချခံရနိုင်ခြေကို လျှော့ချရန် ကိုယ်ပျောက်အနိမ့်ပျံသန်းတိုက်ခိုက်နိုင်စွမ်း ပါရှိသည်။

ပြင်သစ်သည် ယူကရိန်းပဋိပက္ခဖြစ်ပွားကတည်းက Ceaserယာဉ်တင် ဟောင်ဝစ်ဇာအမြောက်များ၊ Milan တင့်ဖျက်ဒုံးများ၊ Mistral လေယာဉ်ပစ်ဒုံးများနှင့် AMX-10 RC အပေါ့စားသံချပ်ကာယာဉ်များကို ယူကရိန်းသို့ ပေးပို့ခဲ့သည်။

**France to Send New Missiles to Ukraine for Counteroffensive: Macron** ကို ဘာသာပြန်ဆိုထားပါသည်။

## Raytheon က တောင်ကိုရီးယား FA-50 ဂျက်လေယာဉ်များတွင် Phantom Strike ရေဒါတပ်ဆင်ပေးမည်

Raytheon Technologies နှင့်- Korea Aerospace Industries(KAI) တို့ ပူးပေါင်း၍ Raytheon ကုမ္ပဏီသည် တောင်ကိုရီးယား FA-50 ဂျက်လေယာဉ်များတွင် တာဝေးပစ်ခြိမ်းခြောက်မှုကိုဖော်ထုတ်ခြင်း၊ ခြေရာခံခြင်းနှင့်ပစ်မှတ်များကို ပံ့ပိုးပေးနိုင်သည့် PhantomStrike ရေဒါများ တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။


သဘောတူညီချက်အရ ထုတ်လုပ်မှုကို အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်နှင့် မစ္စစ္စပီပြည်နယ်အပြင် စကော့တလန်နိုင်ငံတွင် လုပ်ဆောင်သွားမည်ဖြစ်သည်။

အဆိုပါ Phantom Strikes ရေဒါများသည် အမေရိကန်အစိုးရနှင့်ပူးပေါင်း၍ တိုက်ရိုက်စီးပွားဖြစ်ရောင်းချသည့် ထုတ်ကုန်များအဖြစ် တောင်ကိုရီးယားကုမ္ပဏီထံ တင်ပို့ပေးမည်ဖြစ်သည်။ လွှဲပြောင်းပို့ဆောင်မှုကို ၂၀၂၅ ခုနှစ်တွင် အပြီးသတ်လုပ်ဆောင်နိုင်ရန် မျှော်မှန်းထားသည်။

Phantom Strike ရေဒါသည် ပြိုင်ဘက်ကင်း စွမ်းဆောင်ရည်စနစ်များနှင့် နှိုင်းယှဉ်ပါက ပါဝါအသုံးပြုမှုအနည်းငယ်ဖြင့် ကျစ်လျစ်စွာတည်ဆောက်ထားသော အပေါ့စား Active Electronically Scanned Array (AESA) ရေဒါအမျိုးအစားဖြစ်သည်။ Raytheon ကုမ္ပဏီသည် အပေါ့စားတိုက်ခိုက်ရေးလေယာဉ်များ၊ မောင်းသူမဲ့လေယာဉ်များ၊ ရဟတ်ယာဉ်များနှင့် မြေပြင်အခြေစိုက်မျှော်စင်များအပါအဝင် အမျိုးမျိုးသောကာကွယ်ရေးစနစ်များ ပေါင်းစပ်အသုံးပြုနိုင်ရန် အဆိုပါရေဒါကို တီထွင်ထုတ်လုပ်ခဲ့သည်။

Phantom Strike ရေဒါဖြင့် FA-50 တိုက်လေယာဉ်တွင် တပ်ဆင်အသုံးပြုနိုင်ခြင်းသည် အရေးပါသောလေယာဉ်များ၏ စွမ်းဆောင်ရည်ကို အဆင့်မြှင့်တင်ပေးနိုင်မည်ဖြစ်ကာ ကျစ်လျစ်သော၊ ဈေးသက်သာသော ပက်ကေ့ချ်တစ်ခုတွင် ပြိုင်ဘက်ကင်းသော စွမ်းဆောင်ရည်ကိုပေးစွမ်းနိုင်လိမ့်မည်ဖြစ်သည်ဟု Raytheon Technologies Global Spectrum Dominance ဥက္ကဋ္ဌ Annabel Flores က ပြောကြားသည်။

Phantom Strike ရေဒါသည် အခြားသောခေတ်မီ AESA စနစ်များနှင့်အတူ ဝိသေသအင်္ဂါရပ်များပိုင်ဆိုင်နိုင်ရန် Raytheon ၏ Gallium Nitride-Powered Array နှင့်ကျစ်လျစ်သိပ်သည်းစွာ တည်ဆောက်ပုံဖော်ထားမှုနှင့်ယုံကြည်စိတ်ချရမှုတို့အတွက် ပေါင်းစပ်အသုံးပြုထားသော Receiver, Exciter ပရိုဆက်ဆာတို့ကို တပ်ဆင်အသုံးပြုထားသည်။ ချဉ်းကပ်မှုတွင် Multimode လုပ်ဆောင်နိုင်စွမ်း၊ ဒစ်ဂျစ်တယ် Beam Forming အသုံးပြုနိုင်ခြင်း၊ ထိန်းကျောင်းလုပ်ဆောင်နိုင်ခြင်းနှင့် မြေပြင်နှင့် ဝေဟင်ပစ်မှတ်အချက်အလက်များကို တွက်ချက်ဖော်ပြပေးနိုင်မည်ဖြစ်သည်။



**Raytheon to Outfit South Korean FA-50 Jets WithPhantom Strike Radar** ကို ဘာသာပြန်ဆိုထားပါသည်။

## တူရကီထုတ် Siper လေကြောင်းရန်ကာကွယ်ရေးစနစ်ကို နောက်ဆုံးအကြိမ်စမ်းသပ်မှုအောင်မြင်စွာပြုလုပ်နိုင်ခဲ့



တူရကီသည် ပြည်တွင်းထုတ် လေကြောင်းရန်ကာကွယ်ရေးစနစ် Siper ကို တရားဝင်တပ်ဖြန့်အသုံးမပြုမီ မေ ၁၂ ရက်က နောက်ဆုံးအကြိမ် စမ်းသပ်မှုတွင် တာဝေး ဝေဟင်ပစ်မှတ်ကို ထိမှန်ဖျက်ဆီးနိုင်ခဲ့ကြောင်း တူရကီနိုင်ငံ Anadolu သတင်းဌာနမှ Gokhan Ergocun ၏ အဆိုအရ သိရသည်။

Siper စီမံကိန်းကို တူရကီ၏ ကာကွယ်ရေးစက်မှုလုပ်ငန်းများဖြစ်သော Aselsan နှင့် Roketsan ကုမ္ပဏီတို့က ဦးဆောင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

Siper လက်နက်စနစ်သည် တာဝေးပစ်မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည် (SAM) လေကြောင်းရန်ကာကွယ်ရေးစနစ်ဖြစ်ပြီး လေယာဉ်၊ ခရုဇ်ဒုံးကျည်များ၊ ဝေဟင်မှမြေပြင်ပစ်ဒုံးကျည်များနှင့် မောင်းသူမဲ့လေယာဉ်များ(UAV)ကို ကာကွယ်နိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ ၎င်းကို Roketsan ကုမ္ပဏီ၊ Aselsanကုမ္ပဏီနှင့်သုတေသနဌာန Tübitak Sage တို့က ပြည်တွင်း၌ပင် ပူးပေါင်းတီထွင်ခဲ့သည်။

အဆိုပါစီမံကိန်းကို တူရကီကာကွယ်ရေးစက်မှုလုပ်ငန်းအဖွဲ့ချုပ် (SSB)က ၂၀၁၈ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့သည်။ Roketsan ကုမ္ပဏီသည် အဆိုပါဒုံးကျည်ကို တီထွင်ခဲ့ပြီး အာရုံခံကိရိယာများ နှင့်အီလက်ထရွန်နစ်ပစ္စည်းများကို Aselsan ကုမ္ပဏီက တီထွင်ထုတ်လုပ်ခဲ့သည်။

Siper လက်နက်စနစ်သည် ရုရှား၏ S-400 လေကြောင်းရန်ကာကွယ်ရေးစနစ်နှင့်အပြိုင် တပ်ဖြန့်အသုံးပြုနိုင်ရန် မျှော်မှန်းလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာလက တူရကီမြောက်ပိုင်း Sinop မြို့ရှိ စမ်းသပ်လေ့ကျင့်ရေးကွင်း၌ ပြုလုပ်ခဲ့သော ပထမဆုံးပစ်ခတ်စမ်းသပ်မှုအတွင်း Siper Block 1 ဒုံးကျည်စနစ်သည် အကွာအဝေး ကီလိုမီတာ ၁၀၀ (၆၂ မိုင်)ကျော်မှ မြန်နှုန်းမြင့်ပစ်မှတ်လေယာဉ်ကို ထောက်လှမ်း၊ ခြေရာခံထိန်းကျောင်းနိုင်ခဲ့ပြီး အောင်မြင်စွာတိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့မှုကို သရုပ်ပြသနိုင်ခဲ့သည်။ ၎င်းတွင် ပစ်မှတ်အများအပြားကို ရေဒါဖြင့်ရှာဖွေထောက်လှမ်း၊ တိုက်ပွဲဝင်နိုင်စွမ်းပိုင်ဆိုင်ထားပြီး ရန်သူ၊ မိတ်ဆွေ စိစစ်ခွဲခြားရေးစနစ် ပါရှိသည်။ Siper လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်ကို ယခုနှစ်အတွင်း တပ်တော်ဝင်အသုံးပြုနိုင်လိမ့်မည်ဟုသိရသည်။

တူရကီနိုင်ငံသည် ၎င်း၏နိုင်ငံတော်ကာကွယ်ရေးစွမ်းရည်မြှင့်တင်ရန်အတွက် ရုရှားထုတ် S-400 နှင့် အပြိုင်ဖြစ်လာမည့် Siper လက်နက်စနစ်အပြင် အမျိုးမျိုးသော လေကြောင်းရန်ကာကွယ်ရေးစနစ်များ တီထွင်ထုတ်လုပ်ရာတွင် တက်ကြွစွာကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး Korkut၊ Sungur နှင့် Hisar လေကြောင်းရန်ကာကွယ်ရေးစနစ်များကိုလည်း အလွှာစုံလွှမ်းခြုံကာကွယ်နိုင်ရေးအတွက် ရည်ရွယ်၍ ထုတ်လုပ်လျက်ရှိသည်။

**Turkish Siper air defense system succeeds in final firing test** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

## နိုင်ငံတကာ အားကစားသတင်းများ

# Italian Open တင်းနစ်ပြိုင်ပွဲ ပိုလ်လုပွဲအဆင့်သို့ ရိုင်ဘာကီနာ တက်ရောက်

**ရိုးမား မေ ၂၀**

အီတလီနိုင်ငံ ရိုးမားမြို့တွင် ကျင်းပနေသည့် Italian Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် လတ်ဗီးယား တင်းနစ်မယ် အိုစတာပင်ကိုနှင့် ကာဇက်စတန်တင်းနစ်မယ် ရိုင်ဘာကီနာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရိုင်ဘာကီနာက (၆-၂၊ ၆-၄) ရလဒ်ဖြင့်အနိုင်ရရှိကာ ဗိုလ်လုပွဲစဉ် အဆင့်သို့ တက်ရောက်ခဲ့ကြောင်း UbiTennis သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရိုင်ဘာကီနာအနေဖြင့် ယခုနှစ် တင်းနစ်ရာသီအတွင်း WTA 1000 တင်းနစ်ပြိုင်ပွဲ အမျိုးအစားများ၌ တတိယအကြိမ်မြောက်ဗိုလ်လုပွဲစဉ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ရိုင်ဘာကီနာသည် ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ဒုတိယပွဲငယ်တွင် အိုစတာပင်ကိုက (၄-၁) ရလဒ်ဖြင့် ဦးဆောင်ထားနိုင်ခဲ့သော်လည်း ရိုင်ဘာကီနာကနောက်မှ လိုက်ကစား၍ (၆-၄)ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲစဉ်သို့ တက်ရောက်ခဲ့သည်။

ရိုင်ဘာကီနာက "ပထမပွဲငယ်မှာတော့ အခက်အခဲမရှိဘဲ အနိုင်ကစားနိုင်ခဲ့ပါတယ်။ ဒါပေမဲ့လဲ ဒုတိယပွဲငယ်မှာတော့ စွမ်းဆောင်ရည်ပိုင်းက တော်တော်လေး စိတ်ပျက်စရာ ကောင်းခဲ့တယ်။ အိုစတာပင်ကိုရဲ့ ဖိအားအောက်ကိုရောက်သွားခဲ့တယ်။ ပြတ်သားတဲ့ ရလဒ်တစ်ခုနဲ့ ဦးဆောင်ထားတဲ့အတွက်ကြောင့် ဖိအားတော်တော်လေးဝင်ခဲ့တယ်။ ဒါပေမဲ့လဲ အမှားတွေကို အကောင်းဆုံးပြင်ဆင်နိုင်ခဲ့ပြီး အနိုင်ရလဒ်ကိုပြန်ရအောင် စွမ်းဆောင်နိုင်ခဲ့တယ်။ အမှားများခဲ့တဲ့အတွက် စိတ်ပျက်ရပေမဲ့လဲ နောက်ကနေလိုက်ကစားပြီး အနိုင်ရလဒ်ပါ စွမ်းဆောင်နိုင်ခဲ့တဲ့အခြေအနေပေါ်မှာ အားရကျေနပ်မှုရှိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



| | | | | |
|---|---|---|---|---|
| **ပရီးမီးယားလိဂ် ပွဲစဉ် (၃၇) ရလဒ်** | | | | |
| စပါး | ၁ | - | ၃ | ဘရန့်ဖို့ဒ် |
| ဘုန်းမောက် | ၀ | - | ၁ | မန်ယူ |
| ဖူလ်ဟမ် | ၂ | - | ၂ | ပဲလေ့စ် |
| လီဗာပူး | ၁ | - | ၁ | အေဗီလာ |
| ဝုဗ် | ၁ | - | ၁ | အဲဗာတန် (၀၄၀) |

## အားကစားသတင်း အတိုအထွာများ

- စပါးအသင်းက ချဲလ်ဆီးအသင်းမှထွက်ခွာမည့် ဂိုးသမားမန်ဒီကို လိုရစ်၏နေရာတွင် အစားထိုးနိုင်ရန်အတွက် ဆွေးနွေးမှုများပြုလုပ်နေကြောင်း သိရသည်။
- နည်းပြတန်ဟတ်က တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်အနေဖြင့် အသင်းနှင့် သက်တမ်းတိုးမည်ဖြစ်ပြီး လာမည့်ဘောလုံးရာသီ မန်ယူအသင်းတွင် ဆက်ရှိမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။
- ယခုနှစ်ဘောလုံးရာသီတွင် ဘရိုက်တန်အသင်းအား ရလဒ်ကောင်းများရယူပေးထားသည့် နည်းပြဒီဇာဘီက အသင်းအနေဖြင့် ဥရောပပြိုင်ပွဲကစားခွင့်နှင့် ထိုက်တန်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ML

# ယခုနှစ်ဘောလုံးရာသီ လာလီဂါတစ်နှစ်တာ အကောင်းဆုံး ကစားသမားစာရင်းတွင် ဘာစီလိုနာမှ ကစားသမားငါးဦးထိပါဝင်




**မက်ဒရစ် မေ ၂၀**

လာလီဂါပြိုင်ပွဲ၏ ၂၀၂၂-၂၀၂၃ ဘောလုံးရာသီပြီးဆုံးရန် ပွဲစဉ်လေးပွဲ ကျန်ရှိနေသော်လည်း တစ်နှစ်တာအကောင်းဆုံးအသင်းလူစာရင်း ထုတ်ပြန်ခဲ့ရာတွင် ဘာစီလိုနာအသင်းမှ ကစားသမားငါးဦးထိပါဝင်ခဲ့ကြောင်း Barcablaugranes.com က ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြဇာဗီ တာဝန်ယူနေသည့် ဘာစီလိုနာအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပွဲစဉ် ၃၄ အပြီးတွင် အသင်းကို ချန်ပီယံဆုဖလားရရှိအောင် စွမ်းဆောင်နိုင်ခဲ့သကဲ့သို့ အသင်းခံစစ်ပိုင်းမှာလည်း လက်ရှိအချိန်ထိ ပေးဂိုး ၁၃ ဂိုးသာရှိခဲ့ပြီး ဥရောပထိပ်သီးကလပ်အသင်းများတွင် ခံစစ်အကောင်းဆုံးအသင်းအဖြစ်ရပ်တည်နိုင်ခဲ့သောကြောင့် တစ်နှစ်တာ အကောင်းဆုံးအသင်းလူစာရင်းတွင် ဂိုးသမားတာစတီဂန်၊ ခံစစ်ကစားသမားခွန်ဒီနှင့် ဘာလီတ်၊ ကွင်းလယ်ကစားသမား ပက်ထရီ၊ တိုက်စစ်မှူး လီဝမ်ဒေါ့စကီးတို့ ပါဝင်ခဲ့ကြောင်း သိရသည်။

အဆိုပါ တစ်နှစ်တာအကောင်းဆုံးအသင်းလူစာရင်းတွင် ဂိုးသမားများအဖြစ် ဘာစီလိုနာအသင်းမှ တာစတီဂန်၊ မိုလီနာ၊ ခံစစ်ကစားသမားများအဖြစ် ရီးရဲလ်မက်ဒရစ်မှ မီလီတာအို၊ ဂါစီယာ၊ ဘာစီလိုနာမှ ဘာလီတ်နှင့် ခွန်ဒီ၊ ကွင်းလယ်ကစားသမားအဖြစ် ဆဲလ်တာဗီဂိုအသင်းမှ ဗီအီဂါ၊ ရီးရဲလ်မက်ဒရစ်မှဗယ်ဗာဒီ၊ မိုဒရစ်၊ မာရင်နို၊ ဘာစီလိုနာအသင်းမှ ပက်ထရီ၊ တိုက်စစ်ပိုင်းတွင် ဘာစီလိုနာမှ လီဝမ်ဒေါ့စကီး၊ အေတီကိုမှ ဂရစ်ဇ်မန်း၊ ရီးရဲလ်မက်ဒရစ်မှ ဘင်ဇီးမားနှင့် ဗင်နီစီးယက်စ်တို့ပါဝင်ခဲ့သည်။

လက်ရှိတွင် လာလီဂါဘောလုံးပြိုင်ပွဲပြီးဆုံးရန် လေးပွဲအလိုတွင် တိုက်စစ်မှူး လီဝမ်ဒေါ့စကီးက သွင်းဂိုး ၂၁ ဂိုးဖြင့် ဒုတိယနေရာမှ ၁၇ ဂိုးသွင်းယူထားသည့် ဘင်ဇီးမားထက် လေးဂိုးအသာဖြင့်ဦးဆောင်နေပြီး လာမည့်ပွဲစဉ်များတွင် သွင်းဂိုးထပ်မံရရှိပါက ရွှေဖိနပ်ဆုရယူနိုင်ရန် သေချာနေကြောင်း သိရသည်။

ML

# ဆောက်သမ်တန်အသင်းက ရှာဘင်ဆဲလက်နေရာတွင် ဆွမ်ဆီးအသင်းနည်းပြရက်စ်ဆဲလ်ကို ခန့်အပ်မည်ဟုကြေညာ

**လန်ဒန် မေ ၂၀**

ဆောက်သမ်တန်အသင်းသည် ယခုနှစ် ဘောလုံးရာသီကုန်ထိ ခန့်အပ်ထားသည့် နည်းပြ ရှာဘင်ဆဲလက်နေရာတွင် ဆွမ်ဆီးအသင်း နည်းပြရက်စ်ဆဲလ်ကို အစားထိုး ခန့်အပ်မည်ဖြစ်ကြောင်း အတည်ပြု ကြေညာခဲ့သည်ဟု Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဆောက်သမ်တန်အသင်းသည် ပြီးခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ် (၃၆)အပြီးတွင် ဖူလ်ဟမ်အသင်းကို နှစ်ဂိုးပြတ် ရှုံးနိမ့်ခဲ့ပြီးနောက် ပရီးမီးယားလိဂ်မှ တန်းဆင်းခဲ့ရကာ ၂၀၁၁ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ချန်ပီယံရှစ်ပြိုင်ပွဲသို့ ဆင်းကစားရမည်ဖြစ်သောကြောင့် လက်ရှိနည်းပြ ရှာဘင်ဆဲလက်ကို စာချုပ်သက်တမ်း ကုန်ဆုံးပါက သက်တမ်းတိုးမည်မဟုတ်ဘဲ ဆွမ်ဆီးအသင်းနည်းပြ ရက်စ်ဆဲလ်ကို အစားထိုး ခန့်အပ်မည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ယခုနှစ် ဘောလုံးရာသီတွင် ဆောက်သမ်တန် အသင်းသည် ကစားသမားသစ် ခေါ်ယူမှုအဖြစ် ဂိုးသမားဘန်ဖူနူ၊ ကွင်းလယ်ကစားသမား လာဗီယာ၊ အာရီဘို၊ မာရာ၊ ကာလီကာတာ၊ တိုက်စစ်မှူး အော်ဆစ်၊ ဆူလီမန်နာ၊ အိုနူအာချူစသည့်ကစားသမားများကိုခေါ်ယူခဲ့သော်လည်း ရလဒ်ပိုင်းဆိုးရွားခဲ့သဖြင့် နည်းပြဟတ်ဆန်ဟတ်၊ နည်းပြ နသန်ဂျုံးနှင့် နည်းပြ ရှာဘင်ဆဲလက်တို့ကို ပြောင်းလဲခန့်အပ်ခဲ့ရာ အမှတ်ပေးပွဲ ၃၆ ပွဲအပြီးတွင် ခြောက်ပွဲနိုင်၊ ခြောက်ပွဲသရေ၊ ၂၄ ပွဲရှုံးဖြင့် ရမှတ် ၂၄ မှတ်သာရရှိခဲ့ပြီး ပထမဆုံးတန်းဆင်းခဲ့ရခြင်းဖြစ်သည်။

လက်ရှိတွင် ဆောက်သမ်တန်အသင်းပိုင်ရှင် အန်ကာဆင်က လာမည့်ဘောလုံးရာသီတွင် အသင်းကို ပရီးမီးယားလိဂ်သို့ ပြန်လည်တန်းတက်ခွင့်ရရှိအောင် ဆုံးဖြတ်ထားသဖြင့် ချန်ပီယံရှစ်ပြိုင်ပွဲတွင် အတွေ့အကြုံကောင်းများ ပိုင်ဆိုင်ထားသည့် ဆွမ်ဆီးအသင်းနည်းပြ ရက်စ်ဆဲလ်ကိုခေါ်ယူရန် ဆွေးနွေးမှုများပြုလုပ်နေကာ လာမည့် ရက်သတ္တပတ်အတွင်း အပြီးသတ်စာချုပ်ချုပ်ဆို၍ တရားဝင်နည်းပြအဖြစ် ထုတ်ပြန်ကြေညာရန် ကြိုးပမ်းနေကြောင်း သိရသည်။

ML

# ယခုနှစ်ဘောလုံးရာသီကုန်တွင် မန်ယူအသင်းမှထွက်ခွာမည်ဟု ခံစစ်ကစားသမား ဖီးလ်ဂျုံး ပြောကြား

**မန်ချက်စတာ မေ ၂၀**

မန်ယူအသင်း ခံစစ်ကစားသမား ဖီးလ်ဂျုံးသည် ဒဏ်ရာပြဿနာဖြင့် ရုန်းကန်နေရသောကြောင့် ယခုနှစ်ဘောလုံးရာသီကုန်တွင် အသင်းမှထွက်ခွာမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်ဟု Channelnewsasia.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၁ နှစ်ရှိ ခံစစ်ကစားသမား ဖီးလ်ဂျုံးသည် မန်ယူအသင်းသို့ရောက်ရှိပြီးနောက်ပိုင်း အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၂၉ ပွဲထိပါဝင်ကစားပေးခဲ့ပြီး ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်မှစတင်ကာ ဒဏ်ရာပြဿနာများနှင့်သာ ရုန်းကန်နေရသောကြောင့် ဘောလုံးရာသီလေးရာသီတွင် ၁၃ ပွဲသာပါဝင်ကစားခွင့်ရရှိခဲ့ပြီး ယခုနှစ်ဘောလုံးရာသီ စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် အသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ခံစစ်ကစားသမား ဖီးလ်ဂျုံးက "ကျွန်တော့်အနေနဲ့ မန်ယူအသင်းမှာ ဆက်ကစားချင်ပေမဲ့ ဒဏ်ရာပြဿနာတွေကြောင့် မန်ယူကစားသမားဘဝ အဆုံးသတ်တော့မှာဖြစ်ပါတယ်။ အသင်းမှာ ၁၂ နှစ်ကျော်ထိ ကစားခွင့်ရခဲ့တာဟာ အရမ်းအံ့သြစရာကောင်းပါတယ်။ မန်ယူအသင်းဂျာစီကို ဝတ်ဆင်ပြီး အကောင်းဆုံးအချိန်ကို ရရှိခဲ့တာကြောင့်လဲ အရမ်းဝမ်းသာမိပါတယ်။ ဒီအသင်းမှာပဲ ကျွန်တော့်ရဲ့အိပ်မက်တွေကို အကောင်အထည်ဖော်နိုင်ခဲ့တာပါ"ဟု ပြောကြားခဲ့သည်။




ဖီးလ်ဂျုံးသည် ၂၀၀၉ ခုနှစ်က ဘလက်ဘန်းအသင်းနှင့် ပရော်ဖက်ရှင်နယ် ကစားသမားဘဝ စတင်ခဲ့ပြီးနောက် ၂၀၁၁ ခုနှစ်တွင် မန်ယူအသင်းသို့ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ပရီးမီးယားလိဂ်ဆုဖလား နှစ်ကြိမ်၊ ကွန်မြူနတီဒိုင်း လေးကြိမ်၊ အက်ဖ်အေဖလားတစ်ကြိမ်၊ ကာရာဘောင်းဖလားနှစ်ကြိမ်၊ ယူရိုပါလိဂ်ဖလား တစ်ကြိမ် ဆွတ်ခူးခဲ့ကြောင်း သိရသည်။

ML

# ပြင်သစ်လီဂူးပြိုင်ပွဲ သွင်းဂိုးအများဆုံးကစားသမားဆုအတွက် အမ်ဘက်ပီနှင့် လာကာဇက်တို့ ၂၆ ဂိုးစီဖြင့် ပူးတွဲရပ်တည်နေ




**ပဲရစ် မေ ၂၀**

ယခုနှစ်ဘောလုံးရာသီ ပြင်သစ်လီဂူးပြိုင်ပွဲ ပြိုင်ပွဲပြီးဆုံးရန် နှစ်ပွဲအလိုတွင် သွင်းဂိုးအများဆုံးကစားသမားဆုအတွက် ပီအက်စ်ဂျီအသင်းမှတိုက်စစ်မှူးအမ်ဘက်ပီနှင့်လိုင်ယွန်အသင်းမှ တိုက်စစ်မှူးလာကာဇက်တို့က သွင်းဂိုး ၂၆ ဂိုးစီဖြင့် ထိပ်ဆုံးတွင် ပူးတွဲရပ်တည်လျက်ရှိနေသည်ဟု Bleacher Report Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ပြင်သစ်လီဂူးပွဲစဉ်(၃၆)အဖြစ် ကစားခဲ့သည့် လိုင်ယွန်အသင်းက မိုနာကိုအသင်းကို သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် လာကာဇက်သည် အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြကစားနိုင်ခဲ့ကာ ပွဲချိန် ၃၈ မိနစ်တွင် သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီ ပြင်သစ်လီဂူးပြိုင်ပွဲတွင် လိုင်ယွန်အသင်းနှင့်အတူ ၃၃ ပွဲကစားခဲ့ရာ ၂၆ ဂိုး သွင်းယူနိုင်ခဲ့ပြီး ဂိုးဖန်တီးမှု ငါးကြိမ်ပြုလုပ်နိုင်ခဲ့သည်။

ထို့အတူ ပီအက်စ်ဂျီအသင်းမှ အမ်ဘက်ပီသည်လည်း အမှတ်ပေးပြိုင်ပွဲ ၃၁ ပွဲပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ၂၆ ဂိုးနှင့် ဂိုးဖန်တီးမှု လေးကြိမ်ထိ ပြုလုပ်နိုင်ခဲ့သဖြင့် လာကာဇက်နှင့် သွင်းဂိုး အရေအတွက်တူညီခဲ့ပြီး ဂိုးသွင်းအများဆုံး ကစားသမားစာရင်းတွင် ပူးတွဲရပ်တည်နေခြင်း ဖြစ်ကြောင်း သိရသည်။ STA

# မြန်မာယူ-၂၀ အမျိုးသမီးအသင်း ဂျပန်နိုင်ငံတွင် သွားရောက်လေ့ကျင့်

**ရန်ကုန် မေ ၂၀**

၂၀၂၄ အာရှယူ-၂၀အမျိုးသမီး ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲဒုတိယအဆင့်အတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်နေသည့် မြန်မာယူ-၂၀ အသင်းသည် ပြိုင်ပွဲမတိုင်မီ ဂျပန်နိုင်ငံသို့သွားရောက်ကာ လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

မြန်မာယူ-၂၀ အမျိုးသမီးအသင်းသည် AYA Bank ၏ ပံ့ပိုးကူညီမှုများဖြင့် မြန်မာအမျိုးသမီးအသင်းသည် မေ ၁၉ ရက်က ဂျပန်နိုင်ငံသို့သွားရောက်ခဲ့ပြီး မေ ၂၇ ရက်ထိ ဂျပန်နိုင်ငံ ဖူကူရှီးမားမြို့ရှိ J Village National Training ၌ စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိနေသည်။

မြန်မာယူ-၂၀ အမျိုးသမီးအသင်းသည် ဂျပန်နိုင်ငံတွင် လေ့ကျင့်စဉ်ကာလအတွင်း မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနည်းပြအူကီတက်ဆူယို၏ချိတ်ဆက်ပေးမှုများဖြင့် လေ့ကျင့်ရေးခြေစမ်းပွဲစဉ်နှစ်ပွဲ ကစားမည်ဖြစ်သည်။

မြန်မာယူ-၂၀ အမျိုးသမီးအသင်းသည် ပြီးခဲ့သည့် မတ်လက ၂၀၂၄ အာရှယူ-၂၀ အမျိုးသမီးဘောလုံးပြိုင်ပွဲခြေစစ်ပွဲပထမအဆင့်တွင် အုပ်စုပထမဖြင့် ဒုတိယအဆင့်သို့ တက်ရောက်ထားပြီး ဒုတိယအဆင့်တွင်လည်း တရုတ်အသင်း၊ နီပေါအသင်း၊ တရုတ်(တိုင်ပေ)အသင်းတို့နှင့်တစ်အုပ်စုတည်းကျရောက်နေပြီး အဆိုပါအုပ်စုပွဲစဉ်များကို လာမည့်ဇွန်လတွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ၂၀၂၄အာရှယူ-၂၀ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပွဲစဉ်များအဖြစ် ဇွန် ၆ ရက်တွင် နီပေါ၊ ဇွန် ၈ ရက်တွင် တရုတ်(တိုင်ပေ)နှင့် ဇွန် ၁၀ ရက်တွင် တရုတ်အသင်းတို့နှင့် ကစားရမည်ဖြစ်ကြောင်း သိရသည်။

STA

# အာဆင်နယ်အသင်းမှ ရှာကာ လောင်းကစားမှုတွင်ပါဝင်မှုမရှိကြောင်း အမျိုးသားရာဇဝတ်မှုတိုက်ဖျက်ရေးအေဂျင်စီထုတ်ပြန်




**လန်ဒန် မေ ၂၀**

အမျိုးသားရာဇဝတ်မှုတိုက်ဖျက်ရေးအေဂျင်စီက အာဆင်နယ်အသင်း ကွင်းလယ်ကစားသမား ရှာကာ၏ လိဒ်အသင်းနှင့်ပွဲစဉ်တွင် အဝါကတ်ပြသခံခဲ့ရသည့် လုပ်ပွဲလောင်းကစားမှုတွင်ပါဝင်ပတ်သက်မှုကိုစစ်ဆေးခဲ့ပြီးနောက် အပြစ်မရှိဟု ထုတ်ပြန်ကြေညာခဲ့ကြောင်း The Telegraph သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရှာကာသည် ပြီးခဲ့သည့် ၂၀၂၁-၂၀၂၂ ဘောလုံးရာသီ အာဆင်နယ်အသင်းနှင့် လိဒ်အသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် လောင်းကစားမှုတွင်ပါဝင်ပတ်သက်ပြီး အဝါကတ်ပြသခံခဲ့သည်ဟု သတင်းများထွက်ပေါ်ခဲ့ပြီးနောက် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်နှင့် အမျိုးသားရာဇဝတ်မှုတိုက်ဖျက်ရေး အေဂျင်စီတို့က ရှာကာကို လောင်းကစားမှုတွင်ပါဝင်ပတ်သက်သည့်အမှုဖြင့် စွဲချက်တင်ကာ စစ်ဆေးမှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်မတိုင်မီကတည်းက ရှာကာသည် လိဒ်အသင်းနှင့်ပွဲစဉ်တွင် အဝါကတ်ပြသခံရမည်ဟု လောင်းကြေးဖွင့်မှုများရှိခဲ့ပြီး သတင်းထွက်ပေါ်ခဲ့သည့်အတိုင်း ပွဲချိန် ၈၆ မိနစ်တွင် ရှာကာသည် ပြစ်ဒဏ်ဘောကန်ချိန်တွင် အချိန်ဆွဲခဲ့သည့်အတွက် ကွင်းလယ်ဒိုင်လူကြီး၏ အဝါကတ်ပြသတိပေးခြင်းခံခဲ့ရခြင်းဖြစ်သည်။

ရှာကာအနေဖြင့် အဆိုပါအဝါကတ်အတွက် လောင်းကြေးစတာလင်ပေါင် ၅၂၀၀၀ ထိရရှိခဲ့သည်ဟု သတင်းများထွက်ပေါ်ခဲ့ပြီးနောက် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်နှင့် အမျိုးသားရာဇဝတ်မှုတိုက်ဖျက်ရေးအေဂျင်စီတို့က လုပ်ပွဲလောင်းကစားမှုတွင်ပါဝင်ပတ်သက်သည်ဟု စွဲချက်တင်စစ်ဆေးခဲ့ပြီးနောက် ယခုအခါ အမျိုးသားရာဇဝတ်မှုတိုက်ဖျက်ရေးအေဂျင်စီက စစ်ဆေးမှုများအပြီးတွင် ရှာကာအနေဖြင့် အဆိုပါလောင်းကစားမှုတွင် ပါဝင်ပတ်သက်ခြင်းမရှိဟု ဆုံးဖြတ်ချက် ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ STA

# နွေရာသီကာလအတွင်း စိန်ခေါ်ပွဲစီစဉ်ပေးရန် တိုင်ဆန်ဖျူရီက ဖရန့်ဝါရင်ကို တောင်းဆို

**လန်ဒန် မေ ၂၀**

WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံ ဗြိတိန်လက်ဝှေ့သမား တိုင်ဆန်ဖျူရီသည် နွေရာသီကာလအတွင်း စိန်ခေါ်ပွဲတစ်ပွဲအမြန်ဆုံးစီစဉ်ပေးရန် Promoter ဖြစ်သူ ဖရန့်ဝါရင်ကို တောင်းဆိုသွားခဲ့ကြောင်း Express သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တိုင်ဆန်ဖျူရီသည် WBA (Super)၊ IBF၊ WBO၊ IBO ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံ ယူကရိန်းလက်ဝှေ့သမား အလက်ဇန္ဒားအူဆက်ခ်နှင့် ပြန်လည်ဆွေးနွေးသွားရန် ဖရန့်ဝါရင်ထံ တောင်းဆိုထားသော်လည်း အလက်ဇန္ဒားအူဆက်ခ်သည် ဒူဘွိုက်စ်နှင့်ထိုးသတ်သွားရန် ရက်သတ်မှတ်မည် ဖြစ်သည့်အတွက်ကြောင့် တိုင်ဆန်ဖျူရီက အလက်ဇန္ဒားအူဆက်ခ်နှင့် မဆွေးနွေးနိုင်ပါက အန်တိုနီဂျိုရှာ သို့မဟုတ် အန်ဒီရုဇ်တို့နှစ်ဦးဖြင့်ဆွေးနွေးပေးရန်လည်း ဖရန့်ဝါရင်ထံတောင်းဆိုထားသည်။

ဖရန့်ဝါရင်သည် လက်ဝှေ့ပရိသတ်များ မြင်တွေ့လိုသည့် တိုင်ဆန်ဖျူရီနှင့် အန်တိုနီဂျိုရှာတို့၏ စိန်ခေါ်ပွဲဖြစ်မြောက်ရေးအတွက် ဆွေးနွေးမှုပြုလုပ်ခဲ့ဖူးသော်လည်း အန်တိုနီဂျိုရှာက တိုင်ဆန်ဖျူရီနှင့် ထိုးသတ်သွားရန်ဆန္ဒမရှိကြောင်း သိရသည်။

တိုင်ဆန်ဖျူရီက "ကျွန်တော့်အနေနဲ့ အနားယူတာလုံလောက်ပြီလို့ထင်ပါတယ်။ အချိန်တော်တော်ကြာအနားယူခဲ့ရတယ်။ အနားယူနေတဲ့ကာလအတွင်း လေ့ကျင့်မှုတွေတော့မပြတ်ခဲ့ပါဘူး။ လေ့ကျင့်မှုတွေပြုလုပ်လိုက်၊ စားချင်တာတွေစားလိုက်နဲ့ အချိန်တော်တော်လေးကုန်သွားပြီ။ ဒီနွေရာသီကာလအတွင်းစိန်ခေါ်ပွဲတစ်ပွဲ ထိုးသတ်သွားချင်တယ်။ ပရိသတ်အားလုံးကိုတစ်ခုပြောပြချင်တာက စိန်ခေါ်ပွဲအတွက် ဘယ်လိုပြိုင်ဘက်မျိုးကိုမဆို လက်ခံသွားဖို့အဆင်သင့်ပဲ။ ကျွန်တော်နဲ့ရင်ဆိုင်ရမဲ့ ပြိုင်ဘက်အားလုံးကိုလဲ အလဲထိုးပြဖို့မစောင့်နိုင်အောင်ဖြစ်နေတယ်။ ဒီဇင်ဘာလနောက်ပိုင်း စိန်ခေါ်ပွဲတစ်ပွဲမှမထိုးရသေးဘူး။ ဒါကလဲ ကျွန်တော့်အမှားမဟုတ်ဘူး။ ဆွေးနွေးမှုတွေပြုလုပ်တယ်။ အဆင်မပြေခဲ့တဲ့အတွက် စိန်ခေါ်ပွဲမဖြစ်မြောက်ခဲ့တာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ရှက်ဖလာ၊ ကွန်နာနှင့်ဟိုဗ်လန်းတို့ ပူးတွဲဦးဆောင်

**နယူးယောက် မေ ၂၀**

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင်ကျင်းပနေသည့် PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာ၊ ကနေဒါဂေါက်သီးရိုက်ကစားသမားကွန်နာနှင့် နော်ဝေဂေါက်သီးရိုက်ကစားသမား ဟိုဗ်လန်းတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ငါးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နေကြောင်း GA သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် ဒီချန်ဘိုနှင့်ဂျက်စတင်ဆူတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် သုံးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ပြိုင်ပွဲဝင်များအားလုံးနီးပါးရလဒ်ကောင်းရရှိရန် ရုန်းကန်ခဲ့ရသလို လျော့ရိုက်ချက်များမှာလည်း ပြိုင်ပွဲသက်တမ်းတစ်လျှောက် အနည်းဆုံးလျော့ရိုက်ချက်များအဖြစ်မှတ်တမ်းဝင်သွားခဲ့သည်။

နော်ဝေ ဂေါက်သီးရိုက်ကစားသမားဟိုဗ်လန်းက "ဒုတိယနေ့မှာ ရာသီဥတုက အရမ်းကိုပူတယ်။ ပူပြင်းတဲ့ နေရောင်အောက်မှာ ကစားရတာ အရမ်းပင်ပန်းတယ်။ နောက်ပြီးတော့ စိုစွတ်မှုနှုန်းမြင့်မားတဲ့အချိန်မှာ ကစားရတာနဲ့ အပူချိန်မြင့်မားနေတဲ့အချိန် ကစားရတာမတူပါဘူး။ စိုစွတ်မှုနှုန်းမြင့်တဲ့ အချိန်မှာရိုက်လိုက်တဲ့ဂေါက်သီးဟာ ကျတဲ့နေရာနဲ့ ဘယ်လောက်မှ မဝေးဘဲလိမ့်တယ်။ ရာသီဥတုပူပြင်းနေတဲ့အချိန်ကျတော့ ရိုက်ချင်တဲ့ဂေါက်သီးဟာ ကျတဲ့နေရာကနေ တော်တော်လေး လိမ့်သွားသေးတယ်။ အမှတ်ပေးဇယားကို ကြည့်ခြင်းအားဖြင့် ပြိုင်ပွဲဝင်အားလုံး ရလဒ်ကောင်းဖို့အတွက် တော်တော်လေးရုန်းကန်နေရတယ်ဆိုတာပေါ်လွင်နေပါတယ်။ တတိယနေ့လဲ ဒီလိုပဲရလဒ်ကောင်းဖို့အတွက် ခက်ခဲလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

**ပျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၃၃) ရလဒ်**

| | | | | |
|---|---|---|---|---|
| ဟာသာဘာလင် | ၁ | - | ၁ | ဘိုချန် |
| ဟော့ဖန်ဟိမ်း | ၄ | - | ၂ | ယူနီယံဘာလင် |
| ရှော်လ်ကေး | ၂ | - | ၂ | ဖရန့်ဖတ် |
| ဝါဒါဘရီမင် | ၁ | - | ၁ | ကိုလုံး |

(၀၄၀)

# ကျောင်းနေအရွယ်ကလေးအားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံစို့



ပညာရေးဝန်ကြီးဌာနသည် မေ ၂၃ ရက်မှ ၃၁ ရက်အတွင်းကာလကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၏ ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် သတ်မှတ်ထားသည်။ ဇွန် ၁ ရက်မှစ၍ အခြေခံပညာကျောင်းများ အပြင် တက္ကသိုလ်များလည်း ဖွင့်တော့မည်ဖြစ်သည်။ ကျောင်းသားမိဘအားလုံး မိမိရင်သွေးငယ်များကို ကျောင်းအပ်နှံရေးအတွက် အလုပ်ရှုပ်လျက်ရှိကြသည်။ ပညာရေးဝန်ထမ်းများလည်း မွမ်းမံသင်တန်းများ တက်ရောက်ခြင်း၊ ကျောင်းလက်ခံရေးအတွက် ကြိုတင်ပြင်ဆင်ခြင်း စသည့်တာဝန်များဖြင့် ပင်ပန်းလျက်ရှိကြသည်။ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့် ကျောင်းမနေသူပပျောက်ရေး အတွက် ပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ထားရှိသည်။

### ပညာသည်သာအရာ

စင်စစ်အားဖြင့် ပညာဆုံးခန်းတိုင်အောင်သင်ကြားနိုင်ခြင်းသည် လူတစ်ဦး၏ဘဝတိုးတက်ရေးအတွက် များစွာ အခရာကျလျက်ရှိသည်။ ပညာတတ်လူငယ်များ များပြားသောတိုင်းပြည်သည် တိုးတက်မှုဆီသို့သာ ဦးတည်စေမည်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံတိုင်းသည် ပညာရေးနယ်ပယ်တွင် ရင်းနှီးမြှုပ်နှံလေ့ရှိကြသည်။ ထိုနည်းတူစွာ မြန်မာနိုင်ငံ၌လည်း ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံလျက်ရှိသည်။ နိုင်ငံတော်အစိုးရသည် စဉ်ဆက်မပြတ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာရေး အတွက် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံနိုင်ရေးနှင့် ကျောင်းနေခွင့်ရရှိရေးလုပ်ငန်းများ ကို စီမံချက်ချ၍ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ကျောင်းသား၊ ဆရာ၊ မိဘ၊ ပြည်သူများနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့တို့ကြား တက်ညီလက်ညီ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်မှုများ များစွာလိုအပ်ပေသည်။

### စည်းရုံးသိမ်းသွင်းရန်လို

စင်စစ်အားဖြင့် နှစ်စဉ် မေလသည် ကျောင်းသားမိဘများအတွက် ခက်ခဲပင်ပန်းသောကာလပင်ဖြစ်သည်။ ကလေးများ ကျောင်းအပ်နှံရေးအတွက် ပြဋ္ဌာန်းစာအုပ်၊ လေ့ကျင့်ခန်းစာအုပ်၊ ဘောပင်၊ ခဲတံ၊ ခဲဖျက်၊ ပေတံ၊ လွယ်အိတ်၊ ထီး၊ ဖိနပ်၊ ဦးထုပ်၊ မိုးကာ၊ ထမင်းဘူး၊ ကျောင်းဝတ်စုံ စသည့်လိုအပ်သောပစ္စည်းများကို ကြိုတင်ဝယ်ယူရခြင်း၊ ပြင်ဆင်ရခြင်းများ ပြုလုပ်ကြရသည်။

အထူးသဖြင့် အောက်ခြေလူတန်းစားမိသားစုများတွင် ကျောင်းနေအရွယ်ကလေးများကို အချိန်မီ ကျောင်းအပ်နှံနိုင်ခြင်း မရှိကြချေ။ အချို့သော မိဘများသည် လက်တလောကြုံတွေ့နေရသည့်မိသားစု စားဝတ်နေရေးအခက်အခဲအရ ရင်သွေးငယ်များကို ကျောင်းအပ်နှံလေ့မရှိဘဲ အလုပ်လုပ်ခိုင်းလေ့ရှိကြသည်။ ထို့ကြောင့် ထိုမိသားစုများကို တွေ့ဆုံဆွေးနွေး၍ ကလေးငယ်များအား ကျောင်းအပ်နှံရေးအတွက် ပညာပေးစည်းရုံး သိမ်းသွင်းဆောင်ရွက်သွားရန် လိုအပ်သည်။

### ကျောင်းနေခွင့်မရ

အမှန်တော့ ကျေးလက်ဒေသရှိ အချို့သော ကလေးများသည် စားဝတ်နေရေးအတွက် မိဘများကို တစ်ဖက်တစ်လမ်းမှ ကူညီလုပ်ကိုင်နေကြရသည်။ ထိုကလေးများသည် မိုးလင်းသည်နှင့် လယ်တောထဲ ထွက်ကြရသည်။ ဟင်းစားရရန်အတွက် ဖားရှာ၊ ငါးရှာရသည်။ ဟင်းသီးဟင်းရွက်ခူးကြရသည်။ ကျွဲ၊ နွားများ ကျောင်းကြရသည်။ နွားစာအတွက် မြက်ရိတ်ကြရသည်။ နွားသောက်ရေအတွက် ရေခပ်ကြရသည်။ ကလေးထိန်းကြရသည်။ ဆိုရလျှင် ကျေးလက်ဒေသရှိ ကလေးများသည် ကစားချိန်နှင့်နားချိန်ပင် မရကြသဖြင့် ကျောင်းနေခွင့် ဆုံးရှုံးနေကြရသည်။

အလားတူ မြို့ပြဒေသတွင်လည်း ဆင်းရဲသားမိသားစုများမှ ဆင်းသက်လာသော ကလေးများသည် လမ်းဘေးအမှိုက်ပုံတွင် ပလတ်စတစ်နှင့် ပုလင်းခွံ၊ ဘူးခွံများ ကောက်ကြရသည်။ လမ်းဆုံတွင် ကွမ်းယာ၊ ဆေးလိပ်၊ ရေသန့်နှင့် ဘုရားပန်းများ ရောင်းကြရသည်။ အချို့ကလေးများသည် ရပ်ကွက်ထဲတွင် ပဲပြုတ်နှင့်အကြော် ရောင်းကြရသည်။ အချို့သည် ကုန်ထမ်းကြရသည်။ အချို့သည် လက်ဖက်ရည်ဆိုင်တွင် စားပွဲထိုးလုပ်ကြရသည်။ အချို့သည် အိမ်အကူ လုပ်ကြရသည်။ ထို့ကြောင့် ကျောင်းနေခွင့် အခွင့်အလမ်း ဆုံးရှုံးနေကြရသည်။ စိတ်မကောင်းစရာပင်ဖြစ်သည်။ ထိုကလေးငယ်များ စာသင်ခန်းအတွင်းသို့ ရောက်ရှိရေးအတွက် ဝိုင်းဝန်းအဖြေရှာသင့်ပေသည်။ ထို့ကြောင့် ငွေကြေးတတ်နိုင်သူများနှင့် ပရဟိတအဖွဲ့အစည်းများ၏ အကူအညီများ လိုအပ်သည်။

### မေတ္တာရပ်ခံထား

ပညာရေးဝန်ကြီးဌာနသည် ကျောင်းအပ်နှံရေး သီတင်းပတ်အတွင်း မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက် ထုတ်ပြန်ထားသည်။ မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်၊ ငွေကြေး သို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်းမပြုရန် အထူးမေတ္တာရပ်ခံထားရှိသည်။ ထို့ပြင် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့် အချက်များကိုလည်း ထုတ်ပြန်လေ့ရှိသည်။ ထိုထဲတွင် ငွေကြေးကောက်ခံခြင်းနှင့် လက်ဆောင်ပစ္စည်းတစ်စုံတစ်ရာမျှ လက်ခံခြင်းမပြုရ၊ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်များနှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရဆိုသည့် အချက်များ ပါလေ့ရှိသည်။ ပညာရေးဝန်ထမ်းများ ဆင်ခြင်နိုင်ရန်နှင့် အဂတိတရား ကင်းရှင်းစေရန် သတိပေးထားခြင်းဖြစ်သည်။

### ပညာရည်မြင့်မားရန်လို

အမှန်တော့ ပါတီစုံဒီမိုကရေစီ နိုင်ငံတစ်နိုင်ငံအဖြစ် လျှောက်လှမ်းရာတွင် နိုင်ငံသူ၊ နိုင်ငံသားတို့၏ ပညာရည်မြင့်မားနေရန် လိုအပ်သည်။ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်း အချက်အလက်များအရ အသက် ငါးနှစ်အထက် ကျောင်းမနေဖူးသူဦးရေ ၈ ဒသမ ၁ ရာခိုင်နှုန်းရှိပြီး အသက် ၂၅ နှစ်အထက် လူဦးရေ ၁၂ ဒသမ ၈ သန်းမှာ မူလတန်းအောင် ပညာအရည်အချင်းသာ ရှိနေသည်။ ထို့ကြောင့် နိုင်ငံသူ၊ နိုင်ငံသားများ ပညာရည်မြင့်မားရေးအတွက် ကျောင်းနေအရွယ်ကလေးအားလုံး စာသင်ခန်းအတွင်း ရောက်ရှိနေရန်လိုအပ်သည်။ အစိုးရအဆက်ဆက်သည် ပညာရေးမြင့်မားရေးနှင့်လူစွမ်းအား အရင်းအမြစ် မြင့်မားရေးစီမံကိန်းများ ချမှတ်ဆောင်ရွက်ခဲ့သည်။ ထို့ပြင် အမျိုးသားပညာရည်မြင့်မားရေး နှစ်(၃၀) နှစ်ရှည်စီမံကိန်းကိုလည်း ၂၀၀၁-၂၀၀၂ ဘဏ္ဍာနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်ထိ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

### ပညာရေးညီလာခံ(၂၀၂၃)

ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်သည့်ဝန်ကြီးဌာန ၁၁ ခုတို့သည် တိုင်းပြည်အတွင်း လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွက်လာရေး၊ အနာဂတ်ပညာရေးနယ်ပယ်ကဏ္ဍများ အချိန်နှင့်တစ်ပြေးညီ တိုးတက်စေရေးတို့အတွက်ရည်ရွယ်၍ "မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃)" ကို မေ ၁၈ ရက်မှ ၂၀ ရက်ထိ ကျင်းပလျက်ရှိသည်။ အဆိုပါညီလာခံတွင် စာတမ်းများဖတ်ကြားခြင်း၊ ဆွေးနွေးပွဲကျင်းပခြင်းများ ဆောင်ရွက်ပြီး ပညာရေးကဏ္ဍအတွက် ပကတိ လိုအပ်ချက်များနှင့် အဖြေများ ရှာဖွေသွားမည် ဖြစ်ပေသည်။

### လက်တွေ့ကျကျအကောင်အထည်ဖော်သင့်

စင်စစ်အားဖြင့် လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း၌ မျိုးဆက်သစ်များ ပညာရည်မြင့်မားရေးအတွက် ရေတိုရေရှည် စီမံကိန်းများချမှတ်လျက် အမျိုးသားရေးအသွင်ဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။ အလားတူ မြန်မာနိုင်ငံတွင်လည်း ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေနိုင်ရေးအတွက် အခမဲ့ပညာရေး အစီအစဉ်ကို အထက်တန်းအဆင့်ထိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံမှုနှုန်း မြင့်တက်လာရေးအတွက် လက်တွေ့ကျကျအကောင်အထည် ဖော် ဆောင်ရွက်သင့်သည်။ ကျောင်းနေမှုနှုန်းမြင့်မားလာသည်နှင့်အမျှ "ရေမြင့် ကြာတင့်"ကလေးငယ်များ ပညာတတ်မြောက်မှုနှုန်းလည်း သိသာထင်ရှားစွာမြင့်တက်လာမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။

ထို့ပြင် ကျောင်းသားလူငယ်များ ထိရောက် အောင်မြင်စွာ စာပေလေ့လာသင်ယူနိုင်ရန်အတွက် ပတ်ဝန်းကျင်အခြေအနေကောင်းများ ဖန်တီးပေးရန်လည်း လိုအပ်ပေသည်။ စာသင်ကျောင်းများ၊ သင်ထောက်ကူပစ္စည်းများအပြင် အထောက်အကူပြု ကျောင်းစာကြည့်တိုက်များလည်း ဖန်တီးပေးရန်လိုအပ်ပေသည်။ အထူးသဖြင့် စာသင်ကျောင်းများသည် တိတ်ဆိတ်ငြိမ်သက်မှုရှိသည့် နေရာများတွင်သာ ရှိသင့်သည်။ ထိုသို့ တိတ်ဆိတ်ငြိမ်သက်သည့် နေရာမျိုး၌ ကျောင်းသားလူငယ်များ အနှောင့်အယှက်ကင်းစွာ ပညာသင်ကြားနိုင်သဖြင့် ထူးချွန်ထက်မြက်သည့် လူငယ်များ ပေါ်ထွန်းရေးတွင် များစွာအထောက်အကူပြုပေသည်။

### ကျောင်းနေအရွယ်ကလေးအားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံရို့

ထို့ကြောင့် မျိုးဆက်သစ်များ ပညာရည်မြင့်မားရေးနှင့်ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေးစီမံကိန်းများကို အောင်မြင်မှုရရှိအောင် လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်သွားသင့်ပေသည်။ အဆင့်ဆင့်သောတာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းအုပ်ချုပ်ရေးအဖွဲ့များနှင့် ကျောင်းသားမိဘများအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားရန် လိုအပ်သည်။ ထိုသို့ မိဘ၊ ဆရာ၊ ကျောင်းသား၊ ပြည်သူ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများအားလုံး တက်ညီလက်ညီပူးပေါင်းဆောင်ရွက်သွားမှသာလျှင် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေခွင့် ရရှိစေနိုင်မည်ဖြစ်သည်။

ဆိုရလျှင် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်သည် မျိုးဆက်သစ်လူငယ်များ၏ ပညာတတ်မြောက်မှု အဆင့်အတန်းပေါ်တွင် များစွာတည်မှီလျက်ရှိသည်။ ထို့ကြောင့် ဘက်စုံထူးချွန်သော မျိုးဆက်သစ်လူငယ်များပေါ်ထွန်းရေးနှင့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေးတို့အတွက် "အခမဲ့ပညာရေးအစီအစဉ်"ကို အောင်မြင်မှုရရှိအောင် လက်တွေ့ကျကျ အကောင်အထည်ဖော်သွားသင့်သည်။ ကျောင်းနေအရွယ် ကလေးအားလုံးကို ကျောင်းနေခွင့်ရရှိရေးအတွက် ဆရာ၊ မိဘ၊ ရပ်မိရပ်ဖများ၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ပြည်သူများ၏ ပေါင်းစည်းမှုအင်အားများ များစွာလိုအပ်သည်။ မည်သို့ပင်ဆိုစေကာမူ ကျောင်းနေအရွယ် ကလေးအားလုံး စာသင်ခန်းအတွင်းသို့ အချိန်မီဝင်ရောက်နိုင်ပြီး အတန်းပညာကို ဆုံးခန်းတိုင်သည်ထိ သင်ယူခွင့်ရရှိအောင် ဝိုင်းဝန်းကြိုးပမ်းသွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

❖ ကမ္ဘာ့နိုင်ငံတိုင်းသည် ပညာရေးနယ်ပယ်တွင် ရင်းနှီးမြှုပ်နှံလေ့ရှိကြသည်။ ထိုနည်းတူစွာ မြန်မာနိုင်ငံ၌လည်း ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံလျက်ရှိသည်။ နိုင်ငံတော်အစိုးရသည် စဉ်ဆက်မပြတ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာရေးအတွက် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံနိုင်ရေးနှင့် ကျောင်းနေခွင့်ရရှိရေးလုပ်ငန်းများကို စီမံချက်ချ၍ အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိသည်။ ❖

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

# သစ်တစ်ပင်အောက်က မိသားစုသုံးယောက်

သားသားမီးမီးတို့ရေ အခုတစ်ပတ်မှာ သင်ခန်းစာယူစရာကောင်းတဲ့ ပုံပြင်ကလေးတစ်ပုဒ် ပြောပြချင်တယ်။ ပုံပြင်ကလေးကတော့ ဒီလိုကွဲ့။ တစ်ခါတုန်းက သားအမိသားအဖသုံးယောက်ရှိသတဲ့။ သားအမိသားအဖသုံးယောက်ဟာ ကျေးရွာကလေးတစ်ရွာမှာ အေးချမ်းစွာအသက်မွေးဝမ်းကျောင်းမှုပြုပြီး နေထိုင်ကြသတဲ့ကွယ်။ တစ်နေ့မှာတော့ သားအမိသားအဖသုံးယောက်ဟာ သူတို့နေထိုင်တဲ့ကျေးရွာကလေးကနေ ခရီးတစ်ခုထွက်ခဲ့ကြသတဲ့။

လမ်းခရီးမှာ အလွန်ကြီးမားပြီး နားနေချင်စရာ သစ်ပင်ကြီးတစ်ပင်ကိုတွေ့တော့ ခင်ပွန်းဖြစ်သူက သူ့ဇနီးကို

"တို့ ဒီသစ်ပင်ရိပ်မှာ ခဏနားကြရအောင်"လို့ ပြောတော့ "နားကြတာပေါ့ သစ်ပင်ကြီးရဲ့အရိပ်က အရမ်းအေးချမ်းတာပဲ"လို့ ဇနီးဖြစ်သူက ပြန်ပြောသတဲ့။ လေကလေးက တဖြူးဖြူးတိုက်ခတ်တော့ သစ်ရွက်တွေက တရှဲရှဲမြည်လို့ အလွန်ငြိမ့်ညောင်းတဲ့ ဂီတသံပမာထင်ရသတဲ့ကွယ်။ ခင်ပွန်းဖြစ်သူဟာ အေးချမ်းတဲ့နေရာကလေးတစ်ခုလို့ ပြောလိုက်သတဲ့။ သားဖြစ်သူကတော့ ဘာမှမပြောဘဲ အဖေဖြစ်သူရဲ့ အနားမှာ ထိုင်နေသတဲ့ကွယ်။


ခင်ပွန်းဖြစ်သူဟာ သစ်ပင်ကြီးကိုကြည့်ရင်း စိတ်တည်ငြိမ်မှုရရှိလာကာ တရားရှုမှတ်ချင်စိတ်တွေဖြစ်လာတာကြောင့် သူ့ဇနီးကို "ဒီနေရာမှာ ခဏလောက်တော့ တရားရှုမှတ်အုံးမယ်နော်"လို့ပြောပြီး တည်ငြိမ်စွာနဲ့ တရားစတင်ရှုမှတ်နေပါတော့တယ်။

ဇနီးဖြစ်သူဟာ ဟိုဟိုဒီဒီကြည့်ရင်းက သစ်ပင်အောက်ခြေက တွင်းတစ်တွင်းကို တွေ့လိုက်တယ်။ အဲဒီအချိန်မှာပဲ သူ့ရဲ့စိတ်ထဲမှာ ချစ်လှစွာသော ခင်ပွန်းဖြစ်သူကို သတ်ဖြတ်ချင်တဲ့စိတ်တွေ ထိန်းမနိုင်သိမ်းမရဖြစ်လာတာနဲ့ ခင်ပွန်းဖြစ်သူအနီးက ဓားကိုဆွဲယူပြီး ခုတ်သတ်ဖို့ပြင်ပါတော့သတဲ့ကွယ်။

အဲဒီအခါမှာ အဖေ့အနီးမှာရှိနေတဲ့ သားဖြစ်သူက အမေဖြစ်သူကိုဆွဲရင်း "အမေ မှားလိမ့်မယ်။ ဘာဖြစ်လို့ ဒီလိုလုပ်ချင်ရတာလဲ။ အဖေက တကယ့်သူတော်ကောင်းပါ။ ဒီလိုမလုပ်ပါ နဲ့"လို့တားမြစ်တယ်။ အမေဖြစ်သူဟာ ဒေါသအရမ်းကြီးပြီး ပါးစပ်ကပါ ကြမ်းကြမ်းတမ်းတမ်းတွေပြောဆိုနေတာပေါ့ကွယ်။

အဲဒီအခါမှာ ခင်ပွန်းဖြစ်သူက သူ့ဇနီးကို မည်သို့မျှရန်မပြုဘဲ တည်ငြိမ်စွာနဲ့ ဒီလိုပြောသတဲ့။

"သတ်လိုက သတ်ပါလေ ဒါပေမဲ့ ငါပြောတာကို ခဏလောက်တော့ နားထောင်ပါ"လို့ ပြောလေတယ်။ သားဖြစ်သူကလဲ "ဟုတ်တယ်အမေ အဖေ



ပြောတာ ခဏလောက်တော့ နားထောင်ပေးပါ"လို့ တောင်းပန်သတဲ့ကွယ်။ အဲဒီအခါ စောစောက ခင်ပွန်းဖြစ်သူကိုသတ်ဖို့ကြိုးစားတဲ့ ဇနီးဖြစ်သူဟာ ခဏမျှငြိမ်သက်သွားသတဲ့။

ဒီလိုပါ ဟိုးအရင်က အလွန်အရိပ်အာဝါသကောင်းတဲ့သစ်ပင်ကြီးတစ်ပင်ရဲ့ ခပ်လှမ်းလှမ်းမှာ သူတော်စင်တစ်ပါးဟာ စကြီလျှောက်နေတယ်။ အဲဒီအချိန်မှာ ပုတတ်တစ်ကောင်ဟာ တောခွေးတစ်ကောင်ရဲ့ ရန်က လွတ်အောင်ပြေးရင်း သူတော်စင်ထံမှာ ခိုလှုံလိုက်တယ်။ သူတော်စင်ဟာ ပုတတ်ကို သနားလှတာကြောင့် သူ့အမြဲတရားအားထုတ်တဲ့ သစ်ပင်ကြီးအောက်ကိုခေါ်လာပြီး သစ်ပင်အောက်ခြေက တွင်းတစ်တွင်းထဲမှာနေဖို့ နေရာပေးလိုက်သတဲ့ကွယ်။

ပုတတ်ဟာ တွင်းထဲကို စိတ်ချလက်ချပြေးဝင်သွားချိန်မှာတော့ တွင်းတစ်နေရာမှာ မြွေတစ်ကောင်ရဲ့ ဖမ်းဆီးတာကိုခံရသတဲ့။ အဲဒီအခါ ပုတတ်ဟာ သူတော်စင်ကို အလွန်နာကြည်းမုန်းတီးသွားတာကြောင့် "အရှင်မြွေ ကျွန်ုပ်ကို ခဏမျှဆုတောင်းခွင့်ပြုပါ"လို့ ခွင့်တောင်းတယ်။ မြွေကခွင့်ပြုတာနဲ့ ပုတတ်ဟာ ဒီလိုဆုတောင်းပါတော့တယ်။ "သူတော်စင်အရေခြုံသူသည် ငါ့အား မြွေ၏အစာအဖြစ် ဤတွင်းထဲသို့ အရောက်ပို့ခဲ့သည်။ နောင်ဘဝများတွင် ဤသူတော်စင်အတုအယောင်အား သတ်နိုင်သောသူဖြစ်ရပါလို၏"လို့ ဆုတောင်းလိုက်သတဲ့ကွယ်။

ပုတတ်ဟာ သူ့ကိုစားမဲ့မြွေကိုတောင် အမျက်မထားဘဲ သူတော်စင်ကို အလွန်အငြိုးကြီးစွာနဲ့ပဲ သေပွဲဝင်ခဲ့ရရှာတယ်။ မြွေဟာ ပုတတ်ကိုဝါးမျိုပြီး တွင်းအပြင်ထွက်ကာ သူတော်စင်ကို သူ့အား အစာကျွေးတဲ့အတွက် ကျေးဇူးတင်ကြောင်းနဲ့ ပုတတ်ဆုတောင်းသွားပုံတွေကိုပြောပြသတဲ့။

အဲဒီအခါ သူတော်စင်ဟာ "အသင်မြွေ ငါသည် ပုတတ်ကို သင့်အစာအဖြစ်ကျွေးခဲ့သည်မဟုတ်။ တွင်းထဲမှာ အသင်ရှိသည်ကိုလဲငါမသိ။ ဤမှန်သောသစ္စာစကားကြောင့် ပုတတ်ရဲ့အငြိုးကို အသင်မြွေအား သက်သေထား၍ ချေဖျက်နိုင်ရပါလို၏"လို့ သစ္စာပြုသတဲ့ကွယ်။

ခင်ပွန်းဖြစ်သူက စိတ်ဝင်စားစွာနားထောင်နေတဲ့ သူ့ဇနီးကို ဒီလိုဆက်ပြောတယ်။

"သူတော်စင်၊ ပုတတ်၊ မြွေ သုံးယောက်ဟာ တို့သားအဖသုံးယောက်ပါပဲ"လို့လဲရှင်းပြလိုက်တယ်။ အဲဒီအခါမှာ ဇနီးဖြစ်သူဟာ စောစောက ဒေါသစိတ်တွေပြေပျောက်သွားပြီး "ခွင့်လွှတ်ပေးပါ ဒီတွင်းပေါက်ကိုမြင်တော့ အတိတ်ကအရိပ်တွေကို မြင်ယောင်လာတာမို့ ထားခဲ့မိတဲ့အမျက်ဒေါသတွေ ပေါ်ပေါက်လာပြီး အငြိုးအလျောက် ပစ်မှားမိပါတယ်"လို့ ဝန်ချတောင်းပန်ပြီး အငြိုးအာဃာတတွေလဲ ပြေပျောက်သွားတော့သတဲ့ကွယ်။

သားဖြစ်သူကလဲ "ဟုတ်တယ်အဖေ ဒီသစ်ပင်အောက်အရောက်မှာ သားရဲ့စိတ်တွေက အတိတ်က အမေ့ဆုတောင်းကို သတိရတာကြောင့် အမေ့ကို စောင့်ကြည့်ဖို့ အဖေ့နားကမခွာနေခဲ့တာပါ"လို့ ပြောပြီး သားအမိသားအဖသုံးယောက်ဟာ ရှေ့ကို ခရီးဆက်ဖို့ ပြင်ကြပါတော့သတဲ့။

ပုံပြင်လေးကတော့ ဒီလောက်ပါပဲကွယ်။

မိသားစုတစ်စုအတွင်းမှာဖြစ်စေ၊ ရပ်ရွာမြို့ပြတစ်ခုအတွင်းမှာဖြစ်စေ တစ်ဦးနဲ့တစ်ဦး ရန်ငြိုးရန်စမထားရှိကြဘဲ အာဃာတတွေရှိခဲ့ရင်တောင် ပြေပျောက်အောင်ကြိုးစားနေထိုင်ကြရင် ဘဝတစ်လျှောက်လုံး အဆင်ပြေနိုင်ပါလိမ့်မယ်ကွယ်။

သားသားမီးမီးအားလုံး ကျန်းမာပျော်ရွှင်ကြပါစေ။

**နှေရိုင်**

## ငှက်ကလေး‌စကား

◆ ငှက်ကလေးသံ ညံစီစီ
ပင်ပံထက်မှာပီ

◆ တီတီတာတာ မြည်သံကြွား
လူတွေမသိပ့်လား
ငှက်ကလေးရဲ့စကား။


**ပြေအေးသက်**



## အရသာစုံလင် သစ်သီးဂုဏ်အင်

◆ နီနီရဲရဲ ပန်းသီးကို
စားတော့အလွန်ချို
အရည်ရွှမ်းပို အလုံးကြီး
အဲဒါဖရဲသီး။

◆ ရှုမငြီးတဲ့ ဒူးရင်းဟာ
ထူးကဲအရသာ၊
မာလကာသီး ကြွပ်မွမွ
စတော်ဘယ်ရီ ချဉ်ပျပျ
သစ်သီးစုံလင်လှ။



**ချာန်လေး(ပညာရေး)**

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing chairs coordination meeting for relief and rehabilitation of natural disaster-hit areas



Senior General Min Aung Hlaing hears report at the coordination meeting.

**Nay Pyi Taw May 20**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing chaired a coordination meeting to make relief and rehabilitation efforts more effectively and urgently in areas hit by severe cyclonic storm Mocha held at the meeting hall of the Office of the Commander-in-Chief of Defence Services this morning.

Also present at the meeting were Joint Secretary Lt-Gen Ye Win Oo of the SAC, union ministers U Win Shein, U Khin Maung Yi, U Min Naung and U Myo Thant, Chief Minister of Yangon Region U Soe Thein, Chief of General Staff (Army, Navy, Air) General Maung Maung Aye, Commander-in-Chief (Navy) Admiral Moe Aung, Commander-in-Chief (Air) General Moe Aung, senior officers from the Office of the Commander-in-Chief of Defence Services and responsible officials.

**Relief, rehabilitation tasks of respective sectors reported**

First, Chief of General Staff (Army, Navy and Air) reported to the Senior General on concerted relief and rehabilitation efforts of teams of relief convoys of the Tatmadaw, which were formed and sent to storm-hit areas prior to the storm in cooperation with local security forces and relief organization and attempts to reach remote areas by road and waterway despite difficulties.

Then, union ministers, the chief minister of Yangon Region, senior officers from the Office of the Commander-in-Chief of Defence Services and the commander of Yangon Command reported to the Senior General on the entrance of monsoon to Yangon Region and central Myanmar in May, transportation of foodstuffs and relief items donated by families of the Tatmadaw (Army, Navy, Air) and well-wishers, aid provided by the National Natural Disaster Management Committee and relief teams and relief items by aircraft and vessels of the Tatmadaw, future transportation plans, provision of daily healthcare services by special medical teams formed with defence services medical personnel in cooperation with local medical staff in disaster-hit areas, measures to distribute cloths, construction materials and foodstuffs donated from well-wishers at home and abroad to Rakhine State, Chin State and other disaster-hit areas, preparations for needs to resume agricultural activities in Rakhine State, sending mechanized farming and veterinary teams, transportation of sawed timber needed for rehabilitation to Sittwe as a priority, arrangements made to repairs damage at schools, hospitals and universities as soon as possible, the need for construction materials and implementation of tasks that must be carried out before the arrivals of construction materials.

**Relief, rehabilitation tasks to be carried out systematically**

After hearing the reports, the Senior General said among the disaster-hit areas, Sittwe and Rathedaung in Rakhine State were hardest hit by the storm. There were also casualties. In carrying out relief and rehabilitation tasks, it is important for teams to hold daily discussions in order not to be too dispersed and not to leave areas in need, distribution of relief items must be registered properly. One of the major needs is to give priority to prevention of shortages of food, water and basic needs and disruption of communication. Fallen trees and branches on roads must be cleared and removed systematically to enable transportation operations to return to normal. It is necessary to take measures to use big trees in rehabilitation tasks.

Although shady and windbreak trees are needed in our surroundings, old trees near houses, power posts and power lines must be cleared ahead to prevent dangers. As coconut trees and mangrove trees can protect people from natural disasters, I have already urged authorities to grow them along the coast and coastal areas as many as possible previously and I would like to reiterate this again now. To replace fallen big trees in disaster-hit areas, it is necessary to send seedlings which are taller than two feet and older than two years as many as possible to disaster-hit areas. Coconut and mangrove trees must be planted mainly around towns and in areas along wind routes.

Relief and rehabilitation items are being provided from individuals and organizations at home and abroad and more relief items will arrive soon. Therefore, it is necessary to utilize conveyors at airports to facilitate transportation operations. It is necessary for medical teams and mobile medical teams to provide healthcare services to the full extent. Necessary medical supplies must be replenished.

It is necessary to carry out relief and rehabilitation tasks comprehensively with the use of manpower and machinery before the rainy season. Although sawed timber for construction is being sent to disaster-hit areas from other areas, it is necessary to take measures to produce it in the areas. More disaster-shelters must be built. As cyclone-shelters were built and residents were evacuated to them before the storm, death tolls could be reduced at present. In building more cyclone-shelters, ones that can be used for multipurpose like taking shelter and learning with long-term perspective. Personnel from defence services engineering corps are required to offer help as necessary. Measures must be taken to transport canned meat and fish to cyclone-hit areas and to distribute meat and fish at cheaper prices to prevent high commodity prices. In conclusion, the Senior General urged authorities to provide foodstuffs to monasteries, nunneries and monastic schools and coordinated the needs. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Ceremony to make cash donations by well-wishers for relief, rescue and rehabilitation at natural disaster-hit areas held



Senior General Min Aung Hlaing addresses cash donation ceremony for relief and rehabilitation for cyclone victims.

**Nay Pyi Taw May 20**

A ceremony to make cash donations by well-wishers for relief, rescue and rehabilitation at the areas hit by severe cyclonic storm Mocha was held at Zeyathiri Beikman, Yangon Command HQ this morning, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Present together with the Senior General were SAC Joint Secretary Lt-Gen Ye Win Oo, union ministers U Win Shein, U Khin Maung Yi, U Min Naung and U Myo Thant, Yangon Region Chief Minister U Soe Thein, Chief of General State (Army, Navy and Air) General Maung Maung Aye, Commander-in-Chief (Navy) Admiral Moe Aung, Commander-in-Chief (Air) General Tun Aung, senior military officers from Office of Commander-in-Chief, Yangon Command commander, officials and well-wishers.

First, the Senior General thanked donors for their generous contributions towards relief, rescue and rehabilitation activities at the areas hit by Mocha on 14 May. He said natural disasters are unpreventable. But preparatory measures and relief, rescue and rehabilitation in the aftermath of a storm must be planned in advance. The country faced bitter experiences during the cyclonic storm Nargis in 2008. Although the country faced some natural disasters during the two previous governments, they were not severe. Based on Nargis experience, the government in office took preparatory measures. As Myanmar is just a developing country, the government's preparatory measures may not be fully comprehensive, but the government exerted efforts to the most possible degree. Tatmadaw also took preparatory measures a lot. Thanks to the advanced programs that included the use of slab roofs damage there was almost no damage. Cyclone shelters and multipurpose buildings were erected in coastal areas and Rakhine State, but they were not adequate.

Weather news reports and presentations of officials indicated a possible storm danger. The government was constantly and carefully monitoring the low depressions areas that were forming over the South China Sea and Indian Ocean. Fortunately, the one on the South China Sea dissipated. There were predictions that if the two merged they would enter Yangon and Sittoung river mouth from Taninthayi Coast. The government was so worried and issued warnings as the Sittoung river mouth has never faced a natural disaster. Luckily, only one storm entered Myanmar as the other disappeared.

Thanks to the precision of weather forecasting the government could issue a red warning in the shortest possible time. As preparatory measures can be taken in advance, evacuation programs could be carry out more easily. As evacuation programs can be conducted one day ahead of the storm's landfall, casualty rate was very low. Mocha was more severe than Nargis as its wind speed was at 135 miles per hour. The Senior General said the areas he visited faced a lot of destruction.

He said an emergency meeting on natural disaster management was held on 15 May to assign duties to carry out natural disaster management, response, rescue, rehabilitation and cooperation in the aftermath. While the meeting was in progress, information about the well-wishers' will to make donations for the storm-hit areas was received. Hence an emergency donation ceremony was held and Ks 13,181 billion was received. It was an indication of the generosity, sympathy, and loving kindness of Myanmar people.

The Senior General said he had witnessed the huge destruction caused by the storm at the affected areas. Rehabilitation task will take time and it needs a lot of manpower. Hence, members of Tatmadaw and Myanmar Police Force and departmental personnel sent to the areas to participate in the relief, rescue and rehabilitation programs with might and main.

The country has learned a lot from natural disasters and witnessed the good and bad consequences. In some cases damage is caused mainly due to human weaknesses. Inundation of the compounds of pagodas in Bagan ancient culture zone is due to the weakness in ensuring proper drainage system in advance. All must take it as a lesson to prevent such damages in the future.

Although they have some knowledge of the natural disasters, some people do not want to leave their homes. Though majority accepted the excavation program, some denied it.

But certain fatalities occurred due to their stubbornness. People who moved to safe places remained unharmed. According to international estimation at the time when probability of storm's landfall in Myanmar reached near cent per cent, the number of deaths and destruction could be extremely high. In fact, the degree of damage was high.

According to the statistics collected until the evening of May 19, a total of 183,024 houses, 1,711 religious buildings, 59 monasteries, 1,397 schools, 227 hospitals and clinics, 11 communication towers, 119 lamp posts, 5 transformers, one market, two airports: Sittway Airport and Kyaukpyu Airport and 340 departmental buildings were damaged in various regions and states and 145 people died. Rehabilitation activities will be carried out.


It must be done with materials and money donated by donors, On May 15, during the visit to Sittway, Rakhine State, seven billion kyats of donations was handed to the state chief minister. Authorities have been instructed to make sure that people affected by natural disasters do not suffer any more deaths and there is no shortage of food first.



Senior General Min Aung Hlaing accepts cash donation from a well-wisher.



Senior General Min Aung Hlaing accepts cash donation from a well-wisher.



Senior General Min Aung Hlaing accepts cash donation from a well-wisher.

*See Page 14*

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects agriculture and livestock farms in Nyaunghnabin Agriculture and Livestock Special Zone



Senior General Min Aung Hlaing visits a vegetable farm.

**Nay Pyi Taw May 20**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by members of his entourage, the Chief Minister of Yangon Region, the Commander of Yangon Command and officials, inspected agriculture and livestock farms in Nyaunghnabin Agriculture and Livestock Special Zone this afternoon.

Firstly, at the meeting hall of the special zone, Chief Minister of Yangon Region U Soe Thein and officials briefed on brief history of Nyaunghnabin Agriculture and Livestock Special Zone, agriculture and livestock tasks being taken in parts in the special zone, zone-wise operation of agriculture and livestock farming, output and sales of vegetable, fruit, meat, milk and egg, measures being implemented under the guidance of the Chairman of State Administration and Prime Minister who were in the zone in June, 2022, output of meat and fish in Yangon Region on monthly and yearly basis and average consumption, state of repairing roads in the special zone, tasks to proceed with implementing the special zone, and plans to establish livestock zones in Taikkyi and Twantay townships.

Regarding the reports, the Senior General gave instructions saying officials needed to systematically supervise to make sure that plots granted to operate agriculture and livestock farming will be fully used for that business and not to use plots unrelated to agriculture and livestock farming. Private businessmen need to truly operate agriculture and livestock farming businesses on the plots granted by the State for agriculture and livestock farming in accordance with the rules and regulations, and the agricultural land must be profitably used. In running agricultural businesses, it is necessary to apply modern methods rather than traditional ones to be able to fully and compactly operate the businesses for products. In doing so, only if the businesses are operated in accordance with international standards, will there be sufficient for Yangon Region. As many agricultural businesses with a big output will be helpful to more income of the region, officials need to carry out educational tasks for farmers. It was necessary to ensure that roads used for the production process in the zone are to be systematic.

Then, the Senior General discussed with the attendees reports and suggestions on the state to keep operating the special zone for development of the agriculture and livestock sector.



Senior General Min Aung Hlaing views chicken eggs at a poultry farm.

Afterwards, the Senior General and party arrived at Green Light Farm where an official briefed on poultry and fish farming, cultivation of perennial crops, fingerling farming and cultivation of seedling.

Regarding the report, the Senior General said it is necessary to produce animal feed for livestock breeding with the use of agricultural products in the region and sufficiently produce chicks in the region. It is also necessary to operate agriculture and livestock farming in accordance with the international standards.

Then, the Senior General and party took a tour of the farm, had questions on the reports by officials and gave suggestions.

Later, the Senior General and party inspected a private poultry farm operated with a modern breeding system and the goat and agriculture farms operated with the arrangement of the Yangon Region Government and gave instructions to officials. The Senior General and party also encouraged locals selling vegetables at the Vegetable Wholesale Market.

100

---

*From Page 13*

After that, the Senior General ordered to give priority to restoring road connections. Ten vehicles and relief teams prepared to transport vehicles and relief supplies from the Pyay and Magway routes were sent overnight and arrived in Sittway the next day. Due to the preliminary preparations, it was able to carry out relief operations on time.

In the same way, aid and relief materials were delivered on time by air. The advance preparation for the relief and rescue operations were able to be carried out in a short time because of the leadership of the Tatmadaw and the cooperation of the departmental organizations and the local people. It has been proved that due to being able to prepare in advance, the casualties and damages have been reduced a lot. Therefore, it was a great lesson for us.

We thanked the donors for their generous donations. Benevolence is the root. In the two years that have passed since 2020, economic downturns have occurred due to the outbreak of the Covid-19 disease and the political crisis. As a result of our efforts, the country's economy improved to some extent in 2022 and further increased in 2023. However, we must continue to work for the development of the country's economy. During this period, the country's economy has recovered and the income has increased, so that this kind of donation can be made. Being able to donate a lot of money like this shows the economic strength of the country. Now, donations from other places have reached a total of about 20 billion. The Senior General expressed his sincere gratitude to the donors for their generous donations at this time of urgent need for the country.

We would like to say that we are ready to assist in the success of any business for the benefit of the nation. We are actually working for the good of the country. He expressed confidence that all citizens will be able to work and eat with peace of mind. We must do better than before in providing restoration work to the areas affected by the storm. Donations like this will give strength to the people of the areas affected by natural disasters. The state is effectively assisting the regions affected by natural disasters. Not only Rakhine State, but also some areas of Chin State will be assisted. In order to make the management more convenient and speedy in the restoration work, senior military officers are being sent. We believe that they will be able to carry out the restoration work quickly as they have experience. We would like to say that we need to make the restoration work during the period before the rain, so we are working hard. The donated money will be used effectively and I would like to reiterate that I am very grateful for today's donations.

After that, the SAC Chairman presented certificates of appreciation to the donors who donated initial donations for relief and rehabilitation activities in the areas affected by natural disasters, on May 15.

After that, the donors who attended today event donated money to be used for relief and rehabilitation activities in areas affected by natural disasters and the Senior General received them.

After that, the SAC Chairman said that now international aid is also being provided. Just as India is sending aid and relief materials by ships, China is also sending food products from the border as an emergency, and Thailand will also send them coming Monday. In the same way, it was learned that the ASEAN (AHA) Center will also send relief materials. We have received information that other international organizations will provide assistance. I would like to say that donations and materials donated from abroad and domestic will be used to help ensure that no one is left behind in the storm-affected areas. On behalf of the nation, I sincerely thanked all the organizations and individuals that donate today.

*See Page 15*

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects Korea-Myanmar Industrial Complex (KMIC) project, maintenance of Union Hall near Nyaunghnabin Village in Hlegu Township



Senior General Min Aung Hlaing inspects progress in repair and maintenance of the Union Hall.

**Nay Pyi Taw May 20**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, together with his entourage, Yangon Region Chief Minister U Soe Thein, the Yangon Command commander and officials, inspected measures being taken to implement the Korea- Myanmar Industrial Complex (KMIC) project near Nyaunghnabin Village in Hlegu Township, Yangon Region, this afternoon.

First, Union Minister for Construction U Myo Thant reported on the implementation of Korea- Myanmar Industrial Complex (KMIC) project in parts, plans to construct staff quarters, buildings and roads, measures for electricity and water availability, land use for the project and formation of a steering team for the project.

The Senior General stressed the need to choose location systematically for factory workers to live in, take systematic measures for getting enough water supply, prepare infrastructure to implement projects as quickly as possible, consider doing agricultural and livestock breeding activities and building hospitals for the workers after the project, plant trees to make the project environ green and lush by establishing green zones, grow trees on both sides of the raids and systematically lay wire cables, prepare systematic construction roads leading to the project, contact relevant companies to implement the project promptly, and take supervisory measures to prevent use of cultivable land for other purposes.



Senior General Min Aung Hlaing hears report on Nyaunghnabin Industrial Complex project.



Senior General Min Aung Hlaing views round in the Union Hall.

Then, the Senior General and party went to the Union Hall where the National Convention was held and viewed the documentary photos on repair and maintenance of the Union Hall and went round in the building. The union minister for construction and officials presented their reports.

The Senior General said it was a historic building where the constitution (2208) crucial for the State was drafted. Therefore, it is necessary to systematically maintain the building.

A total of 702 delegates of eight groups hosted the National Convention seven times from 2004 to 2007 to draft and enact the constitution (2008). After the constitution promulgation, the hall was no longer used. With a lack of maintenance, the building was damaged. But now it has been repaired and being maintained after the SAC Chairman Prime Minister gave guidance to do so during a visit.

100

*From Page 14*

After the ceremony, the SAC Chairman and the members greeted the donors cordially.

After that, they viewed the photos of damages in the areas affected by the natural disaster, donations and support from generous donors, delivery of supplies to areas affected by natural disasters and the relief and rehabilitation activities being carried out due to the severe cyclonic storm "Mocha".

At the donation ceremony held today, donors donated 8,717,539,500 kyats, one million Thai baht, 100,000 sheets of tin and related roofing materials worth 1.5 billion kyats, and noodles, biscuits and clean water equivalent to 100,000 yuan. Therefore, the total amount of money donated by donors on May 15 was 13.181 billion kyats, and this time, the total amount of donations from generous donors is over 21.8985 billion kyats.

100

စာမျက်နှာ ၁၇ မှအဆက်


ထိခိုက်ပျက်စီးမှုများ များစွာဖြစ်ပေါ်နိုင်ကြောင်းကို နိုင်ငံတကာမှ သုံးသပ်ခဲ့ကြကြောင်း၊ အမှန်တကယ် ဝင်ရောက်ခဲ့ချိန်တွင် ပျက်စီးမှုသည်လည်း များပြားခဲ့ပါကြောင်း၊ မေ ၁၉ ရက် ညနေပိုင်းအထိ ကောက်ယူရရှိသော စာရင်းများအရ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စုစုပေါင်း ပျက်စီးဆုံးရှုံးမှုနှင့် သေဆုံးမှုမှာ လူနေအိမ် ၁၈၃၀၂၄ လုံး၊ သာသနိကအဆောက်အအုံ ၁၇၁၁ လုံး၊ ဘုန်းတော်ကြီးကျောင်း ၅၉ ကျောင်း၊ စာသင်ကျောင်း ၁၃၉၇ ကျောင်း၊ ဆေးရုံ၊ ဆေးခန်း ၂၂၇ ခု၊ ဆက်သွယ်ရေးတာဝါတိုင် ၁၁ ခု၊ ဓာတ်မီးတိုင် ၁၁၉ တိုင်၊ ထရန်စဖော်မာ ငါးခု၊ ဈေး တစ်ခု၊ လေဆိပ်အနေဖြင့် စစ်တွေလေဆိပ်နှင့် ကျောက်ဖြူလေဆိပ်၊ ဌာနဆိုင်ရာအဆောက်အအုံ အလုံး ၃၄၀ ပျက်စီးခဲ့ရသည်ကို တွေ့ရှိရပြီး သေဆုံးသူ ၁၄၅ ဦးရှိကြောင်း၊ ယင်းတို့ကို ပြန်လည်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ စေတနာရှင်အလှူရှင်များက သဘာဝဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။






















နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က သဘာဝဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေးအတွက် အလှူငွေများ လှူဒါန်းခဲ့ကြသည့် အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်စဉ်။

ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

ယနေ့အလှူရှင်များ လာရောက်လှူဒါန်းသည့် အလှူငွေများ၊ ပစ္စည်းများဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မေ ၁၅ ရက် မိမိတို့ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ သွားရောက်စဉ် အလှူငွေကျပ်သိန်းပေါင်း ၇၀၀၀၀ ကို ပြည်နယ်ဝန်ကြီးချုပ်ထံ တစ်ပါတည်း လွှဲပြောင်းပေးခဲ့ကြောင်း၊ သဘာဝဘေးဒဏ်သင့်ပြည်သူများ ထပ်မံထိခိုက်သေဆုံးမှုမရှိစေရေး၊ စားရေရိက္ခာ မပြတ်လပ်စေရေးကို ဦးစွာဆောင်ရွက်ပေးရန်မှာကြားခဲ့ကြောင်း၊ ထို့နောက် လမ်းပန်းဆက်သွယ်မှုများ ပြန်လည်ရရှိအောင် ဦးစားပေးဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း၊ ပြည်လမ်းကြောင်းနှင့် မကွေးလမ်းကြောင်းတို့မှ မော်တော်ယာဉ်များနှင့်ကူညီထောက်ပံ့ရေးပစ္စည်းများပို့ဆောင်နိုင်ရေး အသင့်ပြင်ဆင်ထားသည့် ယာဉ်အုပ်စု ၁၀ စုနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များကို ညတွင်းချင်းပို့ဆောင်စေခဲ့ပြီး နောက်တစ်နေ့တွင် စစ်တွေမြို့သို့ရောက်ရှိခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ခဲ့ခြင်းကြောင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်မီဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

အလားတူ လေကြောင်းမှလည်း ကူညီကယ်ဆယ်ရေးပစ္စည်းများကို အချိန်မီပို့ဆောင်ပေးခဲ့ကြောင်း၊ထိုသို့ ကူညီကယ်ဆယ်ရေးလုပ်ငန်းရပ်များအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်တိုအတွင်းဆောင်ရွက်နိုင်ခဲ့ခြင်းမှာ တပ်မတော်မှဦးဆောင်၍ ဆောင်ရွက်ခြင်းနှင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ၏

**စာမျက်နှာ ၂၀ သို့**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးဇုန်အတွင်း စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်အတွင်း စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

**နေပြည်တော် မေ ၂၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများလိုက်ပါ၍ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်အတွင်း စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကို ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန် အစည်းအဝေးခန်းမတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများက ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေး အထူးဇုန် သမိုင်းအကျဉ်း၊ ဇုန်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အပိုင်းလိုက်ခွဲခြားဆောင်ရွက်ထားရှိမှု၊ ဇုန်အလိုက်စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုနှင့်အသီးအနှံများ၊ အသား၊ နွားနို့နှင့် ဥများထုတ်လုပ်ရောင်းချပေးနိုင်မှု၊ ၂၀၂၂ ခုနှစ် ဇွန်လတွင် လာရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း တစ်လအတွင်းနှင့် တစ်နှစ်အတွင်း အသား၊ငါး ထုတ်လုပ်နိုင်မှုနှင့် စားသုံးနိုင်မှုပျမ်းမျှ စစ်တမ်းအရ တွက်ချက်ထားရှိမှု၊ စိုက်ပျိုးမွေးမြူရေးအထူးဇုန်အတွင်း လမ်းများ စနစ်တကျရှိစေရေး ပြုပြင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် စိုက်ပျိုးမွေးမြူရေးဇုန်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေများ၊ တိုက်ကြီးမြို့နယ်နှင့် တွံတေးမြို့နယ်တို့၌ မွေးမြူရေးဇုန်များ ဖော်ထုတ်နိုင်ရေး လျာထား ဆောင်ရွက်လျက်ရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဇုန်အတွင်း စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ရန်အတွက် ခွင့်ပြုပေးထားသည့် မြေများကိုပြည့်ဝစွာ စိုက်ပျိုးမွေးမြူရန်နှင့် စိုက်ပျိုးမွေးမြူရေးနှင့် မသက်ဆိုင်သည့် မြေအသုံးချမှုများမရှိစေရေးတာဝန်ရှိသူများက စနစ်တကျကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ပုဂ္ဂလိကစီးပွားရေးလုပ်ကိုင်သူများအနေဖြင့် နိုင်ငံတော်မှ ခွင့်ပြုပေးထားသည့် စိုက်ပျိုးမွေးမြူရေး မြေနေရာများပေါ်တွင် အမှန်တကယ်စိုက်ပျိုးမွေးမြူမှုများဆောင်ရွက်စေရေး စည်းကမ်းနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးမြေများကို အကျိုးရှိရှိအသုံးချစေရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် မိရိုးဖလာစိုက်ပျိုးခြင်းထက် ခေတ်မီစိုက်ပျိုးရေးစနစ်များကို အသုံးချ၍ ကျစ်ကျစ်လျစ်လျစ်ဖြင့်ပြည့်ဝစွာ စိုက်ပျိုးထုတ်လုပ်နိုင်ရန်လိုကြောင်း၊ထိုသို့ ဆောင်ရွက်ရာတွင်လည်း နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ စိုက်ပျိုးနိုင်မှသာ ရန်ကုန်တိုင်းဒေသကြီးအတွက်ဖူလုံနိုင်မည် ဖြစ်ကြောင်း၊စိုက်ပျိုးထုတ်လုပ်မှုများ များပြားမှသာ ဒေသအတွက်ဝင်ငွေများပိုမိုရရှိနိုင်မည်ဖြစ်သဖြင့် တာဝန်ရှိသူများအနေဖြင့် စိုက်ပျိုးတောင်သူများကို အသိပညာပေး ဆောင်ရွက်နေရန်လိုကြောင်း၊ ဇုန်အတွင်းရှိ ကုန်ထုတ်လမ်းများကိုလည်း စနစ်တကျရှိစေရေး ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသူများ၏ ဆွေးနွေးတင်ပြမှုများအပေါ် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်နိုင်မည့်အခြေအနေများနှင့်

**စာမျက်နှာ ၂၀ သို့**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား Green Light စိုက်ပျိုးမွေးမြူရေးခြံမှ တာဝန်ရှိသူတစ်ဦးက စိုက်ပျိုးမွေးမြူရေးခြံအတွင်း ငါးမွေးမြူထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟင်းသီးဟင်းရွက်လက်ကားဈေး ဈေးရုံအမှတ်(၂)၌ ဒေသခံပြည်သူများ ဟင်းသီးဟင်းရွက်ရောင်းချနေမှုများကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် မွေးမြူထားရှိသည့် ဆိတ်မွေးမြူရေးခြံတွင် ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ညောင်နှစ်ပင်ခိုက်ပျိုးမွေးမြူရေးအထူးဇုန်အတွင်း ခေတ်မီမွေးမြူရေးစနစ်ဖြင့် မွေးမြူထားရှိသည့် ပုဂ္ဂလိက ဥစားကြက်မွေးမြူရေးခြံတွင် ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Green Light ခိုက်ပျိုးမွေးမြူရေးခြံ၌ ဥစားကြက်များ မွေးမြူထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစဉ်။

စာမျက်နှာ ၁၉ မှအဆက်

ပတ်သက်၍ အပြန်အလှန်ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် Green Light စိုက်ပျိုးမွေးမြူခြံသို့ရောက်ရှိကြရာ တာဝန်ရှိသူတစ်ဦးက စိုက်ပျိုးမွေးမြူရေးခြံအတွင်း ဥစားကြက်များ၊ ငါးများနှင့် နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးထားရှိမှု၊ ငါးသားပေါက်များမွေးမြူခြင်းနှင့် ပျိုးပင်များစိုက်ပျိုးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း မွေးမြူရေးတိရစ္ဆာန်အစာများကို ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များဖြင့် လုံလောက်စွာထုတ်လုပ်နိုင်ရန်လိုကြောင်း၊ အလားတူ ကြက်သားပေါက်များကိုလည်း ဒေသတွင်းလုံလောက်စွာထုတ်လုပ်နိုင်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတကာသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စိုက်ပျိုးမွေးမြူရေးခြံအတွင်း ဥစားကြက်များမွေးမြူထားရှိမှု၊ ငါးမွေးမြူထားရှိမှုနှင့်ဒူးရင်းပင်အပါအဝင် နှစ်ရှည်သီးနှံပင်များစိုက်ပျိုးထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များမေးမြန်းပြီး လိုအပ်သည်များကို အကြံပြုဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်အတွင်း ခေတ်မီမွေးမြူရေးစနစ်ဖြင့် မွေးမြူထားရှိသည့် ပုဂ္ဂလိက ဥစားကြက်မွေးမြူရေးခြံနှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် မွေးမြူထားရှိသည့်ဆိတ်မွေးမြူရေးခြံနှင့် စိုက်ပျိုးခြံများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားပြီး ဟင်းသီးဟင်းရွက်လက်ကားဈေး ဈေးရုံအမှတ်(၂)၌ ဒေသခံပြည်သူများ ဟင်းသီးဟင်းရွက်ရောင်းချနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Green Light ခိုက်ပျိုးမွေးမြူရေးခြံ၌ ဒူးရင်းပင်အပါအဝင် နှစ်ရှည်သီးနှံပင်များ ခိုက်ပျိုးထားရှိမှု အခြေအနေများကို လှည့်လည် ကြည့်ရှုစဉ်။

---

စာမျက်နှာ ၁၈ မှအဆက်

ပူးပေါင်း ဆောင်ရွက်မှုများကြောင့်ဖြစ်ကြောင်း၊ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် လူထိခိုက်သေဆုံးမှုနှင့် ပျက်စီးဆုံးရှုံးမှုများကို များစွာသက်သာစေခဲ့သည်ကို သက်သေပြနိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုဖြစ်ပွားခဲ့သည့်မုန်တိုင်းသည် မိမိတို့အတွက် ကြီးမားသည့်သင်ခန်းစာတစ်ခုပင်ဖြစ်ကြောင်း။

ယခုကဲ့သို့ စေတနာထက်သန်စွာဖြင့် လာရောက်လှူဒါန်းမှုများကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊စေတနာသည်သာ အရင်းခံဖြစ်ကြောင်း၊ **၂၀၂၀ မှစ၍ဖြတ်သန်းခဲ့ရသည့် နှစ်နှစ်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် နိုင်ငံရေးအကျပ်အတည်းများကြောင့် စီးပွားရေးကျဆင်းမှုများဖြစ်ပေါ်ခဲ့**ကြောင်း၊ **မိမိတို့အနေဖြင့် ရန်းကန်မှုများဆောင်ရွက်ခဲ့ရာတွင် ၂၀၂၂ ခုနှစ်တွင် နိုင်ငံစီးပွားရေးမှာ အတိုင်းအတာတစ်ခုအထိ တိုးတက်လာပြီး ၂၀၂၃ ခုနှစ်တွင် ပိုမိုတိုးတက်လာ**ကြောင်း၊ သို့သော် မိမိတို့အနေဖြင့် **နိုင်ငံ့စီးပွားရေးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်**ကြောင်း၊ **ယခုကာလအတွင်း နိုင်ငံစီးပွားရေးပြန်လည်ကောင်းမွန်လာပြီး ဝင်ငွေများရရှိလာခြင်းကြောင့် ယခုကဲ့သို့ လှူဒါန်းနိုင်ခြင်းဖြစ်**ကြောင်း၊ **ယခုကဲ့သို့ လှူဒါန်းငွေများ များစွာလှူဒါန်းနိုင်ခြင်းမှာ နိုင်ငံ၏စီးပွားရေး အားကောင်းမွန်မှုကို ပြသခြင်းပင်ဖြစ်**ကြောင်း၊**ယခုအခါလှူဒါန်းမှုများ အနေဖြင့် အခြားနေရာများမှမပါ ဝရပေါင်း ဘီလီယံ ၂၀ ခန့်ရှိပြီဖြစ်**ကြောင်း၊ **ယခုကဲ့သို့နိုင်ငံအတွက် အရေးပေါ်လိုအပ်သည့်အချိန်တွင် စေတနာတရားထက်သန်စွာဖြင့် လှူဒါန်းမှုများပြုလုပ်ပေးသည့်အတွက် အလှူရှင်များကို လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ရှိ**ပါကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်၏ အကျိုးစီးပွားအတွက် မည်သည့်လုပ်ငန်းများကိုမဆို အောင်မြင်အောင်ကူညီဆောင်ရွက်ပေးရန် အဆင်သင့်ရှိသည်ကို ပြောလိုပါကြောင်း၊ တိုင်းပြည်ကောင်းရန်အတွက် အမှန်တကယ် ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ မိမိအနေဖြင့် တိုင်းပြည်သာယာဝပြောပြီး နိုင်ငံသူ၊ နိုင်ငံသားအားလုံးကိုယ်စိတ်နှလုံးအေးချမ်းစွာဖြင့် လုပ်ကိုင်စားသောက်နိုင်ရေးအတွက် ရည်မှန်းဆောင်ရွက်နေခြင်းဖြစ်သဖြင့် မိမိတို့၏ ဆောင်ရွက်ချက်များ အောင်မြင်မည်ဟု ယုံကြည်ပါကြောင်း၊ **မုန်တိုင်းဒဏ်သင့်ဒေသများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုဆောင်ရွက်ပေးရာတွင် ယခင်ကထက် ပိုမိုသာလွန်ကောင်းမွန်အောင်ဆောင်ရွက်ပေးရမည်ဖြစ်**ကြောင်း၊ ယခုကဲ့သို့ **လှူဒါန်းမှုများသည် သဘာဝဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများမှ ပြည်သူများအတွက် အားကိုဖြစ်စေမည်ဖြစ်**ပါကြောင်း၊နိုင်ငံတော်အနေဖြင့် သဘာဝဘေးဒဏ်သင့်ခဲ့သည့်ဒေသများကို ထိထိရောက်ရောက်ဖြင့်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ **ရခိုင်ပြည်နယ်တစ်ခုတည်းသာမက ချင်းပြည်နယ်အချို့သောဒေသများအတွက်လည်း ကူညီဆောင်ရွက် ပေးသွားမည်**ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် စီမံခန့်ခွဲမှုများ ပိုမိုအဆင်ပြေမြန်ဆန်စေရေးအတွက် တပ်မတော်အရာရှိကြီးများကို စေလွှတ်၍ ဆောင်ရွက်စေလျက်ရှိကြောင်း၊ ၎င်းတို့အနေဖြင့် အတွေ့အကြုံရှိပြီးဖြစ်သဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို မြန်မြန်ဆန်ဆန်ဖြင့် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိုးမကျမီကာလအတွင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ခိုင်ခိုင်မာမာဖြစ်အောင် ဆောင်ရွက်ရန်လိုသဖြင့် မိမိတို့အနေဖြင့် အားသွန်ခွန်စိုက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်ကိုပြောကြားလိုကြောင်း၊ လှူဒါန်းငွေများကိုလည်း အကျိုးရှိရှိဖြင့် ထိထိရောက်ရောက်အသုံးချသွားမည်ဖြစ်ပြီး ယနေ့လှူဒါန်းမှုများအတွက် အထူးပင်ကျေးဇူးတင်ရှိသည်ကိုထပ်လောင်းပြောကြားလိုပါကြောင်းဖြင့်ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သဘာဝဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေးအတွက် မေ ၁၅ ရက်တွင် ကနဦးအလှူငွေများ လှူဒါန်းခဲ့ကြသည့် အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် တက်ရောက်လာကြသည့် စေတနာရှင်၊ အလှူရှင်များက သဘာဝဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြောကြားရာတွင် ယခုအခါနိုင်ငံတကာမှလည်း အကူအညီများပေးအပ်လျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံမှလည်း ကူညီကယ်ဆယ်ရေးပစ္စည်းများကို သင်္ဘောများဖြင့် လာရောက်ပို့ဆောင်ပေးလျက်ရှိသကဲ့သို့ တရုတ်နိုင်ငံမှလည်း အရေးပေါ်အနေဖြင့် နယ်စပ်မှစားသောက်ကုန်များကို ပေးပို့လျက်ရှိပြီး ထိုင်းနိုင်ငံအနေဖြင့်လည်း လာမည့်တနင်္လာနေ့တွင် ပေးပို့မည်ဖြစ်ကြောင်း၊ အလားတူအာဆီယံ (AHA)စင်တာမှလည်း ကူညီထောက်ပံ့ရေးပစ္စည်းများပေးပို့သွားမည်ဟု သိရှိရကြောင်း၊ အခြားနိုင်ငံတကာမှလည်း ကူညီမှုများဆောင်ရွက်ပေးသွားမည်ဟုအသိပေးအကြောင်းကြားမှုများ ရရှိပြီးဖြစ်ကြောင်း၊ **ပြည်တွင်း၊ ပြည်ပမှလှူဒါန်းသည့် အလှူငွေများနှင့်ပစ္စည်းများကို မုန်တိုင်းဒဏ်သင့်ဒေသများမှ ပြည်သူများတစ်ဦးတစ်ယောက်မှမကျန်ရှိစေရေး ကူညီဆောင်ရွက်ပေးသွားမည်**ကို အသိပေးပြောကြားလိုကြောင်း၊ ယနေ့လှူဒါန်းမှုပြုကြသည့် အဖွဲ့အစည်းများ၊ပုဂ္ဂိုလ်များအားလုံးကိုလည်း နိုင်ငံတော်၏ကိုယ်စားလှိုက်လှိုက်လှဲလှဲကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် စေတနာရှင်၊ အလှူရှင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့သည်။

ယင်းနောက် ဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) "မိုခါ" (MOCHA) ဝင်ရောက်မှုကြောင့် သဘာဝဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ပျက်စီးဆုံးရှုံးခဲ့မှု၊ စေတနာရှင်အလှူရှင်များက လှူဒါန်းထောက်ပံ့မှု၊ သဘာဝဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများသို့ ထောက်ပံ့ရေးပစ္စည်းများပို့ဆောင်မှု၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုခဲ့ကြသည်။

ယနေ့ကျင်းပပြုလုပ်သည့် သဘာဝဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေးအလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် စေတနာရှင်၊ အလှူရှင်များက လှူဒါန်းမှုစုစုပေါင်းအနေဖြင့် ငွေကျပ် ၈၇၁၇၅၃၉၅၀၀၊ ထိုင်းဘတ်ငွေ တစ်သန်း၊ ကျပ်သိန်း ၁၅၀၀၀ တန်ဖိုးရှိ သွပ်ချပ်ရေ တစ်သိန်းနှင့် ဆက်စပ်အိမ်မိုးပစ္စည်းများ၊ ယွမ် တစ်သိန်းနှင့်ညီမျှသည့် ခေါက်ဆွဲခြောက်၊ဘီစကွတ်နှင့် ရေသန့်များကိုလက်ခံရရှိခဲ့သည်။ ထို့ကြောင့် မေ ၁၅ ရက်တွင်အလှူရှင်များက လှူဒါန်းခဲ့သည့် အလှူငွေ စုစုပေါင်းမှာ ကျပ်သိန်းပေါင်း ၁၃၁၈၁၀ ဖြစ်သဖြင့် ယခုအကြိမ်နှင့်ဆိုပါက စေတနာရှင်အလှူရှင်များ၏ စုစုပေါင်းလှူဒါန်းငွေမှာ ငွေကျပ်သိန်းပေါင်း ၂၁၈၉၈၅ သိန်းကျော်ဖြစ်ကြောင်း သတင်းရရှိသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ညောင်နှစ်ပင်ကျေးရွာအနီးရှိ Korea-Myanmar Industrial Complex(KMC)လုပ်ငန်းဆောင်ရွက်နေမှုနှင့် အမျိုးသားညီလာခံပြည်ထောင်စုခန်းမအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က Korea- Myanmar Industrial Complex(KMIC) စီမံကိန်းကို အပိုင်းလိုက်အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားညီလာခံကျင်းပခဲ့သည့် ပြည်ထောင်စုခန်းမအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မေ ၂၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ Korea- Myanmar Industrial Complex(KMIC) စီမံကိန်း ဆောင်ရွက်ရန်လျာထားမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။


ဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က Korea- Myanmar Industrial Complex (KMIC)စီမံကိန်းကို အပိုင်းလိုက်အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ဝန်ထမ်းအိမ်ရာများနှင့် အဆောက်အအုံများ တည်ဆောက်ရန်နှင့် လမ်းများဖောက်လုပ်ရန်လျာထားမှု၊လျှပ်စစ်ဓာတ်အားနှင့်ရေရရှိရေးဆောင်ရွက်ထားရှိမှု၊စက်မှုဇုန်စီမံကိန်း၏ မြေအသုံးချမှုဆိုင်ရာကိစ္စရပ်များ၊စီမံကိန်းဦးဆောင်အဖွဲ့ဖွဲ့စည်းထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ရုံလုပ်သားများနေထိုင်ရန်အတွက် အဆောက်အအုံများကို စနစ်တကျဖြင့် နေရာရွေးချယ်တည်ဆောက်ရန်လိုကြောင်း၊ ရေရရှိရေးအတွက်ဆောင်ရွက်ရာတွင် ရေလုံလောက်စွာရရှိရေးစနစ်တကျ စီမံဆောင်ရွက်ရန်လိုကြောင်း၊ စီမံကိန်းများ အကောင်အထည်ဖော်နိုင်ရေးဆောင်ရွက်ရာတွင် လုပ်ငန်းများလျင်မြန်စွာဆောင်ရွက်နိုင်ရန် Infrastructure များကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လိုကြောင်း၊ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးချိန်တွင် အလုပ်သမားများအတွက် စားသောက်ရေး၊ နေထိုင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလုံလောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်မည့် ဆေးရုံများတည်ဆောက်ခြင်းကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လိုကြောင်း၊ စီမံကိန်း အကောင်အထည် ဖော်ရာတွင်လည်း ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များကို ကြိုတင်စိုက်ပျိုးရန်နှင့် Green Zone များသတ်မှတ်၍ ဆောင်ရွက်ရန်လိုကြောင်း၊ လမ်းများ၏ ဘေးတစ်ဖက်တစ်ချက်တွင်လည်း သစ်ပင်များကို စနစ်တကျစိုက်ပျိုးရန်နှင့် ဓာတ်ကြိုးသွယ်တန်းမှုများကို စနစ်တကျရှိစေရေးဆောင်ရွက်ရန်လိုကြောင်း၊ စီမံကိန်းဆောင်ရွက်မည့်နေရာသို့ဝင်ရောက်မည့် လမ်းများကိုလည်း စနစ်တကျဖြင့်ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လိုကြောင်း၊စီမံကိန်းကိုအမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေး သက်ဆိုင်ရာကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်ရန်လိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမြေများ လျော့နည်းမှုမရှိစေရေး အခြားနည်းဖြင့် အသုံးပြုခြင်းများကို တာဝန်ရှိသူများအနေဖြင့် ခွင့်ပြုခြင်းမပြုရန် ကြပ်မတ်စေလိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညီလာခံကျင်းပခဲ့သည့် ပြည်ထောင်စုခန်းမကြီးသို့ ရောက်ရှိပြီး ပြည်ထောင်စုခန်းမကြီးနှင့် အနော်ရထာရိပ်သာတို့ကို ပြန်လည်ပြုပြင်ထိန်းသိမ်း ဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများနှင့် အဆောက်အအုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမျိုးသားညီလာခံကျင်းပခဲ့သည့်အဆောက်အအုံများသည် နိုင်ငံတော်အတွက်အရေးကြီးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ရေးဆွဲဖော်ဆောင်ခဲ့သည့် သမိုင်းဝင်အဆောက်အအုံများဖြစ်ကြောင်း၊ ထို့ကြောင့် အဆောက်အအုံများ ပျက်စီးမှုများမရှိစေရေး စနစ်တကျဖြင့် ထိန်းသိမ်းထားရှိရန် လိုကြောင်းဖြင့် လမ်းညွှန်မှာကြားသည်။

အဆိုပါ အမျိုးသားညီလာခံကျင်းပခဲ့သည့် ပြည်ထောင်စုခန်းမအဆောက်အအုံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်ထိ အစုအဖွဲ့ ရှစ်ဖွဲ့မှ ကိုယ်စားလှယ် ၇၀၂ ဦးဖြင့် အမျိုးသားညီလာခံခုနစ်ကြိမ်ကျင်းပခဲ့ကြောင်း၊ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အတည်ပြုပြဋ္ဌာန်းပြီးချိန်တွင် အဆိုပါညီလာခံခန်းမကြီးကို အသုံးပြုခြင်းမရှိတော့ကြောင်း၊ ပြုပြင်ထိန်းသိမ်းမှုများ အားနည်းခဲ့သဖြင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်အတွင်း လမ်းညွှန်မှာကြားချက်အရ ယခုအခါ ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားညီလာခံကျင်းပခဲ့သည့် ပြည်ထောင်စုခန်းမအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

☆ ကျောဖုံးမှအဆက်

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြ**

ဦးစွာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးက သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးယာဉ်တန်းအဖွဲ့များက နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊သွားလာရန်ခက်ခဲသည့်ဒေသများသို့ ကုန်းလမ်း၊ ရေလမ်းတို့ဖြင့် ခက်ခက်ခဲခဲချီတက်ခဲ့ရမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က ဘင်္ဂလားပင်လယ်အော်အတွင်း၌ ဖြစ်ပေါ်လျက်ရှိသည့်မုတ်သုံ(Monsoon)သည် မေလအတွင်း ရန်ကုန်တိုင်းဒေသကြီးနှင့် မြန်မာနိုင်ငံအလယ်ပိုင်းတို့သို့ ဆက်လက်ဝင်ရောက်လာနိုင်မည့် အခြေအနေများ၊ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများ၊ စေတနာရှင် အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့်ပစ္စည်းများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့်ကူညီကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များ၊ရေယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသည့်အခြေအနေများနှင့် ဆက်လက်ပို့ဆောင်သွားမည့် အခြေအနေများ၊ သဘာဝဘေးဒဏ်သင့်ဒေသများ၌ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့် အထူးဆေးကုသရေးအဖွဲ့များက နယ်မြေခံကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ နေ့စဉ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိမှု၊ ပြည်တွင်း၊ပြည်ပမှလှူဒါန်းရရှိသည့် အဝတ်

**သဘာဝဘေးဒဏ်ခံခဲ့ရသည့်ဒေသများ၌ စားရေရိက္ခာများ ပြတ်လပ်မှုမရှိစေရေးနှင့် ဆက်သွယ်မှုပြတ်တောက်မှုမရှိအောင် ကနဦး ဦးစားပေးဆောင်ရွက်ပေးရန်လို...**

အထည်များ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများနှင့် စားသောက်ဖွယ်ရာပစ္စည်းများကို ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် အခြားသဘာဝဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများသို့ ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ရခိုင်ပြည်နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိမှု၊ စက်မှုလယ်ယာအဖွဲ့များ၊ တိရစ္ဆာန်ဆေးကုအဖွဲ့များကိုလည်း စေလွှတ်ပေးလျက်ရှိမှု၊ သဘာဝဘေးဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာ၌ လိုအပ်လျက်ရှိသည့် သစ်ခွဲသားများကို စစ်တွေမြို့သို့ ဦးစွာပို့ဆောင်ပေးလျက်ရှိမှု၊ စာသင်ကျောင်း၊ ဆေးရုံများ၊ တက္ကသိုလ်တို့၌ ပျက်စီးဆုံးရှုံးမှုများကို အမြန်ဆုံးပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိမှုနှင့်ဆောက်လုပ်ရေးသုံးပစ္စည်းများလိုအပ်မှု၊တည်ဆောက်ရေးပစ္စည်းများ မရောက်ရှိမီ ကြိုတင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ အသီးသီးတင်ပြကြသည်။

**ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရမည်**

တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သဘာဝဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများအနက် ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ရသေ့တောင်မြို့တို့သည် ပျက်စီးမှုအများဆုံးဖြစ်သည်ကို တွေ့ရှိရကြောင်း၊ လူထိခိုက်မှုများလည်းရှိကြောင်း၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဖွဲ့လိုက်ပြန့်ကျဲနေခြင်းမျိုးမဖြစ်စေရန်နှင့် အမှန်တကယ်လိုအပ်သည့်နေရာများမကျန်ရှိစေရန် နေ့စဉ်ဆွေးနွေးပွဲပြုလုပ်၍ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်မှုများကိုလည်း စနစ်တကျဖြင့်မှတ်ပုံတင်ကာ ဆောင်ရွက်ရန်လိုကြောင်း၊ အဓိကလိုအပ်သည်မှာ **သဘာဝဘေးဒဏ်ခံခဲ့ရသည့် ဒေသများ၌ စားရေရိက္ခာများပြတ်လပ်မှုမရှိစေရေးနှင့် ဆက်သွယ်မှု ပြတ်တောက်မှုမရှိအောင် ကနဦး ဦးစားပေးဆောင်ရွက်ပေးရန်လို**ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ယခင်အတိုင်းဖြစ်စေရေးအတွက်လည်း လမ်းကြောင်းများ၌ ပိတ်ဆို့လျက်ရှိသည့်သစ်ပင်၊ သစ်ကိုင်းများကို စနစ်တကျဖယ်ရှားရှင်းလင်းရန်နှင့် ရှင်းလင်းရာမှ ရရှိလာသည့် သစ်ပင်ကြီးများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ အသုံးပြုနိုင်ရေး စီမံဆောင်ရွက်သွားရန်လိုကြောင်း။

အရိပ်ရလေကာပင်များသည် မိမိတို့၏ ပတ်ဝန်းကျင်နှင့် လိုအပ်သည်ဖြစ်သော်လည်း လူနေအိမ်များအနီးနှင့် ဓာတ်တိုင်၊ ဓာတ်ကြိုးများနှင့် လွတ်ကင်းမှုမရှိသည့် သက်တမ်းရင့်သစ်ပင်ကြီးများကိုမူ ဘေးအန္တရာယ်မရှိစေရေး ကြိုတင်ရှင်းလင်းထားရန်လိုအပ်မည်ဖြစ်ကြောင်း၊ **အုန်းပင်များနှင့်လမုပင်များသည် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်သည့်အတွက် ကမ်းစပ်တစ်လျှောက်နှင့် ကမ်းရိုးတန်းဒေသများအတွင်း ဖြစ်နိုင်သမျှ အရေအတွက်များများ စိုက်ပျိုးထားရှိရန် ယခင်ကတည်းက တိုက်တွန်းမှာကြားခဲ့ပြီးဖြစ်ပြီး ယခုလည်း ထပ်မံမှာကြားလို**ကြောင်း၊ **သဘာဝဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ သစ်ပင်ကြီးမျိုးများ ပြန်လည်စိုက်ပျိုးနိုင်ရေး နှစ်ရှည်ခံနှင့်အထက်၊ နှစ်ပေအထက်အပင်များကို အရေအတွက် အများအပြား ပို့ဆောင်ပေးရန်လို**ကြောင်း၊ **အုန်းပင်နှင့် လမုပင်များကိုလည်း မြို့ပတ်လည်နှင့် လေကြောင်းသင့်သည့်နေရာများတွင် အဓိကထားစိုက်ပျိုးသွားရန်လို**ကြောင်း။

သဘာဝဘေးဒဏ်သင့် ဒေသများသို့ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့်ပြန်လည်ထူထောင်ရေးပစ္စည်းများကို ပြည်တွင်း၊ပြည်ပမှ ထောက်ပံ့ပေးအပ်လျက်ရှိပြီး မကြာမီတွင် ထပ်မံရောက်ရှိလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုလျင်မြန်စွာဆောင်ရွက်နိုင်ရေးအတွက် လေဆိပ်များတွင် Conveyor များ ထားရှိဆောင်ရွက်သွားရန်လိုကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိသည့် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်အထူးဆေးကုသရေးအဖွဲ့များအနေဖြင့်လည်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို အပြည့်အဝဆောင်ရွက်ပေးသွားရန်လိုကြောင်း၊လိုအပ်သည့် ဆေးဝါးပစ္စည်းများကိုလည်း ဖြည့်တင်းဆောင်ရွက်ပေးသွားရန်လိုကြောင်း။

ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို မိုးမကျမီအတွင်း လူအင်အား၊ စက်ယန္တရားအင်အားသုံး၍ လုပ်ငန်းတွင်ကျယ်မှုရှိအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ဆောက်လုပ်ရေးသုံးသစ်ခွဲသားများကို ပို့ဆောင်ပေးလျက်ရှိသကဲ့သို့ ဒေသတွင်း၌ လိုအပ်သည့် သစ်ခွဲသားများ ထုတ်လုပ်နိုင်ရန်လည်း လိုကြောင်း၊ **သဘာဝဘေးအန္တရာယ်ခိုလှုံရာ Shelter များကိုလည်း ထပ်မံဆောက်လုပ်ပေးရန်လို**ကြောင်း၊**သဘာဝဘေး၊အန္တရာယ်မကျရောက်မီ Shelterများဆောက်လုပ်ပြီး ရွှေ့ပြောင်းပေးခဲ့ခြင်းကြောင့်လည်း ယခုကဲ့သို့သေဆုံးမှုရာခိုင်နှုန်း နည်းပါးခဲ့ရခြင်းဖြစ်**ကြောင်း၊ **ထပ်မံဆောက်လုပ်ရာတွင် ခိုလှုံရေး၊ ပညာသင်ကြားရေးစသော Multipurpose အသုံးပြုနိုင်သည့် Shelter များအထိ ရေရှည်ခဲ့ဦးစား ဆောင်ရွက်သွားရန်လို**ကြောင်း၊ တပ်မတော်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များကလည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ သဘာဝဘေးဒဏ်သင့်ဒေသများ၌ ကုန်ဈေးနှုန်းကြီးမြင့်မှုများမဖြစ်ပေါ်စေရေးအတွက်လည်း အသားဘူး၊ ငါးဘူးများကို ပို့ဆောင်ပေးခြင်းနှင့် အသား၊ ငါးများ ဈေးနှုန်းသက်သာစွာဝယ်ယူစားသုံးနိုင်အောင် စီမံဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နယ်ဝင် သီလရှင်ကျောင်းများ၊ ဘာသာရေးကျောင်းများ၏ စားရေးသောက်ရေး အဆင်ပြေစေရေးအတွက်လည်း တာဝန်ရှိသူများက ကြည့်ရှုဆောင်ရွက်ပေးသွားရန်လိုကြောင်းဖြင့် မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ



**သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများကို သောက်သုံးရေများ ဖြန့်ဝေပေးစဉ်။**

**နေပြည်တော် မေ ၂၀**

သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်က ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ပုဏ္ဏားကျွန်းမြို့တွင် ရောက်ရှိအခြေပြုလျက်ရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ပုဏ္ဏားကျွန်းမြို့ရှိ မြို့ဦးဘုန်းကြီးကျောင်း၌ ရေသန့်များပေးဝေခြင်း၊ လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိသည်။

ထို့ပြင် ကျောက်တော်နှင့် မြောက်ဦးမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည်လည်း ယနေ့တွင် အများပြည်သူ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေး လမ်းများပေါ်တွင် ပိတ်ဆို့နေသော သစ်ပင်သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းကို ဆောင်ရွက်ပေးလျက်ရှိသည်။

မောင်တောသို့ရောက်ရှိနေသောကူညီကယ်ဆယ်ရေးအဖွဲ့များသည် မောင်တောနှင့် မောရဝတီကြားရှိ ကားလမ်းမကြီးပေါ်တွင် လဲကျနေသော သစ်ပင်သစ်ကိုင်းကြီးများကို ခုတ်ထွင်ရှင်းလင်းခြင်းနှင့် လိုအပ်သော ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ကျန်ရှိသည့် သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးယာဉ်အုပ်စုများအနေဖြင့် ရခိုင်ပြည်နယ် ရသေ့တောင်မြို့၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက် လမ်းကြောင်းတစ်လျှောက် သစ်ပင်သစ်ကိုင်းပိတ်ဆို့လဲကျနေမှုများကို ဖယ်ရှားရှင်းလင်းခြင်း၊ မြေပြိုပိတ်ဆို့မှုများကို ရှင်းလင်းခြင်း၊ ရေလမ်းခရီးဖြင့် သွားလာရမည့်ဒေသများသို့သွားလာနိုင်ရေး ရေယာဉ်များပေါ်သို့ ရွှေ့ပြောင်းခြင်းတို့ကို ပြုလုပ်၍ အမြန်ဆုံးရောက်ရှိနိုင်ရေး ဆက်လက်ချီတက်လျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုများအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်းတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်မှ ဆေးတပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့် အထူးဆေးကုသရေးအဖွဲ့သည် မေ ၁၆ ရက်တွင် စစ်တွေမြို့သို့ ရောက်ရှိခဲ့ပြီး စစ်တွေမြို့ဆတ်ရိုးကျရပ်ကွက်၌ ယာယီဆေးရုံဖွင့်လှစ်၍ နယ်မြေခံကျန်းမာရေးများနှင့် ပူးပေါင်း၍ ဆေးကုသမှုပေးရန် လိုအပ်သော သဘာဝဘေးဒဏ်သင့် ပြည်သူများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

# သန့်ရှင်းသာယာသော မြို့ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်

**နေပြည်တော် မေ ၂၀**

မိမိတို့၏ နေ့စဉ်လူမှုဘဝနေထိုင်ဖြတ်သန်းရာတွင် ကျန်းမာရွှင်လန်းသော လူမှုပတ်ဝန်းကျင်ကို ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စိတ်နှလုံး ချမ်းမြေ့ဖွယ်ရာမျက်စိပသာဒဖြစ်ပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် ပတ်ဝန်းကျင်တစ်ခုရှိရန် အလွန်လိုအပ်အရေးကြီးလှသည်။ မိမိတို့တစ်ဦးချင်းနေထိုင်ကြသည့် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်နေမှသာလျှင် သန့်ရှင်းသာယာလှပသော မြို့ရွာ Clean City၊ Clean Village များဖြစ်လာမည်ဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်မျှတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာသန့်ရှင်းသာယာရေးကို ဒေသခံများ၊ ဒေသတွင်တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးတာဝန်ရှိသူများက မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့ရွာဒေသများသန့်ရှင်းသာယာလှပရေးကို အားတက်သရော ဆောင်ရွက်လျက်ရှိသည့်အပြင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းဖွင့်ရာသီတွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ



မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် ပတ်ဝန်းကျင်တွင် ရပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး လားရှိုးမြို့ရှိ အခြေခံပညာကျောင်းများ၌ သန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။

ပညာသင်ကြားနိုင်ရေးနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တို့၌လည်းကောင်း၊ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ် ၁၉ မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နှင့် ကရင်ပြည်နယ် မြဝတီမြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၄ မြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ မြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ထို့ပြင် မန္တလေးမြို့ပေါ်ရှိ တာဝန်သိလူငယ်လူရွယ်များစုစည်း၍ "မြို့ရွာသန့်ရှင်းရောဂါကင်း၊ စုပေါင်းအမှိုက်ရှင်း" စာသားတံဆိပ်ပါ တူညီဝတ်စုံများဝတ်ဆင်ပြီး ချမ်းအေးသာစံမြို့နယ် လမ်း ၃၀၊ လမ်း ၆၀ ရှိ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းအတွင်းအပြင် စုပေါင်းအမှိုက်ကောက်ခြင်းနှင့် ရပ်ကွက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ သက်သာချောင်ချိမှုရှိစေရန် ပြည်သူများထံမှ အမှိုက် တစ်ပိဿာလျှင် ၁၀၀ ကျပ် ဖြင့်ဝယ်ယူ၍ စနစ်တကျ အမှိုက်စွန့်ပစ်ခြင်းများကို ဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့်ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် ပို့ဆောင်



ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် ပို့ဆောင်ပေးစဉ်။

**နေပြည်တော် မေ ၂၀**

အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို လိုအပ်သောပစ္စည်းများ ကူညီထောက်ပံ့မှုများပေးနိုင်ရန် တပ်မတော်(ရေ)မှ ၂၉ မီတာ ကမ်းထိုးရေယာဉ်ပထမအစီးသည် စစ်ထောက်ချုပ်ရုံးမှ ရေသယ်ယာဉ် တစ်စီး၊ ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ရင်းမှ ဒီဇယ်ဆီ ကိုးလုံး၊ နယ်မြေခံ ခဲယမ်းမီးကျောက်တပ်ရင်းမှ ကယ်ဆယ်ရေးပစ္စည်းများ စုစုပေါင်းကုန်တန်ချိန် ၁၀ တန်တို့ကိုလည်းကောင်း၊ ၂၉ မီတာ ကမ်းထိုးရေယာဉ် ဒုတိယမြောက်အစီးသည် ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်မှ ကယ်ဆယ်ရေး ဆန်အိတ် ၈၀၊ ရေသန့်ဘူး ၄၀၀ စုစုပေါင်းကုန်တန်ချိန် ၄ဒသမ၅ တန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၇၂ ဦးတို့ကိုလည်းကောင်း၊ ၂၉ မီတာ ကမ်းထိုးရေယာဉ် တတိယမြောက်အစီးသည် စစ်ထောက်ချုပ်ရုံးမှ Sino Truck ယာဉ်တစ်စီး၊ ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ရင်းမှ ဒီဇယ်ဆီ ရှစ်လုံး၊ နယ်မြေခံခဲယမ်းမီးကျောက်တပ်မှ ကယ်ဆယ်ရေးပစ္စည်းများ စုစုပေါင်းကုန်တန်ချိန် ၉ ဒသမ ၈ တန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၂၃ ဦးတို့ကိုလည်းကောင်း ယနေ့နံနက်ပိုင်းတွင် ရေချမ်းပြင်ချောင်းဝအနီးမှတင်ဆောင်၍ ရသေ့တောင်သို့ ပို့ဆောင်ပေးခဲ့ပြီးနောက် ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထပ်မံသယ်ဆောင်ပေးရန်အတွက် ရေချမ်းပြင်သို့ ပြန်လည်အခြေပြုခဲ့သည်။

အလားတူ တင့်ကားတင်ကမ်းထိုးရေယာဉ်တစ်စီးသည် စစ်ရေးချုပ်ရုံးမှ SENO TRUCK ကား နှစ်စီး၊ TATA ကားတစ်စီး၊ ကယ်ဆယ်ရေးကြိုးခွေ ၁၀ ခွေ၊ ယာဉ်အုပ်ချုပ်မှုပစ္စည်းနှင့် ဆက်သွယ်ရေးပစ္စည်း ငါးမျိုး၊ ထောက်ပံ့ရေးရိက္ခာ အထုပ် ၅၀၀၊ မီးစက် တစ်လုံး၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံးမှ MAL TRUCK နှစ်စီး၊ DOYUNG တစ်စီး၊ TA TA တစ်စီး၊ မိုးကာတဲ အလုံး ၅၀၊ တာပေါ်လင်ချပ် ၁၆၀၊ ဒီဇယ်ဆီ ခြောက်လုံး၊ ဆက်သွယ်ရေးစက်နှင့် ဆက်စပ်ပစ္စည်းများ ငါးမျိုး၊ လျှပ်စစ်နှင့် အပိုပစ္စည်းကိရိယာ ငါးမျိုး၊ Kubota မီးစက်အသေး တစ်လုံး၊ နယ်ခြားစောင့်တပ်ဖွဲ့မှ အမဲစည်သွတ် ၂၂၈ ဗူး၊ စတော်ပဲစည်သွတ် ၅၂၉ ဗူး၊ သွပ်ချပ် ၅၀၀၊ မိုးကာလိပ် ၂၀၊ ရွက်ဖျင်တဲ ခြောက်လုံး၊ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှ စစ်ဝတ်ထုပ် ၆၀ စုစုပေါင်းကုန်တန်ချိန် ၈၀ ဒသမ ၅ တန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၁၁၁ ဦးတို့ကို ယနေ့ နံနက်ပိုင်းတွင် မင်းဂံကမ်းထိုးရပ်၌တင်ဆောင်၍ အငူမော်သို့ ပို့ဆောင်ပေးခဲ့သည်။

ထို့နောက် မေ ၁၆ ရက်တွင် အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီမှ ဆန်အိတ် ၁၂၂၅၀၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ သွပ်ချပ် ၈၀၀၀၊ သွပ်သံ ၁၇ ဗူး၊ စားအုန်းဆီ ၁၁၄၄ ဗူး၊ သွားတိုက်ဆေးဘူး ၆၆၇ ဗူး၊ သွားတိုက်တံ ဗူး ၈၀၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မှတ်ပုံတင်တောင်းခံလွှာပုံစံများ ၄၈ ထုပ်၊ မြန်မာ့မီးရထားမှ တာပေါ်လင် ၁၅ ချပ်၊ မီးစက် နှစ်လုံး၊ ချိန်းဆော နှစ်လက်၊ Water Pump တစ်ခု၊ ပို့ဆောင်ရေးမှ တာပေါ်လင် ငါးလိပ်၊ မီးစက် နှစ်လုံး၊ သုံးမူးနိုင်လွန်ကြိုး သုံးခွေ၊ ချိတ်ကွင်း အခု ၁၀၀၀ ပါတစ်ထုပ်၊စက်ပစ္စည်း နှစ်ထုပ်၊ ရိက္ခာခြောက်ချပ်ဖာ သုံးခု၊ ဖယောင်းပုဆိုး တစ်လိပ်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ မီးစက်နှင့် ဆက်စပ်ပစ္စည်းများ၊ ဆန်အိတ် ၇၀၊ ဆီဘူး ၇၀ ၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကော်ပုံးနှင့် ဒန်အိုးများ စုစုပေါင်းကုန်တန်ချိန် ၆၆၀ တို့ကို တင်ဆောင်၍ ရန်ကုန်မြို့မှထွက်ခွာလာသော စစ်ရေယာဉ် (ပြည်တော်အေး-၂)သည် ယနေ့ညနေပိုင်းတွင် စစ်တွေမြို့ Essar တံတားသို့ရောက်ရှိခဲ့ပြီး သယ်ဆောင်သွားသည့်ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများကို တာဝန်ရှိသူများထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်၍ မုန်တိုင်းဒဏ်သင့်ပြည်သူများထံသို့ အမြန်ဆုံးဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ဘားအံမြို့၌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)(ဗဟို)က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းနှင့် လူပုဂ္ဂိုလ်တို့ကို ဘွဲ့တံဆိပ်များပေးအပ်ချီးမြှင့်



ဘားအံမြို့၌ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA)(ဗဟို)က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းနှင့် လူပုဂ္ဂိုလ်တို့ကို ဘွဲ့တံဆိပ်များ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနား ကျင်းပစဉ်။

**နေပြည်တော် မေ ၂၀**

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA)(ဗဟို)က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းနှင့် လူပုဂ္ဂိုလ်တို့ကို ဘွဲ့တံဆိပ်တော်ပေးအပ်ချီးမြှင့်ခြင်းကို မေ ၁၉ ရက် ညနေပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ပြုလုပ်ရာ ပြည်နယ်သြဝါဒါစရိယ ဇွဲကပင်တောင်ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကဝိဓဇအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)(ဗဟို)၊ ကရင်ပြည်နယ် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA)အသင်းဝင်များ၊ ဘွဲ့တံဆိပ်ရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြည်နယ်သြဝါဒါစရိယ ဇွဲကပင်တောင်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA)(ဗဟို)မှ တာဝန်ရှိသူတစ်ဦးက ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားတင်ပြသည်။ ယင်းနောက် အဂ္ဂမဟာမင်္ဂလမဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်ရရှိသည့် ပြည်နယ်သြဝါဒါစရိယ ဇွဲကပင်တောင်ဆရာတော်၊ မဟာမင်္ဂလမဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရရှိသည့် လှိုင်းဘွဲမြို့ ကမော့လဲ့ကျောင်းဆရာတော် ဘဒ္ဒန္တဝေပုလ္လ၊ ဘားအံမြို့ အတုလမာန်အောင်ကြာအင်းကျောင်းဆရာတော် ဘဒ္ဒန္တသောဘိတ၊ ဖာပွန်မြို့ ဆွေမြတ်မျိုးကြွယ်ကျောင်းဆရာတော် ဘဒ္ဒန္တသီရိမမွ၊ မြဝတီမြို့ ညောင်နန်းသာကျောင်းဆရာတော် ဘဒ္ဒန္တသောဘိတနှင့် ကော့ကရိတ်မြို့ ဝဲကင်းအဲကျောင်းဆရာတော် ဘဒ္ဒန္တသုန္ဓရတို့ကို ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်များကို အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မဟာမင်္ဂလမဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်ရရှိသည့် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ မင်္ဂလမဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်ရရှိသည့် သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမျိုးမင်းနောင်၊ ဘားအံမြို့မှ ဦးကြည်ရွှင်ထွန်းနှင့်ဒေါ်မြတင်တို့ကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)(ဗဟို)ဥက္ကဋ္ဌ ဦးရဲထွန်းနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဘွဲ့တံဆိပ်များကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA)(ဗဟို)ထံ အလှူငွေများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ၎င်းနောက် ပြည်နယ်သြဝါဒါစရိယ ဇွဲကပင်တောင်ဆရာတော်ထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာယူကာ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။

# အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်






ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများနှင့် ကယ်ဆယ်ရေးအဖွဲ့များကို တပ်မတော်(လေ)မှ လေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးစဉ်။

**နေပြည်တော် မေ ၂၀**

တပ်မတော်အနေဖြင့် ဆိုင်ကလုံးမုန်တိုင်း မိုခါ(MOCHA)တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ဒေသများသို့ ကူညီကယ်ဆယ်ရေးအဖွဲ့များကို စုဖွဲ့စေလွှတ်၍ လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကိုလည်း တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များ၊ ရေယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် သဘာဝဘေးဒဏ်သင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိတပ်များမှ စစ်သည်များနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များပါဝင်သည့် အင်အား ၃၉ ဦးနှင့် တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများ၊ ဝန်ကြီးဌာနများနှင့် စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် အိမ်သာခွက်များ၊ အိမ်သာပိုက်များ၊ မိုးကာလိပ်များ၊ တာပေါ်လင်များ၊ ရေပိုက်များ၊ မီးပိုချောင်သုံးပစ္စည်းများ၊ အဝတ်အထည်များ၊ လူဦးရေ ၄၀ဆံ့ မိုးကာတဲများ၊ လူ ၁၀ ဦးဆံ့ မိုးကာတဲများ၊ ရေသန့်ဘူးများ၊ အာလူးအိတ်များ၊ ကြက်သွန်နီအိတ်များ၊ ကြက်သွန်ဖြူအိတ်များ၊ အခြားစားသောက်ဖွယ်ရာများနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို တင်ဆောင်၍ နေပြည်တော်လေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်လေယာဉ်ဖြင့် ငါးကြိမ်ပို့ဆောင်ပေးခဲ့သည်။

အလားတူ ယနေ့တွင်လည်း တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ဝန်ကြီးဌာနများ၊စေတနာရှင်အလှူရှင်များနှင့် အိန္ဒိယနိုင်ငံကလှူဒါန်းသည့် ရေစက်များ၊ မီးပိုချောင်သုံးပစ္စည်းများ၊ ရေသန့်စင်ဆေးပုံးများ၊ ရေသန့်စက်ပစ္စည်းများ၊ ရေပိုက်များ၊ မိုးကာလိပ်များ၊ အိမ်သာခွက်များ၊ ဆေးပစ္စည်းများ၊ ရွက်ဖျင်တဲများ၊ ချိန်းဆောများ၊ တစ်ကိုယ်ရေအသုံးအဆောင်ပစ္စည်းများ၊ ကြက်ဥဗူများ၊ ကြက်၊ ဝက်အူချောင်းဗူများ၊ မီးစက်များ၊ အိမ်ဆောက်သံများ၊ တူရွင်းပြားများ၊ သံတူရွင်းများ၊ ခေါက်ဆွဲခြောက်ထုပ်များ၊ ရေတုံကင်များ၊ အဝတ်အထည်များ၊ ရေခဲသေတ္တာများ၊ CPLကား တစ်စီး၊ ဘဲဥများ၊ အခြားစားသောက်ဖွယ်ရာများနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို တင်ဆောင်၍ ရန်ကုန်မြို့ရှိ မင်္ဂလာဒုံလေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်လေယာဉ်များဖြင့် ခုနစ်ကြိမ်ပို့ဆောင်ပေးခဲ့သည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်များမှ စစ်သည် ၁၄ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ လေ့ကျင့်ရေးသင်တန်းကျောင်းမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၂၄၂ ဦးအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တံတားဦးလေဆိပ်မှ စစ်တွေလေဆိပ်သို့ ယနေ့တွင် တပ်မတော်လေယာဉ်ဖြင့် လေးကြိမ်ပို့ဆောင်ပေးခဲ့ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် စုစုပေါင်း ဦးရေ ၆၀၀ ထိ ပို့ဆောင်ပေးခဲ့ပြီးဖြစ်သည်။

အဆိုပါ တပ်မတော်လေယာဉ်များဖြင့် ရောက်ရှိလာသောပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်းနှင့် သက်ဆိုင်ရာသို့ ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များ နေပြည်တော်ရှိ စေတီပုထိုးများနှင့် အထင်ကရနေရာများသို့ လေ့လာ



ရေကြောင်းလူငယ်မောင်မယ်များ နေပြည်တော်ရှိ ဗုဒ္ဓဂယာတွင် လေ့လာဖူးမြော်ကြည်ညိုပြီး ဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် မေ ၂၀**

နေပြည်တော်သို့ ရောက်ရှိနေသော ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၃)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်) နှင့် (အငယ်တန်းအဆင့်) (၁/၂၀၂၃)မှ သင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများသည် ယနေ့တွင် နေပြည်တော်ရှိ စေတီပုထိုးများနှင့် အထင်ကရနေရာများသို့ လေ့လာခဲ့ကြသည်။

အဆိုပါရေကြောင်းလူငယ်၊လေကြောင်းလူငယ်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများသည် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ပူဇော်လျက်ရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို သွားရောက်လေ့လာဖူးမြော်ကြည်ညိုကြရာ တာဝန်ရှိသူတစ်ဦးက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားကိုးကွယ်ရသည့် ရည်ရွယ်ချက်၊ တည်ထားကိုးကွယ်ရန် စကျင်ကျောက်တော်ကြီးကို အဆင့်ဆင့်တူးဖော်ခြင်းနှင့်ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းများဖြင့် ပင့်ဆောင်ခဲ့ရမှု၊ ရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း (၁/၂/၃/၄)တို့ကို ထုဆစ်ခြင်း၊ ပလ္လင်တော်အထက်သို့ ပင့်ဆောင်နိုင်ရန် သံမဏိမျှော်စင်ဝန်ချီစက်တည်ဆောက်ခြင်း၊ ရုပ်ပွားတော်မြတ်ကြီးကို ပင့်ထောင်ခြင်းနှင့် ပင့်ဆောင်နေရာချထားခြင်း လုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်နေမှုမာရဝိဇယဗုဒ္ဓဥယျာဉ်တော်ကြီးနှင့် သာသနိကအဆောက်အအုံစိမ်းလန်းစိုပြည်သာယာလှပစေရေးအတွက် သစ်ပင်၊ပန်းမန်များစိုက်ပျိုးဆောင်ရွက်နေမှု၊ သာသနိကအဆောက်အအုံများ ဆောက်လုပ်နေမှုနှင့်အဆင့်ဆင့်တိုးတက်လာမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်းရှိ သာသနိကအဆောက်အအုံများ တည်ဆောက်ပြီးစီးမှုနှင့်ဆက်လက်တည်ဆောက်နေမှုများကို လှည့်လည်လေ့လာကြည့်ရှုကြပြီး အမှတ်တရစုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ် မောင်မယ်များသည် သူရဲကောင်းဗိမာန်(နေပြည်တော်)သို့ သွားရောက်လေ့လာခဲ့ကြပြီး အဖွဲ့လိုက်အလှည့်ကျအလေးပြုကြသည်။



လေကြောင်းလူငယ်မောင်မယ်များ နေပြည်တော်ရှိ မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအတွင်း လေ့လာဖူးမြော်ကြည်ညိုပြီး ဓာတ်ပုံရိုက်စဉ်။

ထို့ပြင် နေပြည်တော် ဗုဒ္ဓဂယာရှိ သတ္တသတ္တာဟမဟာဗောဓိစေတီတော်ကြီးနှင့် ဖွား၊ ပွင့်၊ ဟော၊ စံ သံဝေဇနီယလေးဌာနသို့ လေ့လာဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။

# ရခိုင်ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့က ထောက်ပံ့လှူဒါန်းသော စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်မင်း လေဘေးသင့်ပြည်သူများကို စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။

**နေပြည်တော် မေ ၂၀**

ရခိုင်ပြည်နယ် အမ်းမြို့နယ်အတွင်း မိုခါမုန်တိုင်းတိုက်ခတ်ခံရသည့် လေဘေးသင့်ပြည်သူများကို ရခိုင်ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့က ထောက်ပံ့လှူဒါန်းသော အခြေခံစားသောက်ကုန်ပစ္စည်းများပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် အမ်းမြို့ရှိ ရွှေအမ်းတောင်ခန်းမ၌ ပြုလုပ်ရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်မင်း၊ အမ်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ခိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လေဘေးသင့်ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက မိုခါဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ခံရသည့် လေဘေးသင့်ပြည်သူများကို ရခိုင်ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ထောက်ပံ့ပေးငွေမှ သွားလာမှုလွယ်ကူသောရပ်ကွက်၊ ကျေးရွာအုပ်စု ၄၈စုတို့ကို လူတစ်ဦး တစ်ရက်လျှင် ဆန် နှစ်ဘူးနှုန်းဖြင့် ၄၈ရက်စာအတွက်လည်းကောင်း၊ လူတစ်ဦး တစ်ရက်လျှင် ဆီတစ်ကျပ်သားနှုန်းဖြင့် ၄၈ရက်စာအတွက်လည်းကောင်း၊ အိမ်ထောင်စုတစ်စုလျှင် ဆား နှစ်ထုပ်နှုန်းဖြင့်လည်းကောင်း၊ အိမ်ထောင်စုတစ်စုလျှင် ငါးပိ ၁၅ ကျပ်သားနှုန်းဖြင့်လည်းကောင်း စုစုပေါင်းဆန် ၁၃၂ အိတ်၊ ဆီ ၆၇ ပိဿာ၊ ဆား ၈၁၆ ထုပ်၊ ငါးပိ ၉၁ ပိဿာတို့ကို ထောက်ပံ့ပေးအပ်ရာ လေဘေးသင့်ကျေးရွာအုပ်စုများမှ တာဝန်ရှိသူများက အသီးသီးလက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးထက်အောင် အား ဝန်ကြီးရုံးညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများလှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA-0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများအသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay နှင့် OK $ တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကို ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၃၄၉၀ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၃၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# စိမ်းသောမြေကို ယာယီမုန်တိုင်းနှင့် ယာယီအဖျက်အမှောင့်တို့ ထာဝရစဉ်မလွှမ်းမိုးနိုင်ပေ



"စိမ်းသောမြေကို ယာယီသွေးတို့ ထာဝစဉ် မလွှမ်းနိုင်" ဒီစာသားလေးက ကျွန်တော်ကြိုက်နှစ်သက်တဲ့ ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်ရဲ့လက်ရာ "စိမ်းနေဦးမည့် ကျွန်တော့်မြေ" ဝတ္ထုထဲက အနှစ်ချုပ်လက်ရာလေးပါ။ လက်ရှိဆောင်ရွက်နေတဲ့ သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေကိုမြင်ရတော့ ဒီစာသားလေးကို တိုက်ဆိုင်စွာသတိရမိပါတယ်။ ၂၀၂၃ ခုနှစ် မေ ၁၄ ရက်မှာ ကျွန်တော်တို့နိုင်ငံကိုဝင်ရောက်ခဲ့တဲ့ အလွန့်အလွန်အင်အားကောင်းတဲ့ မိုခါဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ရခိုင်ပြည်နယ်ဟာ အခြားဒေသများထက် ဆိုးဆိုးရွားရွား အထိနာခဲ့တာကို အားလုံးသိပြီးကြပါပြီ။ မုန်တိုင်းပြီးပြီးချင်းမှာပဲ ဘက်ပေါင်းစုံ ထိခိုက်ပျက်စီးခဲ့တာတွေကို ကူညီဆောင်ရွက်ပေးဖို့ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် အရှိန်မပြယ်သေးတဲ့ မုန်တိုင်းနောက်ဆက်တွဲဒဏ်တွေကိုမမှုအားဘဲ ရခိုင်ပြည်နယ်ဆီအရောက်သွားခဲ့တာကို တွေ့ခဲ့ရပါတယ်။ မုန်တိုင်းပြီးပြီးချင်းနောက်တစ်ရက်မှာ သွားခဲ့တာပါ။ ၁၄ ရက်နေ့တုန်းကလည်း နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင်ဦးဆောင်ပြီး သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအတွက် အရေးပေါ်အစည်းအဝေး ပြုလုပ်ခဲ့ပါသေးတယ်။ မုန်တိုင်းမဖြစ်ခင်ကာလ၊ ဖြစ်ဆဲကာလနဲ့ ဖြစ်ပြီးကာလတွေမှာဆောင်ရွက်ဖို့ လိုအပ်တဲ့အရာတွေကို ကြိုတင်ပြင်ဆင်မှုအားကောင်းခဲ့တာကြောင့် ၂၀၀၈ ခုနှစ်မှာဖြစ်ခဲ့တဲ့ နာဂစ်လောက် ပြင်းထန်တဲ့ ထိခိုက်မှုတွေမရှိတာကို တွေ့ရပါတယ်။ ဒါဟာ အဆိုးထဲက အကောင်းလို့ဆိုရမှာပါ။

မုန်တိုင်းဖြစ်ပြီးချိန်ကနေ ယနေ့ထိ ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေကို သတင်းစာမျက်နှာတွေမှာ အတော်များများတွေ့နေရပါတယ်။ ကြိုတင်ပြင်ဆင်ထားတဲ့အတိုင်း ရခိုင်ပြည်နယ်ဆီကို အခြေခံစားသောက်ကုန်တွေကစလို့ ဆန်နဲ့ရိက္ခာ၊ သောက်သုံးရေ၊ ဆေးဝါးနဲ့ အခြားလူသုံးကုန်တွေကို မြေပြင်၊ ရေပြင်၊ ဝေဟင်အသီးသီးကနေ ပို့ဆောင်နေကြတာကို အားလုံးမြင်ကြရမှာပါ။ ဒါ့အပြင် မုန်တိုင်းဒဏ်သင့်ဒေသများမှာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ဖို့အတွက် စေတနာရှင် အလှူရှင်တွေကနေ အလှူငွေပေးအပ်ပွဲတွေကိုလည်း မုန်တိုင်းပြီးပြီးချင်းနောက်တစ်ရက်မှာပဲ ချက်ချင်းဆိုသလိုတွေ့ရတာကြောင့် မြန်မာလူမျိုးတို့ရဲ့ ထက်သန်တဲ့သဒ္ဒါတရားကိုတွေ့မြင်နိုင်ပါတယ်။ မုန်တိုင်းဝင်နိုင်ကြောင်းသိရတာနဲ့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဟာ အစည်းအဝေးနှစ်ကြိမ်အထိပြုလုပ်ပြီး လိုအပ်တာတွေအတွက် ကြိုတင်ပြင်ဆင်ထားရှိခဲ့ကြပါတယ်။ ပြည်သူလူထုသိရှိစေဖို့ အချိန်နဲ့တစ်ပြေးညီ သတင်းထုတ်ပြန်ခြင်းတွေကိုလည်း ဆောင်ရွက်ပေးခဲ့ပါတယ်။ မုန်တိုင်းဝင်တဲ့နေ့က နေပြည်တော်မှာနေတဲ့ ကျွန်တော်တို့ပင် ပြင်းထန်တဲ့ လေတိုက်နှုန်းဒဏ်ကိုခံရတာကြောင့် ရခိုင်ပြည်နယ်က ပြည်သူတွေ ဘယ်လိုနေမလဲဆိုပြီး ကိုယ်ချင်းစာစိတ်နဲ့တွေးမိပါသေးတယ်။ နေပြည်တော်အပါအဝင် တချို့တိုင်းဒေသကြီးနဲ့ပြည်နယ်များမှာလည်း အပျက်အစီးအချို့ရှိခဲ့ပါတယ်။

အချိန်အခါနဲ့ ရာသီဥတုကိုမတွက်အားဘဲ မုန်တိုင်းဒဏ်ဆိုးဆိုးရွားရွားခံစားခဲ့ရတဲ့ဒေသခံတွေဆီ အချိန်မဆိုင်းဘဲ ရောက်အောင်သွားကာ လိုအပ်တာများစီမံဆောင်ရွက်ပေးနေတဲ့ အကြီးအကဲရဲ့ပုံရိပ်များကို မြင်ခဲ့ရတဲ့အတွက် ကျွန်တော့်ရင်ထဲမှာ တစ်မျိုးတစ်မည် ခံစားမိပါတယ်။ ဝမ်းသာပီတိဖြစ်သလိုလို ကြည်နူးမိတာလိုလို ပြည်သူတွေအတွက် ငါတို့ခေါင်းဆောင်ဟာ ငါတို့နဲ့အတူရှိပါလားဆိုတဲ့ စိတ်ခံစားချက်နဲ့ မုန်တိုင်းဒဏ်သင့်သူတွေကိုယ်စား တွေးမိပါတယ်။ မုန်တိုင်းဒဏ်ဆိုးရွားစွာခံခဲ့ရတဲ့ ရခိုင်ပြည်နယ်ကို **မူလအခြေအနေထက်ပိုကောင်းအောင် ဆောင်ရွက်သွားမယ်**လို့လည်း သိရတဲ့အတွက်လည်း ထပ်ဆောင်းပီတိ ဖြစ်ရပြန်ပါတယ်။ ဦးစားပေးဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်များအလိုက် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားကြဖို့ လမ်းညွှန်မှာကြားချက်တွေကိုလည်း သိရှိရပါတယ်။ ဟုတ်ပါတယ်။ မကြာခင် ကျောင်းတွေပြန်ဖွင့်တော့မှာပါ။ ဒါကြောင့်မို့ တက်ကုန်ဖွင့် ရွက်စုံလွှင့်ဖို့လိုပါတယ်။ ရခိုင်ပြည်နယ် ခရီးစဉ်အပြီးမှာတော့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေဆီသွားရောက်ပြီး သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခဲ့ရတဲ့အခြေအနေတွေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်တာတွေ လမ်းညွှန်မှာကြားခဲ့ပြန်ပါတယ်။

ယနေ့အချိန်ထိ တာဝန်ရှိသူ ပြည်ထောင်စုဝန်ကြီးအသီးသီးဟာလည်း သက်ဆိုင်ရာကဏ္ဍများအလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို ကြိုးစားဆောင်ရွက်နေကြပါတယ်။ နယ်ပယ်စုံ အလွှာစုံက အလှူရှင်များစွာရဲ့ တစ်တပ်တစ်အား ပါဝင်လှူဒါန်းမှုတွေကလည်း သာဓုခေါ်၍မဆုံးနိုင်အောင်ပါပဲ။ အလှူရေစက် လက်နဲ့မကွာတဲ့ ကျွန်တော်တို့မြန်မာတွေရဲ့စိတ်ရင်းကို ခုလိုချိန်မှာတွေ့ရတာ အင်မတန်အားရကျေနပ်ဖို့ကောင်းပါတယ်။ ဒါဟာ We are Myanmar ဆိုတဲ့စိတ်ကို ပြသလိုက်တာပဲဖြစ်ပါတယ်။ ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခဲ့ရတဲ့ စီးပွားရေးအကျပ်အတည်းတွေ ရှိလင့်ကစား ပြည့်အင်အား ပြည်တွင်းမှာသာရှိတဲ့ သော့ချက်ကို ထိထိရောက်ရောက် အကောင်အထည်ဖော်ခဲ့နိုင်တာကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှာ အပေါင်းလက္ခဏာပြလာတဲ့ အနေအထားတွေကို ကျွန်တော်တို့မြင်တွေ့ခဲ့ရပါတယ်။ စေတနာရှင်တွေကလှူဒါန်းကြတဲ့ အလှူငွေတွေကိုကြည့်ခြင်းအားဖြင့် နာလန်ထဦးမော့လာခဲ့တဲ့ စီးပွားရေးကိုသုံးသပ်နိုင်မှာပါ။

သဘာဝဘေးအန္တရာယ်ဆိုတာ ရှောင်လွှဲလို့မရတဲ့အရာပါ။ လူတို့ကြောင့် ထိခိုက်ပျက်စီးလာတဲ့ ကမ္ဘာကြီးဟာ လူတွေကိုပြန်ဒုက္ခပေးတာ မဆန်းပါဘူး။ ကမ္ဘာ့နိုင်ငံအားလုံး အတူတူခံစားနေရတာပါပဲ။ မတူတာတစ်ခုကတော့ သဘာဝဘေးအန္တရာယ်ကို ပြန်လည်တုံ့ပြန်နိုင်မှုပါ။ တုံ့ပြန်တယ်ဆိုတဲ့နေရာမှာ တစ်ဦးကောင်းတစ်ယောက်ကောင်းမရပါဘူး။ ဘောလုံးအသင်းတစ်သင်းမှာ ကစားသမားတစ်ယောက်တည်းက ထူးချွန်နေလို့မရသလို နိုင်ငံတစ်နိုင်ငံမှာလည်း ထိုနည်းအတိုင်းပါပဲ။ ခေါင်းဆောင်တော်ဖို့လိုသလို ခေါင်းဆောင်ကို ပံ့ပိုးပေးကြမယ့်သူတွေကလည်း အရည်အချင်းရှိဖို့လိုပါတယ်။ မိုခါဆိုင်ကလုန်းမုန်တိုင်း နိုင်ငံအတွင်းဝင်ရောက်နိုင်ခြေရှိတာကို တွက်ဆမိတာနဲ့ လိုအပ်တာတွေကိုမတုံ့ဆိုင်းဘဲ ပြင်ဆင်ခဲ့ကြခြင်းဟာ စီမံခန့်ခွဲမှုပိုင်နိုင်ခြင်းကို သက်သေပြတာပါပဲ။ ပူးပေါင်းဆောင်ရွက်မှုကောင်းမွန်ခြင်းကို ဖော်ညွှန်းတာပါ။ နိုင်ငံ့တာဝန်တွေကိုထမ်းဆောင်ရာမှာ စာတွေ့နဲ့ လက်တွေ့ပေါင်းစပ်ပြီး ကျွမ်းကျင်ပိုင်နိုင်တဲ့ စီမံခန့်ခွဲမှုဆောင်ရွက်ချက်တွေကသာ ပြည်သူတွေရဲ့အကျိုးစီးပွားကို ဖြစ်ထွန်းစေမှာပါ။



ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွေမှာ ကိုယ့်နိုင်ငံအသင်း ဗိုလ်လုပွဲတက်ရင် နိုင်ငံ့အကြီးအကဲတွေကိုယ်တိုင် တက်ရောက်အားပေးပြီး စိတ်ဓာတ်မြှင့်တင်မှုတွေပြုလုပ်ပေးတာ တွေ့ခဲ့ဖူးပါတယ်။ ကျွန်တော်ကတော့ နိုင်ငံ့အားကစားသမားတွေကို စိတ်ဓာတ်မြှင့်တင်ပေးတဲ့ ခေါင်းဆောင်ကို အသိအမှတ်ပြုသလို ပြည်သူတွေ ဘေးဒုက္ခရောက်နေချိန်မှာ မိုးရွာ နေပူ ဆီးနှင်းမရှောင် ပြည်သူနဲ့တစ်သားတည်းရှိကြောင်းပြသတဲ့ ခေါင်းဆောင်တွေကို ပိုလေးစားမိပါတယ်။ မုန်တိုင်းဘေးသင့်ခံရတဲ့ ပြည်သူတွေနဲ့အတူရှိခြင်း၊ သူတို့လိုအပ်နေတဲ့ ရုပ်ပိုင်း စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့ပေးခြင်းကလည်း အပြောနဲ့မဟုတ် အလုပ်နဲ့သက်သေပြတတ်တဲ့ ကျွန်တော်တို့နိုင်ငံအကြီးအကဲရဲ့ တိုင်းပြည်နဲ့ ပြည်သူလူထုအပေါ်ထားတဲ့ မေတ္တာတရားနဲ့စေတနာတွေဖြစ်ပါတယ်။

လွတ်လပ်ရေးရပြီးကတည်းက ကျွန်တော်တို့နိုင်ငံကို ထပ်မံပြိုကွဲဖို့ ပြည်တွင်းသစ္စာဖောက်တွေကို ကြိုးကိုင်နေတဲ့ နယ်ချဲ့မိစ္ဆာတွေအများကြီးရှိနေပါတယ်။ ဒါပေမဲ့လည်း သမိုင်းပေးသင်ခန်းစာတွေက တစ်ဆင့် ဝမ်းစာပြည့်နေတဲ့ တပ်မတော်ကြီးနဲ့ ပြည်ထောင်စုစိတ်ဓာတ်များ ကိန်းအောင်းနေတဲ့ တိုင်းရင်းသားပြည်သူတွေကြောင့် ဘယ်သောအခါမျှ အတိတ်ကလိုဖြစ်စဉ်မျိုး ကြုံတွေ့ရမှာမဟုတ်ဘူးဆိုတာ ကျွန်တော်သာလျှင်မက အမျိုး ဘာသာ သာသနာကိုချစ်မြတ်နိုးသူတိုင်း သိကြပါတယ်။ ဘေးပယောဂ အခက်အခဲ အကျပ်အတည်းများစွာကြားကပဲ ပြည်တွင်းမှာသာရှိတဲ့ ပြည့်အင်အားတွေနဲ့ ကျွန်တော်တို့တွေ အောင်ပွဲများစွာကို ဆွတ်ခူးခဲ့ပြီးဖြစ်ပါတယ်။ အနီးစပ်ဆုံးအောင်ပွဲများကတော့ နာဂစ်မုန်တိုင်းနီးပါးပြင်းထန်ခဲ့တဲ့ မိုခါဆိုင်ကလုန်းမုန်တိုင်းကို အကောင်းဆုံးကျော်ဖြတ်နိုင်ခဲ့ခြင်းနဲ့ (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲက မြန်မာအားကစားသမားများရဲ့ အောင်မြင်မှုတွေပါပဲ။

"စိမ်းသောမြေကို ယာယီသွေးတို့ ထာဝစဉ် မလွှမ်းနိုင်" ဒီစာသားလေးက ကျွန်တော်ကြိုက်နှစ်သက်တဲ့ ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်ရဲ့လက်ရာ "စိမ်းနေဦးမည့် ကျွန်တော့်မြေ" ဝတ္ထုထဲက အနှစ်ချုပ်လက်ရာလေးပါ။ လက်ရှိဆောင်ရွက်နေတဲ့ သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေကို မြင်ရတော့ ဒီစာသားလေးကို တိုက်ဆိုင်စွာ သတိရမိပါတယ်။ ရခိုင်ပြည်နယ်နဲ့တကွ စိမ်းလန်းစိုပြည်တဲ့ တောတောင်ရှုခင်းတွေ၊ မြစ်ချောင်းအင်းအိုင်တွေ၊ သဘာဝအလှတရားတွေပိုင်ဆိုင်နေတဲ့ ကျွန်တော်တို့နိုင်ငံဟာ လူတွေကြောင့်ရော သဘာဝဘေးအန္တရာယ်တွေကြောင့်ပါ အကြိမ်ကြိမ်ထိခိုက်ပျက်စီးခဲ့ဖူးပါပြီ။ ဒါပေမဲ့လည်း တစ်ကြိမ်ကျရှုံးနဲ့ ကွဲတတ်တဲ့ဖန်ခွက်လိုမဟုတ်ဘဲ အကြိမ်ကြိမ်ပြန်ခုန်တက်နိုင်တဲ့ ရော်ဘာဘောလုံးလိုဖြစ်တယ်ဆိုတာ သက်သေများစွာ ပြခဲ့ပြီးပါပြီ။ ညီညွတ်တဲ့ ပြည်ထောင်စုစိတ်ဓာတ်နဲ့ ပြည့်အင်အားတွေကို ယာယီမုန်တိုင်းတွေ၊ ယာယီအဖျက်အမှောင့်ပယောဂတွေက ထာဝစဉ်မလွှမ်းမိုးနိုင်ကြောင်းပါ။ ။

**နွေကုံးကော်(မြို့လှ)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ကနိုင်းဒါးကျေးရွာနေ ခင်သန်းသည် ၎င်းအသုံးပြုသည့် “Khin Than”Facebookအကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။


ပညာရေးဝန်ကြီးဌာန

ပညာ

၂၀၂၃ -၂၀၂၄ ပညာသင်နှစ်

“ကျောင်းနေအရွယ်ကလေးအားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံစို့”

ကျောင်းအပ်နှံရေးသီတင်းပတ်

၂၀၂၃ ခုနှစ်၊ မေ ၂၃ ရက်မှ မေ ၃၁ ရက်ထိ


# အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက်၌ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်များအား နယ်လှည့်ဆေးကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် မေ ၂၀**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့များက အဆိုပါရပ်ကွက်ရှိ မဟာသန္တာရုံကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ နယ်လှည့်ဆေးကုသရေးအဖွဲ့များက သံဃာတော် ၇၄ ပါးနှင့်ဒေသခံပြည်သူဦးရေ ၁၉၀ တို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးပြီး သံဃာတော် ၁၃၆ ပါးနှင့် ဒေသခံပြည်သူ ၁၂၂ ဦးတို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

# မေ ၂၀ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၉ ဦး တွေ့ရှိ

**နေပြည်တော် မေ ၂၀**

မေ ၁၉ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၇၄၆၀ ကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၉ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၉၅၄ ဦး |
| သေဆုံးသူ | ၁၉၄၉၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၆၈၀၆ ဦး |

# ရန်ကုန်မြို့နှင့် မန္တလေးမြို့ အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၅-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၀၅ | ၂၀၅၅ | ၂၀၄၅ | ၂၀၁၅ | ၂၀၅၀ | ၂၀၇၅ | ၂၀၆၀ | ၂၀၃၅ | ၂၁၃၅ | ၂၁၅၀ | ၂၀၄၅ | ၂၀၅၅ | ၂၀၉၀ | ၂၀၉၀ | ၂၀၉၅ | ၂၃၂၀ | ၂၇၀၀ |
| 95 Ron | ၂၀၉၅ | ၂၁၄၅ | ၂၁၄၅ | ၂၁၀၅ | ၂၁၄၅ | ၂၁၇၀ | ၂၁၅၅ | ၂၁၃၀ | ၂၂၃၀ | ၂၂၄၅ | ၂၁၃၅ | ၂၁၅၅ | ၂၁၈၀ | ၂၁၈၅ | ၂၁၈၅ | ၂၄၁၅ | ၂၈၀၅ |
| HSD (500 ppm) | ၁၉၂၅ | ၁၉၇၅ | ၁၉၇၀ | ၁၉၃၅ | ၁၉၇၅ | ၁၉၉၅ | ၁၉၉၅ | ၁၉၆၀ | ၂၀၈၀ | ၂၀၇၅ | ၁၉၆၅ | ၁၉၈၀ | ၂၀၁၀ | ၂၀၁၀ | ၂၀၁၅ | ၂၂၄၅ | ၂၈၀၅ |
| HSD (50 ppm) | ၂၀၀၅ | ၂၀၅၅ | ၂၀၅၀ | ၂၀၁၅ | ၂၀၅၅ | ၂၀၇၅ | ၂၀၇၅ | ၂၀၄၀ | ၂၁၆၀ | ၂၁၅၅ | ၂၀၄၅ | ၂၀၆၀ | ၂၀၉၀ | ၂၀၉၀ | ၂၀၉၅ | ၂၃၂၅ | ၂၈၆၅ |
| HSD (10 ppm) | ၂၀၀၅ | ၂၀၅၅ | ၂၀၅၀ | ၂၀၁၅ | ၂၀၅၅ | ၂၀၇၅ | ၂၀၇၅ | ၂၀၄၀ | ၂၁၆၀ | ၂၁၅၅ | ၂၀၄၅ | ၂၀၆၀ | ၂၀၉၀ | ၂၀၉၀ | ၂၀၉၅ | ၂၃၂၅ | ၂၈၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၉၉ | ၁၉၇၁ |
| 95 Ron | ၁၉၉၀ | ၂၀၆၃ |
| HSD (500 ppm) | ၁၈၂၈ | ၁၈၉၄ |
| HSD (50 ppm) | ၁၉၀၂ | ၁၉၆၉ |
| HSD (10 ppm) | ၁၉၀၂ | ၁၉၆၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-


၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုင်းကျော်သူကို လုပ်ကြံသတ်ဖြတ်ခဲ့သည့် Yangon Revolution Force-YRF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များအား လက်နက်၊ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ



၂၀၂၃ ခုနှစ် မေ ၁၂ ရက်တွင် စမ်းချောင်းမြို့နယ် လင်းလွန်းမြောက်ရပ်ကွက် ဇလွန်လမ်း ငါးလွှာ(A) အိမ်အမှတ်(၃၅)၌ သိမ်းဆည်းရမိသည့် လက်နက်၊ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။



၂၀၂၃ ခုနှစ် မေ ၁၂ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁)ရပ်ကွက် သုမိတ္တာ(၁၀)လမ်း အိမ်အမှတ်(၄၀၇)၌ သိမ်းဆည်းရမိခဲ့သည့် လက်နက်၊ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် မေ ၂၀**

၂၀၂၃ ခုနှစ် ဧပြီ ၂၂ ရက် နေ့လယ်ပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုင်းကျော်သူသည် ဇနီးဖြစ်သူအား "အောင်ရတနာ" အထူးကုဆေးရုံသို့ မော်တော်ယာဉ်ဖြင့်ပို့ဆောင်ပြီး ပြန်လာခဲ့ရာ သင်္ဃန်းကျွန်းမြို့နယ် (၁၆/၂)ရပ်ကွက် ဝေဇယန္တာလမ်း အမှတ်(၁၆)လမ်းဆုံအနီးသို့ရောက်ရှိစဉ် စီစစ်ဆဲ ကျား နှစ်ဦးက မော်တော်ယာဉ်ရှေ့၌ပိတ်ရပ်၍ ပစ္စတိုနှစ်လက်ဖြင့် ပစ်ခတ်ခဲ့သောကြောင့် ဦးစိုင်းကျော်သူသည် ကျည်ထိမှန်ဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်ခဲ့သည့် တရားခံများအား ဖမ်းဆီးရမိရေးအတွက် နေ့ညမပြတ် အချိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး တရားမျှတမှုကိုလိုလား၍ အကြမ်းဖက်မှုကိုမလိုလားသည့် ပြည်သူများ၏ လျှို့ဝှက်သတင်းပေးပို့မှုများကြောင့် မေ ၁၂ ရက် နံနက်ပိုင်းတွင် ဦးစိုင်းကျော်သူအား လုပ်ကြံသတ်ဖြတ်ရာတွင် စက်ဘီးဖြင့် အခြေအနေကြည့်ရှုပေးသူ တရားခံ **အာကာထက်ကျော်(ခ)အောင်သုခ**ကို Glock ပစ္စတိုတစ်လက်၊ ၉ မမ ကျည် အတောင့် ၂၀ တို့နှင့်အတူ စမ်းချောင်းမြို့နယ် လင်းလွန်းမြောက်ရပ်ကွက် ဇလွန်လမ်း ငါးလွှာ(A) အိမ်အမှတ်(၃၅)၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **အာကာထက်ကျော်(ခ)အောင်သုခ**၏ ထွက်ဆိုချက်အရ ယင်းနေ့ နံနက်ပိုင်းတွင် မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁)ရပ်ကွက် သုမိတ္တာ (၁၀)လမ်း အိမ်အမှတ် (၄၀၇)၌ တရားခံ **ရဲကျော်ပိုင်(ခ)မောင်ကြီး**ကို လက်လုပ်သေနတ်ကိုယ်ထည် တစ်ခု၊ လက်ပစ်ဗုံး တစ်လုံး၊ ၅ ဒသမ ၅၆ ကျည် ၁၀ တောင့်၊ ပွိုင့် ၃၈၀ ကျည် ၁၀ တောင့်၊ ၁၂ ဗိုကျည် ငါးတောင့်၊ ကျည်ကာအင်္ကျီ ရှစ်ထည်၊ လက်ကိုင်ဖုန်း နှစ်လုံးတို့ဖြင့်လည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၆၃)ရပ်ကွက် ရွှေတောင်ကြား (၅)လမ်း အိမ်အမှတ်(၉၆၄၀)၌ တရားခံ **ငြိမ်းမောင်(ခ)ငြိမ်းချမ်းအောင်**ကို Laptop တစ်လုံး၊ လက်ကိုင်ဖုန်း နှစ်လုံး၊ ကွမ်းခြံကုန်းမြို့နယ် ဒရယ်လူးကျေးရွာနှင့် ကော့ဒွန်းကျေးရွာ အုပ်ချုပ်ရေးမှူးတံဆိပ်တုံး နှစ်ခု၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတံဆိပ်တုံး နှစ်ခုတို့ဖြင့်လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **ငြိမ်းမောင်(ခ)ငြိမ်းချမ်းအောင်**၏ ထွက်ဆိုချက်အရ ယင်းနေ့ နေ့လယ်ပိုင်းတွင် ဦးစိုင်းကျော်သူအား ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့သူများဖြစ်သည့် တရားခံ **ခင်မျိုးဦး(ခ) Flash(ခ)သားငယ်**ကို ကမာရွတ်မြို့နယ် အင်းစိန်လမ်းနှင့် ဦးထွန်းလင်းခြံလမ်းဆုံတွင်လည်းကောင်း၊ တရားခံ **နိုးသူ(ခ)Red (ခ)ကောင်းစေ**ကို မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အမှတ်(၁၁)ရပ်ကွက် ပုလဲရွှေဝါလမ်းသွယ်(၂) အိမ်အမှတ်(၆၂၀)တွင် Sig Sauer ပစ္စတို တစ်လက်၊ ၉ မမ ကျည် ၁၁ တောင့်တို့ဖြင့် လည်းကောင်း၊ ဦးစိုင်းကျော်သူကို လုပ်ကြံသတ်ဖြတ်ရာတွင် စက်ဘီးဖြင့် အခြေအနေကြည့်ရှုပေးသူ တရားခံ **မင်းဆက်(ခ)အောင်သူဟန်**အား မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အမှတ်(၁၀)ရပ်ကွက် ပုဂံလမ်းပေါ်တွင်လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **ခင်မျိုးဦး(ခ) Flash (ခ)သားငယ်**၏ ထွက်ဆိုချက်အရ ယင်းနေ့ ညနေပိုင်းတွင် ဆက်စပ်တရားခံများဖြစ်သည့် **ချစ်ကိုကို**အား ဒလမြို့နယ် အုံကြီးအနောက်ရပ်ကွက် အနော်ရထာလမ်းမကြီး အိမ်အမှတ်(၇၁၆)တွင်လည်းကောင်း၊ **ကျော်လွင်ဦး**အား ဒလမြို့နယ် အုံကြီးအရှေ့ရပ်ကွက် ဖိုးရာဇာလမ်း အိမ်အမှတ် (၂၉၉)တွင်လည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ဖမ်းဆီးရမိတရားခံ **အာကာထက်ကျော်(ခ)အောင်သုခ**၏ ထွက်ဆိုချက်အရ မေ ၁၄ ရက်တွင် ဆက်စပ်တရားခံ **ပန်းအေး(ခ)ကိုမျိုး**ကို ရွှေပြည်သာမြို့နယ် အမှတ်(၁၆)ရပ်ကွက် ရန်ပြေမာန်ပြေ သာမဏေစာသင်တိုက်၌လည်းကောင်း၊ မေ ၁၆ ရက်တွင် ဆက်စပ်တရားခံ **လပြည့်အိမ် (ခ)ကိုရှိုင်း**ကို မြောက်ဥက္ကလာပမြို့နယ် (ဃ)ရပ်ကွက် အဝိုင်းမှတ်တိုင်အနီး၌ လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ ၁၀ ဦးကို ပစ္စတို နှစ်လက်၊ လက်လုပ်သေနတ် ကိုယ်ထည် တစ်ခု၊ လက်ပစ်ဗုံး တစ်လုံး၊ ကျည်မျိုးစုံ ၅၆ တောင့်၊ ကျည်ကာအင်္ကျီ ရှစ်ထည်၊ ကျေးရွာအုပ်ချုပ်ရေးမှူးတံဆိပ်တုံး နှစ်ခု၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတံဆိပ်တုံး နှစ်ခု၊ Laptop တစ်လုံး၊ လက်ကိုင်ဖုန်း လေးလုံးတို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ **နိုးသူ(ခ)Red(ခ)ကောင်းစေ၊ ခင်မျိုးဦး (ခ)Flash (ခ)သားငယ်**နှင့် **အာကာထက်ကျော် (ခ)အောင်သုခ**တို့သည် ၂၀၂၁ ခုနှစ် ဧပြီလ၌ လေးကော့ကော်ကျေးရွာအနီးရှိ KNLA တပ်မဟာ(၆) လက်အောက်ခံ တောတွင်းစခန်းနေရာ၌ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း တစ်လ တက်ရောက်ခဲ့ပြီး **ရဲကျော်ပိုင်(ခ)မောင်ကြီး**သည် ၂၀၂၁ ခုနှစ် မတ်လတွင် ကျိုက်ထိုမြို့နယ်အတွင်းရှိ KNLA တပ်မဟာ(၁) လက်အောက်ခံ တောတွင်းစခန်းနေရာ၌ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း တစ်လ တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရန်နှင့် အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ရန်ရည်ရွယ်လျက် ၂၀၂၁ ခုနှစ် အောက်တိုဘာလတွင် Yangon Revolution Force – YRF အမည်ခံ အကြမ်းဖက်အဖွဲ့အား ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် **ဥက္ကာလင်းယံ**နှင့် **Jame** တို့က ခေါင်းဆောင်၍ **ခင်မျိုးဦး(ခ)Flash (ခ)သားငယ်၊နိုးသူ(ခ)Red(ခ)ကောင်းစေ၊ မင်းဆက်(ခ)အောင်သူဟန်၊ အာကာထက်ကျော်(ခ)အောင်သုခ၊ ရဲကျော်ပိုင်(ခ) မောင်ကြီး၊ ငြိမ်းမောင်(ခ)ငြိမ်းချမ်းအောင်၊ ချစ်ကိုကို၊ ကျော်လွင်ဦး**နှင့် ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် **နိုးမိုးထွဋ်(ခ) တိုက်ဂါး၊ မင်းဟိန်းကျော်(ခ)လရောင်၊ လူမင်းထွေး(ခ)ကိုရှိုင်း၊ ဆိတ်ဖွား(ခ)ရဲကျော်၊ ဘိုမက်၊ ညီညီနိုင်(ခ)သံမဏိ၊ မလပ်ကီး၊ ကယ်ဗင်၊ ဂျိုကာ၊** 5 P၊ **ကျားကြီး၊ ဓာဟာင်နရီထူး(ခ)အောင်လ**အပါအဝင် ၂၂ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဖမ်းဆီးရန်ကျန်တရားခံ **Jame** သည် KNLA တပ်မဟာ(၆) လှိုင်ဘွဲ့ နယ်မြေအတွင်း ခိုအောင်းနေထိုင်လျက်ရှိပြီး အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH၊ NUG တို့နှင့်ချိတ်ဆက်၍ ငွေကြေးကူညီထောက်ပံ့မှုများရယူကာ လက်နက်၊ ခဲယမ်း **စာမျက်နှာ ၂၉ သို့**





၂၀၂၃ ခုနှစ် ဧပြီ ၂၂ ရက်တွင် သင်္ဃန်းကျွန်းမြို့နယ် (၁၆/၂)ရပ်ကွက် ဝေဇယန္တာလမ်းပေါ်၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုင်းကျော်သူ လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၃ ခုနှစ် မေ ၁၂ ရက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၆၃)ရပ်ကွက် ရွှေတောင်ကြား(၅)လမ်း အိမ်အမှတ်(၉၆၄၀)၌ သိမ်းဆည်းရမိခဲ့သည့် ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။



၂၀၂၃ ခုနှစ် မေ ၁၂ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အမှတ်(၁၁)ရပ်ကွက် ပုလဲရွှေဝါလမ်းသွယ်(၂) အိမ်အမှတ်(၆၂၀)၌ သိမ်းဆည်းရမိခဲ့သည့် လက်နက်၊ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။

**စာမျက်နှာ ၂၈ မှအဆက်**

များဝယ်ယူ၍ ရန်ကုန်မြို့အတွင်း၌ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန် ပို့ဆောင်ပေးလျက်ရှိကြောင်း၊ ထို့ပြင် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH၊ NUG တို့သည် ၎င်းတို့ လုပ်ကြံသတ်ဖြတ်လိုသူများ၏ အချက်အလက်များ၊ ဓာတ်ပုံများကို ဖမ်းဆီးရန်ကျန်တရားခံ **Jame** က တစ်ဆင့် ပေးပို့စေခိုင်းလျက်ရှိပြီး လုပ်ကြံသတ်ဖြတ်မှု တစ်ကြိမ်လျှင် ပစ်ခတ်လုပ်ကြံသူအား ငွေကျပ် ငါးသိန်း၊ အခြေအနေကြည့်ရှုပေးသူအား ငွေကျပ် တစ်သိန်း ထောက်ပံ့ပေးကြောင်း၊ ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ပထမပတ်တွင် Glock ပစ္စတို တစ်လက်၊ Sig Sauer ပစ္စတို တစ်လက်၊ ၉ မမကျည် အတောင့် ၁၀၀ တို့ကို ဖမ်းဆီးရန်ကျန်တရားခံ **Jame** က ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် YRF အမည်ခံ အကြမ်းဖက်အဖွဲ့ ခေါင်းဆောင် **ဥက္ကာလင်းယံ**နှင့် **Jame** တို့၏ခိုင်းစေမှုဖြင့် ရန်ကုန်မြို့အတွင်း အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်မှု ရှစ်ကြိမ် ကျူးလွန်ခဲ့ကြောင်း-

- ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၄ ရက်တွင် **စင်မျိုးဦး(စ)Flash (စ)သားငယ်**သည် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **ဥက္ကာလင်းယံ**နှင့် **Jame** တို့၏ စေခိုင်းမှုဖြင့် မရမ်းကုန်းမြို့နယ် အမှတ်(၇)ရပ်ကွက် တေးနှယဉ်လမ်းနေ Mytel ရုံးချုပ်မှ အထွေထွေမန်နေဂျာ ဦးသိန်းအောင်နှင့် ဇနီးဖြစ်သူ ဒေါ်သိမ့်အောင်သူတို့ကို ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံ သတ်ဖြတ်ခဲ့ကြောင်း။
- ၂၀၂၂ ခုနှစ် ဇွန် ၆ ရက်တွင် **စင်မျိုးဦး (စ)Flash (စ)သားငယ်**သည် ဖမ်းဆီးရန်ကျန်တရားခံ **ဥက္ကာလင်းယံ**၏စေခိုင်းမှုဖြင့် မြောက်ဥက္ကလာပမြို့နယ် (က)ရပ်ကွက် နွယ်သာကီ(၃)လမ်းပေါ်၌ အပြစ်မဲ့ပြည်သူ ဦးမင်းသိန်း (ခ)အရှည်ကြီးကို ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **နိုးသူ (စ)Red (စ)ကောင်းဝေ**က အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။
- ဇွန် ၂၅ ရက်တွင် **စင်မျိုးဦး(စ) Flash (စ)သားငယ်**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **ကျားကြီး**တို့သည် ဖမ်းဆီးရန်ကျန်တရားခံ **ဥက္ကာလင်းယံ**၏ စေခိုင်းမှုဖြင့် ကွမ်းခြံကုန်းမြို့နယ် ကော့ဒွန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးနေလင်းအောင်အား ပစ္စတိုဖြင့် ပစ်ခတ် လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **ငြိမ်းမောင်(စ)ငြိမ်းချမ်းအောင်**က အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။
- ဇူလိုင် ၁ ရက်တွင် **စင်မျိုးဦး(စ) Flash (စ)သားငယ်**သည်ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **ဥက္ကာလင်းယံ**နှင့် **Jame**တို့၏ စေခိုင်းမှုဖြင့် မြောက်ဥက္ကလာပမြို့နယ် (က)ရပ်ကွက် မေယု(၄)လမ်း “ပြည့်ဝမေ” လက်ဖက်ရည်ဆိုင်ရှေ့တွင် အပြစ်မဲ့ပြည်သူ ဦးတင့်လွင်အား ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **နိုးသူ (စ)Red (စ)ကောင်းဝေ**က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။
- ဩဂုတ် ၃ ရက်တွင် **စင်မျိုးဦး (စ)Flash (စ)သားငယ်**သည် ဖမ်းဆီးရန်ကျန်တရားခံ **ဥက္ကာလင်းယံ**၏ စေခိုင်းမှုဖြင့် ရွှေပြည်သာမြို့နယ် အမှတ်(၁၆)ရပ်ကွက်နေ အပြစ်မဲ့ပြည်သူ ဦးဝင်းနိုင်အား ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **ပန်းအေး(စ)ကိုမျိုး**က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။
- အောက်တိုဘာ ၂၆ ရက်တွင် **စင်မျိုးဦး (စ)Flash (စ)သားငယ်**နှင့် **မင်းဆက် (စ)အောင်သူဟန်**တို့နှစ်ဦးသည် ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် **ဥက္ကာလင်းယံ**နှင့် Jame တို့၏ စေခိုင်းမှုဖြင့် မြောက်ဥက္ကလာပမြို့နယ်



၂၀၂၁ ခုနှစ် နိုဝင်ဘာ ၄ ရက်တွင် မရမ်းကုန်းမြို့နယ် အမှတ် (၇)ရပ်ကွက် တေးနှယဉ်လမ်း၌ လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည့် အပြစ်မဲ့ပြည်သူတစ်ဦး၏ မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် စကားဝါလမ်းနှင့် သဇင်လမ်းထောင့်၌ အကြမ်းဖက်သမားများမှ သေနတ်ဖြင့်ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် အပြစ်မဲ့ပြည်သူ တစ်ဦး၏ မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် ဇူလိုင် ၁ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (က)ရပ်ကွက် မေယု(၄)လမ်းရှိ ပြည့်ဝမေ လက်ဖက်ရည်ဆိုင်ရှေ့၌ အကြမ်းဖက်သူများမှ သေနတ်ဖြင့်ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် အပြစ်မဲ့ပြည်သူတစ်ဦး၏ မှတ်တမ်းဓာတ်ပုံ။

(၄)ရပ်ကွက် စကားဝါလမ်းနှင့် သဇင်လမ်းထောင့်တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးစိုးအား ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံ သတ်ဖြတ်ခဲ့ပြီး **နိုးသူ (စ)Red (စ)ကောင်းဝေ**က အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။

- ၂၀၂၃ ခုနှစ် ဧပြီ ၁၈ ရက်တွင် **အာကာထက်ကျော် (စ)အောင်သုစ**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **ဓားဟင်နရီထူး (စ)အောင်လ** တို့နှစ်ဦးသည် ဖမ်းဆီးရန်ကျန် တရားခံ **ဥက္ကာလင်းယံ**၏ စေခိုင်းမှုဖြင့် သန်လျင်မြို့နယ် ထန်းပင်ကုန်းရပ်ကွက် ထန်းပင်ကုန်းလမ်းတွင် စစ်မှုထမ်းဟောင်း ဦးအောင်ညီထွန်းနှင့် အပြစ်မဲ့ပြည်သူများဖြစ်သော ဦးအောင်မျိုးဆွေ၊ ဦးခင်မောင်သိန်းတို့ သုံးဦးအား ပစ္စတိုဖြင့် ပစ်ခတ် လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **ကျော်လွင်ဦး၊ ချစ်ကိုကို၊ ရဲကျော်ပိုင် (စ)မောင်ကြီးနှင့် ငြိမ်းမောင် (စ)ငြိမ်းချမ်းအောင်**တို့ လေးဦးက အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။
- ၂၀၂၃ ခုနှစ် ဧပြီလပထမပတ်တွင် ဖမ်းဆီးရန်ကျန်တရားခံ **Jame** က ရွှေကောက်ပွဲကော်မရှင် ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးစိုင်းကျော်သူနှင့် ပတ်သက်သည့် အချက်အလက်များနှင့် ဓာတ်ပုံများကို ပေးပို့ခဲ့ပြီး လုပ်ကြံသတ်ဖြတ်ရန် စေခိုင်းခဲ့ကြောင်း၊ သို့ဖြစ်၍ **စင်မျိုးဦး(စ) Flash(စ)သားငယ်**နှင့် **နိုးသူ (စ)Red (စ)ကောင်းဝေ**တို့က ဦးစိုင်းကျော်သူကို ပစ္စတိုဖြင့် လုပ်ကြံသတ်ဖြတ်ရန်၊ **မင်းဆက် (စ)အောင်သူဟန်**နှင့် ဖမ်းဆီးရန်ကျန် တရားခံ **ဘိုမက်**တို့က အခြေအနေစောင့်ကြည့်ပေးရန် တာဝန်ခွဲဝေခဲ့ပြီး ဦးစိုင်းကျော်သူ ရန်ကုန်မြို့သို့ လာရောက်ချိန်တွင် သွားလာတတ်သည့်နေရာများ၊ ဦးစိုင်းကျော်သူ၏ဇနီး အလုပ်လုပ်သည့် “အောင်ရတနာ” အထူးကုဆေးရုံဝန်းကျင်ရှိ ဝင်လမ်း၊ ထွက်လမ်းနေရာများ အချိန်ယူ၍ ကြိုတင်အခြေအနေ ကြည့်ရှုခဲ့ကြောင်း၊ ဧပြီ ၂၂ ရက်တွင် ဦးစိုင်းကျော်သူသည် “အောင်ရတနာ” အထူးကုဆေးရုံမှ မော်တော်ယာဉ်ဖြင့် ထွက်ခွာလာစဉ် သယ်န်းကျွန်းမြို့နယ် (၁၆/၂)ရပ်ကွက် ဝေဇယန္တာလမ်းပေါ်၌ **စင်မျိုးဦး (စ)Flash (စ)သားငယ်**နှင့် **နိုးသူ (စ)Red (စ)ကောင်းဝေ** တို့က ပစ္စတိုနှစ်လက်ဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **မင်းဆက် (စ)အောင်သူဟန်**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **ဘိုမက်**တို့က အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ထို့ပြင် ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် YRF အမည်ခံ အကြမ်းဖက်အဖွဲ့ခေါင်းဆောင် **ဥက္ကာလင်းယံ**နှင့် **Jame** တို့၏ခိုင်းစေမှုဖြင့် ရန်ကုန်မြို့အတွင်း ပစ်ခတ်တိုက်ခိုက်မှု သုံးကြိမ်နှင့် မိုင်းထောင်ဖောက်ခွဲမှု သုံးကြိမ် ဆောင်ရွက်ခဲ့ကြောင်း-

- ၂၀၂၂ ခုနှစ် မေ ၂၈ ရက်တွင် **စင်မျိုးဦး (စ)Flash (စ)သားငယ်**သည် ဖမ်းဆီးရန်ကျန်တရားခံ **ဥက္ကာလင်းယံ**၏ စေခိုင်းမှုဖြင့် ရွှေပြည်သာမြို့နယ် အမှတ် (၁၄)ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံးအား ပစ္စတိုဖြင့် သွားရောက်ပစ်ခတ်ခဲ့ရာတွင် အပြစ်မဲ့ပြည်သူများဖြစ်သည့် ဦးဝင်းလှိုင် သေဆုံးခဲ့ပြီး ဦးဝင်းညွန့်နှင့် ဦးသန်းထွန်းတို့ (စိုးရိမ်ရ) ဒဏ်ရာများ ရရှိခဲ့ကြောင်း။
- ဩဂုတ် ၃ ရက်တွင် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **ဓားဟင်နရီထူး (စ)အောင်လ၊ ဘိုမက်**နှင့် **ကျားကြီး**တို့ သုံးဦးသည် ဖမ်းဆီးရန်ကျန်တရားခံ **ဥက္ကာလင်းယံ**၏ စေခိုင်းမှုဖြင့် ကွမ်းခြံကုန်းမြို့နယ် တော်လန်းရဲကင်းစခန်းကို ပစ္စတိုနှစ်လက်ဖြင့် သွားရောက်ပစ်ခတ်ရာတွင် **ငြိမ်းမောင်(စ)ငြိမ်းချမ်းအောင်**က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။
- ၂၀၂၁ ခုနှစ် ဩဂုတ်လ စတုတ္ထပတ်တွင် **စင်မျိုးဦး (စ)Flash (စ)သားငယ်**သည် ဖမ်းဆီးရန်ကျန်တရားခံ **ဥက္ကာလင်းယံ**၏စေခိုင်းမှုဖြင့် လှိုင်မြို့နယ်ရှိယာဉ်ထိန်းရုံးအား လက်လုပ်မိုင်းတစ်လုံးဖြင့် သွားရောက်ပစ်ခတ် ဖောက်ခွဲခဲ့ကြောင်း။
- ၂၀၂၂ ခုနှစ် မတ်လတွင် **စင်မျိုးဦး (စ)Flash (စ)သားငယ်**သည် ဖမ်းဆီးရန်ကျန်တရားခံ **ဥက္ကာလင်းယံ**၏စေခိုင်းမှုဖြင့် မြောက်ဥက္ကလာပမြို့နယ် (ယ)ရပ်ကွက် မေဓာဝီလမ်း “လကမ္ဘာ” ဆေးခန်းအနီးရှိ “ဘဘကြီး” စားသောက်ဆိုင်အား လက်လုပ်မိုင်းတစ်လုံးဖြင့် သွားရောက်ပစ်ခတ် ဖောက်ခွဲခဲ့ကြောင်း။
- ဧပြီ ၁၄ ရက်တွင် **စင်မျိုးဦး (စ)Flash (စ)သားငယ်**သည် ဖမ်းဆီးရန်ကျန်တရားခံ **ဥက္ကာလင်းယံ**၏စေခိုင်းမှုဖြင့် မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးကို ပစ္စတိုဖြင့် သွားရောက်ပစ်ခတ်ခဲ့ရာ အပြစ်မဲ့ပြည်သူ ဒေါ်ကြည်ခိုင်ဝင်း သေဆုံးခဲ့ကြောင်း။
- ဧပြီ ၁၆ ရက်တွင် **စင်မျိုးဦး (စ)Flash (စ)သားငယ်**သည် ဖမ်းဆီးရန်ကျန်တရားခံ **ဥက္ကာလင်းယံ**၏ စေခိုင်းမှုဖြင့် မြောက်ဥက္ကလာပမြို့နယ် မြရတနာလမ်းမှ မောင်းနှင်လာသည့် လုံခြုံရေးယာဉ်တစ်စီးကို လက်လုပ်မိုင်းတစ်လုံးဖြင့် သွားရောက်ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အထက်ပါ ဖမ်းဆီးရမိတရားခံများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာ လျို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၃)
## (၂၀၂၃ ခုနှစ် မေလ ၉ ရက်)
## လျှောက်လွှာခေါ်ယူခြင်း

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက် လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၃ ခုနှစ် မတ်လ(၃၁)ရက်နေ့တွင် အသက်(၂၈)နှစ်မကျော်လွန်စေရ၊ အိမ်ထောင်မရှိဖူးသူ လူပျို/အပျိုဖြစ်ရမည်။

(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။ လိုအပ်ပါက စစ်သည်/စစ်သမီးအဖြစ်တာဝန်ထမ်းဆောင်နိုင်ရမည်။

(င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

(ဃ) ရတနာပုံသတင်းစာတိုက်

၄။ လျှောက်လွှာများကို ၁၀-၅-၂၀၂၃ ရက်မှ ၂၄-၅-၂၀၂၃ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၃ ခုနှစ် မေလ ၂၅ ရက်နှင့် ၂၆ ရက်တို့၌ ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| နေပြည်တော် | ဖုန်း - ၀၉-၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉-၂၅၀၀၀၀၈၅၄၊ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း - ၀၉-၄၂၅၃၅၃၃၉၇၊ ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း - ၀၉-၆၈၃၂၅၉၇၇၄၊ ၀၉-၄၀၁၆၀၅၀၇၁ |

# MAI လေကြောင်းလိုင်းက ရန်ကုန်-ဗန်ကောက်-မန္တလေး-ဗန်ကောက်-ရန်ကုန် ခရီးစဉ်သစ်ကို ဇွန် ၁၅ ရက်မှ စတင်ပျံသန်းပြေးဆွဲပေးသွားမည်



**ရန်ကုန် မေ ၂၀**

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်း (MAI) က ရန်ကုန်- ဗန်ကောက်- မန္တလေး- ဗန်ကောက်-ရန်ကုန်ခရီးစဉ်သစ်ကို ဇွန် ၁၅ ရက်မှ စတင်ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်း၏ မေ ၁၉ရက် သတင်းများအရ သိရသည်။

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်း (MAI) အနေဖြင့် ဗန်ကောက်၊ စင်ကာပူ၊ ကွာလာလမ်ပူ၊ ကွမ်ကျိုးနှင့် ဂယာမြို့တို့သို့ AirbusA320 (လူဦးရေ ၁၈၀ ဆံ့)၊ Airbus A 319 (လူဦးရေ ၁၂၀ ဆံ့) လေယာဉ်များဖြင့် ပြည်ပခရီးစဉ်များကို ပုံမှန်ပျံသန်းပေးလျက်ရှိရာ လာမည့် ဇွန် ၁၅ ရက်မှစတင်၍ ရန်ကုန်၊ မန္တလေးမှ ထိုင်းနိုင်ငံ ဗန်ကောက်သို့ ခရီးစဉ်သစ်တစ်ခုကို ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါခရီးစဉ်တွင် ရန်ကုန်၊ မန္တလေးမြို့တို့နှင့် ထိုင်းနိုင်ငံ ဗန်ကောက် ဒွန်မောင်း (Don-Mucang) လေဆိပ်သို့ ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ပြီး ရန်ကုန်- ဗန်ကောက်- မန္တလေး-ဗန်ကောက်-ရန်ကုန်ခရီးစဉ်အဖြစ် ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါခရီးစဉ်ကို ဇွန် ၁၅ ရက်မှစတင်၍ အပတ်စဉ် တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနှင့် စနေနေ့တိုင်း တစ်ပတ်လျှင် ၄ါးရက် ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ ပျံသန်းပြေးဆွဲပေးရာတွင် ရန်ကုန်မြို့မှ နံနက် ၉ နာရီ မိနစ် ၄၀ တွင် စတင်ထွက်ခွာကာ ဗန်ကောက်ဒွန်မောင်းလေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၃၀ တွင် ဆိုက်ရောက်မည်ဖြစ်ပြီး ဒွန်မောင်းလေဆိပ်မှ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် ပြန်လည်ထွက်ခွာကာ မန္တလေးမြို့သို့ မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း၊ မန္တလေးမြို့မှ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် ပြန်လည်ထွက်ခွာကာ ဗန်ကောက်ဒွန်မောင်းလေဆိပ်သို့ ဒေသစံတော်ချိန် ညနေ ၅ နာရီ ၁၀ မိနစ်တွင် ပြန်လည်ဆိုက်ရောက်မည်ဖြစ်ကြောင်း၊ ဗန်ကောက်ဒွန်မောင်းလေဆိပ်မှ ဒေသစံတော်ချိန် ည ၆ နာရီ ၁၀ မိနစ်တွင် ပြန်လည်ထွက်ခွာက ရန်ကုန်မြို့သို့ ည ၇ နာရီတွင် ပြန်လည်ဆိုက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်း(MAI)သည် ၁၉၉၃ ခုနှစ်မှစ၍ ပြည်ပခရီးစဉ်များကို ပျံသန်းပြေးဆွဲပေးလျက်ရှိရာ ယခုအခါ စင်းလုံးငှားခရီးစဉ် (Charter Flight)များကိုလည်း ငှားရမ်းဆောင်ရွက်ပေးနေသဖြင့် သွားလိုသည့် ပြည်ပနိုင်ငံများအတွက် အချိန်မရွေး ဆက်သွယ်ငှားရမ်းနိုင်ကြောင်း သိရသည်။

(၃၃၆)

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျသုခနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm







## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းမြို့၊ မိုးဇာရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၅)၊ အကွက်အမည် ပုံရှားစုကွင်း၊ ဦးပိုင်အမှတ် (၂/ခ)၊ ဧရိယာ (၀.၄၅၀)ဧက ရှိသည့်အနက်မှ ဧရိယာ (၀.၁၆၃)ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည်-

(က) အရှေ့လားသော် - ၂/ခ ကျန်မြေ
(ခ) အနောက်လားသော် - လမ်း
(ဂ) တောင်လားသော် - ၂/က
(ဃ) မြောက်လားသော် - ၂/ခ ကျန်မြေ

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဦးခွန်ဘုစိန်း** မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၃ခုနှစ်၊ နွန်လ၊ (၁၅)ရက်နေ့** မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ စစ်ကိုင်းမြို့။**

## ဝန်ထမ်းအလိုရှိသည်

မန္တလေးမြို့၊ အောင်ပင်လယ်တွင် လုပ်ရမည်။

1. အိမ်အကူ၊ခြံသန့်ရှင်းရေး လင်မယားအတွဲ (၁)တွဲ
2. အိမ်အကူ မိန်းကလေး (၁)ဦး
3. ခြံသန့်ရှင်းရေး ယောကျာ်းလေး (၁)ဦး

အမှတ်စဉ် (1,2,3)အားလုံး အသက် (30 မှ 45 နှစ်ကြား) ဖြစ်ရမည်။

ဆက်သွယ်ရန်ဖုန်း 09-797780219,09-776960223

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ အကွက်-၇၁၅၊ ဦးပိုင် (၁၂-က)၊ အိမ်အမှတ်-၈၀၊ လမ်း-၃၀၊ ၇၃×၇၄ ကြားနေထိုင်သော ဒေါ်မမ ၏တယ်လီဖုန်းအမှတ် 02-4022315 ၏ စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါ၍ မြန်မာ့ဆက်သွယ်ရေးရုံးတွင် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မမ (၉/မရမ(နိုင်)၀၂၉၂၃၃)**
**အမှတ်-၈၀၊ဦးပိုင်(၁၂-က)၊ လမ်း-၃၀၊၇၃× ၇၄ကြား**
**စိတ္တရမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

သစ်ပင်
ခိုက်မှ
အရိပ်ရ၏
ရိပ်ခို
နားနေ
အပန်းပြေ၏

## အမည်ပြောင်း

မန္တလေး အမရပူရမြို့၊ အခြေခံပညာမူလတန်းလွန်ကျောင်း၊ ၂၀၂၂-၂၀၂၃ပညာသင်နှစ်၊ Grade-1 (အောင်)မှ ဦးဇော်မျိုးဦး(၁၂/ဒပန(နိုင်)၀၆၀၂၆၂)+ဒေါ်မိုးသန္တာအောင်(၉/အမရ(နိုင်)၁၁၈၃၆၂)တို့၏သား မောင်ရှိုင်းသူရအောင်အား မောင်ရဲရင့်ထက် ဟု အမည်ပြောင်းလဲ ခေါ်ဆိုပါရန်။

**မောင်ရဲရင့်ထက်**

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ရေတ်သီး၊ ရေတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



## ခြင်ဆေးခွေ သုံးလျှင် သတိယှဉ်
## အောက်တွင် ခံခွက် မမေ့နှင့်

ရည်ရွယ်

❖ ကျွန်တော်တို့ ညီညွတ်ရင်၊ ကြိုးစားရင် ကျွန်တော်တို့နိုင်ငံဟာ ဒေသတွင်းမှသည် ကမ္ဘာ့ထိပ်တန်းနိုင်ငံအထိ မလွဲကေန်ရောက်ရှိမှာဖြစ်ပါတယ်။ ၇၅ နှစ်တာကာလအတွင်း အခက်အခဲပေါင်းများစွာကို ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားနိုင်ခဲ့မှုအတွက် ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူများအားလုံးကို ချီးကျူးဂုဏ်ပြုပါကြောင်း ပြောကြားလိုပါတယ်။ ၇၅ နှစ်မှသည် နှစ် ရာ၊ ထောင်မက ကမ္ဘာတည်သရွေ့ နိုင်ငံတော်ကြီးဝင့်ကြွားစွာ ထာဝရတည်တံ့နေဖို့ ကျွန်တော်တို့အားလုံး နိုင်ငံချစ်စိတ်၊ မြန်မာစိတ်နဲ့ ကြိုးစားလုပ်ဆောင်သွားကြဖို့ တိုက်တွန်းလိုပါတယ်။

"ကမ္ဘာတည်သရွေ့ မြန်မာတည်ရှိရပါမယ်"

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ရက် (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်**

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားစာဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်၍ သဘာဝဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးပြုလုပ်





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်၍ သဘာဝဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးပြုလုပ်စဉ်။**

**နေပြည်တော် မေ ၂၀**

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) "မိုခါ"(MOCHA) ဝင်ရောက်မှုကြောင့် သဘာဝဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည် ထူထောင်ရေးလုပ်ငန်းများပိုမိုထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်၍ ကာကွယ်ရေးဦးစီး ချုပ်ရုံး စုဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးခင်မောင်ရီ၊ ဦးမင်းနောင်နှင့် ဦးမျိုးသန့်၊

**စာမျက်နှာ ၂၂ ကော်လံ ၁ ☆**

